လယ်ယာ စီးပွား သတင်း
The Agri-Business News

**မျှော်မှန်းချက် (Vision)**

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် | ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ | (27-3-2019) အမှတ် (၇၅၁)

www.moai.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြောက်နဝင်းရေလှောင်တမံနှင့် ဆည်မြောင်းလုပ်ငန်းများ ကြည့်ရှု စစ်ဆေး

## မြောက်နဝင်းရေလှောင်တမံ ကြံ့ခိုင်မှု၊ ဆည်ရေသိုလှောင်ထားရှိမှု၊ စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများနှင့် ဆည်ရေသောက်အတွင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော နွေသီးနှံစိုက်ခင်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၁၀

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၈ ရက်ညနေပိုင်းက မြောက်နဝင်းရေလှောင်တမံသို့ ရောက်ရှိကြပြီး တမံကြံ့ခိုင်မှု၊ ဆည်ရေသိုလှောင်ထားရှိမှု၊ စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများနှင့် မြောက်နဝင်း ဆည်ရေသောက်အတွင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော နွေသီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။ (ပုံ)

မြောက်နဝင်းရေလှောင်တမံသည် ပြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအနီးရှိ မြောက်နဝင်းချောင်းပေါ်တွင် တည်ရှိသည်။ တမံအလျား ၅၃၀၀ ပေ၊ တမံအမြင့် ၁၁၅ ပေရှိ မြေသားတမံအမျိုးအစားဖြစ်ကာ ကန်ရေပြည့်ရေလှောင်ပမာဏ ၂၉၁၀၀၀ ဧကပေသိုလှောင်နိုင်ပြီး စိုက်ပျိုးမြေ ၅၃၁၆၈ ဧကကို အပြည့်အဝပေးဝေနိုင်ရေးအတွက် ရေသောက်စနစ်များ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်မြေကုမ္ပဏီလီမိတက်၏ တစ်ကွင်းတစ်ဆက်တည်း ဧက ၄၈၀၀ ပေါ်တွင် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းရောင်းချသည်အထိ စက်စွမ်းအားအပြည့်အဝ အသုံးပြုဆောင်ရွက်နေသည့် mechanized farming စနစ်ဖြင့် ကြံ၊ ပြောင်းနှင့်ပဲတီစိမ်းသီးနှံစိုက်ပျိုးထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် အဆင့်မြင့်နည်းပညာအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်အားပေးနေသကဲ့သို့ နည်းပညာနှင့်အကူအညီများကို ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်မြို့နယ် ဇီးအုပ်စိုက်ပျိုးပညာပေးရေးစခန်းတွင် ဒေသနေတောင်သူများ မျိုးစေ့ထုတ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများအတွက် တိုးရေးသာမက တောင်သူများ အသိပညာ နည်းပညာ တိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိရာ ဒေသအသီးသီးရှိ စိုက်ပျိုးအသိပညာပေးစင်တာများတွင် သက်ဆိုင်ရာ စိုက်ပျိုးရေးပညာရှင်များက နည်းပညာဗဟုသုတများ ဟောပြောဆွေးနွေးပေးနေကြသည့် နည်းတူ တောင်သူတစ်ဦးချင်း၏ စိုက်ကွင်းအတွင်း ကြုံတွေ့နေရသောပြဿနာများနှင့် ပတ်သက်၍ သိရှိလိုသည်များကိုလည်း ဖြေကြားပေးနိုင်ရန်အတွက် စိုက်ပျိုးရေး Call Center ကို ဖွင့်လှစ်ပြီး ဝန်ဆောင်မှု ပေးလျက် ရှိပါကြောင်း၊ စိုက်ပျိုးမြေ

---

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ နွေသီးနှံအတွက် စိုက်ပျိုးရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

---

အသုံးချမှုများနှင့်စိုက်ပျိုးရေခွဲဝေအသုံးပြုမှုများတွင် တောင်သူအချင်းချင်း စုစည်းညီညွတ်စွာဆောင်ရွက်နိုင်ကြမှသာ မလိုလားအပ်သောအခက်အခဲပြဿနာများကို ရှောင်လွှဲနိုင်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများ လုပ်သာကိုင်သာရှိစေရေးအတွက် သက်ဆိုင်ရာဥပဒေနည်းဥပဒေများကို ခေတ်စနစ်နှင့်လျော်ညီစွာ ပြုပြင်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ရာ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် တာဝန်ရှိသူများသည် မတ် ၉ ရက် နံနက်ပိုင်းတွင် ပေါင်းတည်မြို့နယ်ရှိ ဝဲကြီးရေလှောင်တမံနှင့် နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံများသို့ ရောက်ရှိကြကာ တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ နွေသီးနှံအတွက် စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေသောက်မြောင်းစီမံခန့်ခွဲမှု တောင်သူအစုအဖွဲ့ water user များနှင့် ရင်းနှီးစွာတွေ့ဆုံ၍ ဆည်ရေသောက်စနစ်ဆိုင်ရာများ၊ ရာသီအလိုက် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများမေးမြန်းဆွေးနွေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဝဲကြီးရေလှောင်တမံသည် ကန်ရေပြည့်ရေလှောင်ပမာဏဧကပေ ၂၅၂၀၀၀ သိုလှောင်နိုင်ပြီး စိုက်ပျိုးမြေ စိစစ်ပြီး ဧကသုံးသောင်းသုံးထောင်ကျော်ကို အကျိုးပြုလျက်ရှိသည်။

တောင်ညိုရေလှောင်တမံသည် ကန်ရေပြည့်ရေလှောင်ပမာဏဧကပေ ၂၁၀၀၀၀ သိုလှောင်နိုင်ပြီး စိုက်ပျိုးမြေ စိစစ်ပြီး ဧကသုံးသောင်းနှစ်ထောင်ကျော်ကို အကျိုးပြုလျက်ရှိသည်။ အဆိုပါဆည်များ၏ ရေသောက်စနစ်များကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ချေးငွေဖြင့်

စာ - ၂ သို့





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြူးချောင်းရေလှောင်တမံကြံ့ခိုင်မှု၊ ဆည်ရေသိုလှောင်ထားမှုများ စစ်ဆေး

နေပြည်တော် မတ် ၁၁

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်း အတွင်းဝန် ဦးကျော်မင်းဦးနှင့်တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ဖြူးချောင်းရေလှောင်တမံသို့ ရောက်ရှိကြပြီး တမံကြံ့ခိုင်မှု၊ ဆည်ရေသိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် ရေဝင်ရေထွက်အခြေအနေများကိုလည်းကောင်း၊ ပြီးခဲ့သည့် မိုးရာသီကာလတွင် ရေပိုလွှဲမှ ရေကျော်ခဲ့သည့်အခြေအနေနှင့် အကူရေပိုလွှဲတည်ဆောက်မည့်နေရာ ရွေးချယ်ထားမှုများကိုလည်းကောင်း၊ လက်ရှိစိုက်ပျိုးရေပေးဝေနေမှုနှင့် ဘဏ္ဍာနှစ်အလိုက် ရေသောက်စနစ်များ ဆက်လက်တည်ဆောက်ခြင်း လုပ်ငန်းအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ (ပုံ)

စာ - ၂ သို့

**ရှေ့ဖုံး– ပြည်ထောင်စုဝန်ကြီး မှ**

အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ယခုနှစ်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ပြီး ရေသောက်မြောင်းများကို တောင်သူများကိုယ်တိုင် တာဝန်ယူထိန်းသိမ်းအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးပြီးဖြစ်သဖြင့် စိုက်ပျိုးရေကို ပိုမိုအကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ခြင်း၊ ရေသောက်မြောင်းများရေရှည်အသုံးပြုနိုင်ခြင်းများအပြင် တောင်သူအချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် စိုက်ပျိုးရေမျှဝေသုံးစွဲသည့် အလေ့အကျင့်ကောင်းများဖြစ်ထွန်းစေခြင်းစသည့် အကျိုးကျေးဇူးများ ဖော်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာယာဝတီမြို့နယ်၊ ချောင်းသုံးခွကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ရွှေဝါရောင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သော မျိုးစေ့ထုတ်စိုက်ကွင်းကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက တောင်သူများ၊ ပုဂ္ဂလိကမျိုးစေ့ထုတ် လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေးကဏ္ဍတွင် မျိုးကောင်းမျိုးသန့်သုံးစွဲမှု တိုးတက်ရေး၊ ဒေသအလိုက် မျိုးစေ့ဖူလုံရေးအတွက် အားလုံးပါဝင်သော မျိုးစေ့ထုတ်လုပ်ငန်းထူထောင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

**MOALI ပြန်ကြားရေး**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ သာယာဝတီမြို့နယ် ချောင်းသုံးခွကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ရွှေဝါရောင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သော မျိုးစေ့ထုတ်စိုက်ကွင်းကို ကြည့်ရှုအားပေးစဉ်။

# ဇီဝလုံခြုံမှု မူဝါဒ၊ မူဘောင်၊ လမ်းညွှန်ချက်များ အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်တွင် ကျင်းပ မြန်မာနိုင်ငံအမျိုးသားဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်နှင့်အမျိုးသားဇီဝလုံခြုံမှုဆိုင်ရာ ဥပဒေမူကြမ်းစိစစ်ပြင်ဆင်ရေးဆွဲရေးအဖွဲ့ နှင့် ဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်နှင့် ဥပဒေရေးဆွဲပြုစုရေး ပူးပေါင်းညှိနှိုင်းရေးကော်မတီ ဖွဲ့စည်း





**နေပြည်တော် မတ် ၁၁**

**တား** **နပ်ရိက္ခာဖူလုံရေးအပါအင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာရပ်များ၏ အရေးပါမှုကို အလေးထားဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကမ္ဘာ့နိုင်ငံများနည်းတူ ဇီဝနည်းပညာရပ်များအား အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် ဇီဝလုံခြုံမှုဆိုင်ရာ စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းထိန်းကျောင်းပေးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ Grand Amara Hotel၌ ကျင်းပသည့် ဇီဝလုံခြုံမှုမူဝါဒ၊ မူဘောင်၊ လမ်းညွှန်ချက်များ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။** (ပုံ)

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် ရေးရာကော်မတီများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ United States Department of Agriculture (USDA) နှင့် International Service for the Acquisition of Agri-Biotech Application (ISAAA) တို့မှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (United Nations Convention on Biological Diversity) အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲစာချုပ်ဖြစ်သော (Cartagena Protocol on Biosafety) ကာတာဂျီးနားအရအဖွဲ့ဝင်ဖြစ်သည့် မိမိတို့နိုင်ငံတွင် အမျိုးသားအဆင့် ဇီဝလုံခြုံမှုဆိုင်ရာမူဘောင်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများတွင် အသုံးပြုမည့် ဗီဇပြုပြင်သက်ရှိနှင့် အပင်များကို ကိုင်တွယ်ခြင်း၊ သယ်ဆောင်ခြင်းများတွင် ဘေးကင်းလုံခြုံမှုရှိစေရန်၊ ဇီဝပြုပြင်သက်ရှိများ၊ အပင်များနှင့် ဆက်နွယ်နေသည့် သုတေသနလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဇီဝပြုပြင်သက်ရှိနှင့်အပင်များအား သုတေသနပြုလုပ်ခြင်း၊ အကဲစစ်ဆေးခြင်းနှင့် အဆုံးအဖြတ်ပေးခြင်းတို့ ပါဝင်သည့် ဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်ကို အထောက်အကူပြုနိုင်ရန် မျှော်မှန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဇီဝလုံခြုံမှုမူဝါဒ၊ မူဘောင်၊ လမ်းညွှန်ချက်များအလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ United States Department of Agriculture (USDA) နှင့် International Service for the Acquisition of Agri-Biotech Application (ISAAA) တို့မှ တာဝန်ရှိသူများက မတ် ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ ဆွေးနွေးကြသည်။

လက်ရှိအချိန်တွင် အိမ်နီးချင်းနိုင်ငံအချို့နှင့် ကမ္ဘာ့နိုင်ငံအချို့တို့တွင် ဗီဇပြုပြင်ထားသည့်မျိုးစေ့၊ စားသောက်ကုန်နှင့် ဗီဇပြုပြင်ထားသောထွက်ကုန်များအား လက်ခံအသုံးပြုနေမှုများရှိနေသကဲ့သို့ မြန်မာနိုင်ငံတွင် ဗီဇပြုပြင်ထားသည့် ဝါသီးနှံမျိုး BT Cotton ကို ၁၉၉၆ ခုနှစ်မှစတင်၍ စိုက်ပျိုးလျက်ရှိနေပြီး အခြားဗီဇပြုပြင်ထားသော ထွက်ကုန်များ ဝင်ရောက်နိုင်ကြောင်း၊ တစ်ဖက်တွင်လည်း Biosafety Framework and Guideline များကို ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသဖြင့် ဗီဇပြုပြင်ထားသော ထွက်ကုန်များကို စနစ်တကျစီမံခန့်ခွဲမှု မရှိခြင်း၊ သုတေသနဆောင်ရွက်နိုင်မှု မရှိခြင်းစသည့် စိန်ခေါ်မှုများစွာရှိနေကြောင်း စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက ပြောကြားသည်။

ရေးဆွဲသည့် Biosafety Framework နှင့် Guideline တို့သည် နိုင်ငံတကာစံနှုန်းကိုက်ညီရန် လိုအပ်သကဲ့သို့ ကျင့်ဝတ်၊ နိုင်ငံတကာအလေ့အကျင့်ကောင်းများနှင့်ကိုက်ညီရန်၊ ကုန်သွယ်မှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစသည့် အမျိုးသားအကျိုးစီးပွားကို မထိခိုက်ရန် အလေးထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

"ဇီဝလုံခြုံမှု မူဝါဒ၊ မူဘောင်၊ လမ်းညွှန်ချက်များကိုပြဋ္ဌာန်းပြီး စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းတဲ့ အစားအစာများရရှိရေး၊ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ထိခိုက်မှုမရှိစေရေးတို့အတွက် ခေတ်မီဇီဝနည်းပညာအား ပွင့်လင်းမြင်သာစွာ အကျိုးရှိရှိအသုံးပြုနိုင်မှာ ဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာမူဘောင်နှင့် ဥပဒေမူကြမ်းများ ပြင်ဆင်နိုင်ရန် "မြန်မာနိုင်ငံအမျိုးသားဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်နှင့် အမျိုးသားဇီဝလုံခြုံမှုဆိုင်ရာ ဥပဒေမူကြမ်းစိစစ်ပြင်ဆင်ရေးဆွဲရေးအဖွဲ့"နှင့် "ဇီဝလုံခြုံမှုဆိုင်ရာမူဘောင်နှင့် ဥပဒေရေးဆွဲပြုစုရေးပူးပေါင်းညှိနှိုင်းရေးကော်မတီ"တို့ကို ဖွဲ့စည်းခဲ့ပြီး တတိယမူကြမ်းကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

**ရှေ့ဖုံး – ပြည်ထောင်စုဝန်ကြီး မှ**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ လယ်ယာကဏ္ဍအတွက် အဓိကအရင်းအမြစ်တစ်ခုဖြစ်သည့် စိုက်ပျိုးရေရရှိရေးကို ဖြည့်ဆည်းပေးလျက်ရှိသော ဆည်တမံကြီးများ ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရန်နှင့် ငလျင်ကြီးများ အပါအဝင် မမျှော်မှန်းနိုင်သော သဘာဝဘေးများကြုံတွေ့လာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ကြိုတင်လေ့လာသုံးသပ်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရန် သက်ဆိုင်ရာပညာရှင်များ၏ သုံးသပ်ချက်များ အကြံပြုချက်များဖြင့်ပေါင်းစပ်ပြီး စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တမံကြီးများ၏ မူလမျှော်မှန်းဆည်ရေသောက်ဧရိယာပြည့် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် လိုအပ်သော ရေသောက်စနစ်တည်ဆောက်မှုများကို ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေအပေါ် အကျိုးရှိထိရောက်စွာ အကောင်အထည်ဖော်ကြိုးပမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံသည် တမံအလျား ၁၀၂၀ ပေ၊ တမံအမြင့် ၂၄၅ ပေရှိ ဇုန်အမျိုးအစားကျောက်ဖြည့်တမံ အမျိုးအစားဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ၆၃၂၅၃၀ ဧကပေရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၆၆၈၃၆၀ ဧကပေရှိကာ ရေအားလျှပ်စစ် ၂၀ မဂ္ဂါဝပ် နှစ်လုံးလည်ပတ်ပေးခြင်းနှင့်အတူ ဒေသစိုက်ပျိုးရေရရှိရေး အကျိုးပြုလျက်ရှိသည်။

ဖြူးချောင်းရေလှောင်တမံ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၂–၂၀၁၃ မှစတင်၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့ရာ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အထိ ၁၈ ဒသမ ၆၂ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး ဧက ၄၈၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း၊ ရာနှုန်းပြည့် ပြီးစီးပါက စိုက်ပျိုးမြေဧက ၉၀၀၀၀ (ဧကကိုးသောင်း)ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ၄ ဒသမ ၃၈ ရာခိုင်နှုန်းပြီးစီးပါက ရေသောက် ဧက ၂၀၀၀ ထပ်မံပေးဝေနိုင်မည်ဖြစ်သကဲ့သို့ လာမည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ရေသောက်စနစ်၏ ၂၇ ရာခိုင်နှုန်းကို ထပ်မံဆောင်ရွက်ပြီးပါက ရေသောက် ဧက ၂၄၀၀၀ ကို တိုးချဲ့ပေးဝေနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
ဆန်းညွန့် (ရေနံချောင်း)၊
သိန်းဖေ၊ အင်ပင်သန်းဌေးအောင်၊
မော်ကျွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံငယ်၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဉ္ဇာလှိုင် (ဘားအံ)၊

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ဓါတ်ပုံ**
ထက်မြင့်... 

**ဒီဇိုင်း**
စိုးဟန်၊ နွယ်နီ

**ဖလင်၊ ကာလာခွဲ**
မြကျွန်းသာ

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန

**ဆက်သွယ်ရန်**
လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅
Email:agribusinessnews2000@gmail.com

အယ်ဒီတာ့အာဘော်

# မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေး ဘက်ပေါင်းစုံ ကြိုးပမ်း

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဖွံ့ဖြိုးမှုတွင် မျိုးစေ့၏အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိသည်။

လောလောဆယ်တွင် မျိုးစေ့ဖူလုံရေးအတွက် ကြိုးပမ်းနေဆဲမှာပင် အချို့မျိုးစေ့များသည် ပြည်ပကို အားကိုးနေရဆဲဖြစ်သည်။

မြန်မာ့လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့်များကို အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်နိုင်မှသာ တောင်သူများဝင်ငွေတိုးပြီး လယ်ယာကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မျိုးစေ့ဖွံ့ဖြိုးတိုးတက်ရေး လေးနှစ်တာစီမံကိန်းတစ်ခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် နယ်သာလန်နိုင်ငံ Wageningen Centre for Development Innovation Wageningen တို့ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ဇူလိုင်လမှစတင်ကာ အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော်နိုင်ရန်အတွက် နယ်သာလန်နိုင်ငံအစိုးရ၏ ပံ့ပိုးမှုဖြင့် နယ်သာလန်နိုင်ငံ Wageningen နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာရေးထိုးဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များထဲတွင် ခေတ်နှင့်မလျော်ညီတော့သည့် မျိုးစေ့မူဝါဒများ ပြုပြင်ရေးအပိုင်းနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်ပူးပေါင်းကာ မိဘမျိုးရိုးမျိုးစေ့များ ထုတ်လုပ်မှုကို ပူးပေါင်းဆောင်ရွက်ရေးအပိုင်းများလည်း ပါဝင်သည်။

စီမံကိန်းလုပ်ငန်းစဉ်အကောင်အထည်ဖော်မှုများထဲတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် Wageningen တက္ကသိုလ်တို့ပူးပေါင်းပြီး စီမံကိန်းတာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးခြောက်မြို့နယ်တွင် တောင်သူများနှင့်ပူးပေါင်းကာ မျိုးစေ့ထုတ်လုပ်ငန်းများ လုပ်ကိုင်နေကြပြီဖြစ်သည်။

ထိုသို့ထုတ်လုပ်နိုင်ရန် မြို့နယ်ပေါင်းခြောက်ခုတွင် အဖွဲ့များဖွဲ့ကာ ဆောင်ရွက်နေပြီဟု သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ချောင်းဦး၊ မြင်းမူ၊ မုံရွာနှင့် မန္တလေးဒေသကြီးတွင် ကျောက်ဆည်၊ မတ္တရာနှင့်ပုသိမ်ကြီးတို့တွင် အဓိကသီးနှံရှစ်မျိုး (စပါး၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ မြေပဲ၊ နှမ်းနှင့်နေကြာ)ကို မျိုးထုတ်နေပြီဟု သိရသည်။

လက်ရှိတွင် မျိုးစေ့ကဏ္ဍနှင့်ပတ်သက်၍ အဓိကလိုအပ်နေသည်မှာ မိဘမျိုးရင်းမျိုးစေ့များထုတ်လုပ်သည့်နည်းပညာဖြစ်ရာ ယခုစီမံကိန်းမှယင်းနည်းပညာများကို ကျွမ်းကျင်စွာရရှိလာမည်ဟု မျှော်လင့်ရသည်။

ထိုကဲ့သို့ မိဘမျိုးလိုင်းများကို အောင်မြင်စွာထုတ်လုပ်လာနိုင်ပြီဆိုပါက ပြည်တွင်းမျိုးစေ့ထုတ်လုပ်ငန်းမှ နိုင်ငံခြားငွေယိုဖိတ်မှုကို များစွာပံ့ပိုးကာကွယ်သွားနိုင်တော့မည် ဖြစ်သည်။

ထိုမှတစ်ဆင့်တက်ကာ ပြည်တွင်းမျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည်သာမက မျိုးကောင်းမျိုးသန့်များကို ပိုမိုပွားများထုတ်လုပ်ကာ သီးနှံအရည်အသွေး ကောင်းမွန်ရေးကိုပါ အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

လောလောဆယ်၌ပင် ရှိရင်းစွဲမျိုးစေ့မူဝါဒများထဲမှ ခေတ်နှင့်မလျော်ညီတော့သည့် မူဝါဒအချို့ကို ပြောင်းလဲနိုင်ခဲ့ရာ ယခင်က ဥပဒေအရ သီးနှံတစ်ခုချင်းအလိုက် မှတ်ပုံတင်ခဲ့ရသဖြင့် လုပ်ငန်းပိုမိုများပြားသည့်ပြင် မှတ်ပုံတင်ကြေးလည်း ပိုမိုကုန်ကျခဲ့သည်။ ယခုပြောင်းလဲလိုက်သည့်မူဝါဒအရ လယ်ယာသီးနှံမျိုးစုံအတွက် မှတ်ပုံတင်တစ်ခုပဲ တင်သွင်းရတော့မည်ဖြစ်သဖြင့် အချိန်နှင့်ငွေကုန်ကျမှုသက်သာကာ မျိုးစေ့ထုတ်လုပ်ငန်းများ ပိုမိုသွက်လက်လာတော့မည်ဖြစ်သည်။

ထို့ပြင် မကြာမီက နေပြည်တော်တွင် ကျင်းပခဲ့သည့် ၂၀၁၉ ခုနှစ် မျိုးစေ့ပြပွဲတွင် အထွက်နှုန်းနှင့်အရည်အသွေးမြင့်မားရေးသာမက ရာသီဥတုနှင့်ပိုးမွှား ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ဒေသမျိုးရင်းများ၏အရည်အသွေးထိန်းသိမ်းမြှင့်တင်ပေးရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၏ မှာကြားချက်ကိုပါ လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကာ စီမံကိန်းမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မျိုးစေ့ထုတ်လုပ်ငန်းနှင့် ပါဝင်ပတ်သက်သမျှ လုပ်ငန်းရှင်များ၊ တောင်သူများက အလေးထားကြိုးစားဆောင်ရွက်နိုင်သည်နှင့်အမျှ မြန်မာ့မျိုးစေ့ထုတ်ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါသည်။ ။

## စိုက်ပျိုးရေးရှင်သန်နိုးကြားမှု မြှင့်တင်ခြင်းစီမံကိန်း လယ်ဝေးမြို့နယ်တွင် အကောင်အထည်ဖော်

နေပြည်တော် မတ် ၁၆

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း (Farm Project)တို့ ပူးပေါင်းဆောင်ရွက်သည့် တောင်သူနည်းပညာပေးသင်တန်းများကို မတ် ၈ ရက်နှင့် ၉ ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ် ပျံချီကျေးရွာ KC ရုံးတွင် ကျင်းပသည်။**



အဆိုပါသင်တန်းများသို့ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ မြွေရိုးလေးကျေးရွာ KC ရုံးတွင် မြွေရိုးလေးကျေးရွာ၊ မှန်တောကျေးရွာ၊ ကြောင်ရေကျေးရွာ၊ ဝက်ကမူကျေးရွာ၊ မဒေါ့ပင်ကျေးရွာ၊ သရက်ခုံကျေးရွာနှင့်ရေပြာကျေးရွာတို့မှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အဆိုပါနည်းပညာပေးသင်တန်းများတွင် နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်း သီးနှံပိုးမွှားရောဂါကာကွယ်ရေးနှင့် ဒဏ္ဍိဏာခရိုင် စိုက်ပျိုးရေးဦးစီးဌာနတို့မှ စိုက်ပျိုးရေးပညာရှင်များ ဘာသာရပ်အလိုက် သင်ကြားပို့ချပေးကြသည်။

လယ်ဝေးမြို့နယ် ဇီးကုန်းကျေးရွာ တောင်သူ ဦးသန်းဟန်က "ဒီလိုသင်တန်းတက်ရတဲ့ အတွက် သဘာဝမြေသြဇာထုတ်လုပ်သုံးစွဲနည်းတွေ၊ မျိုးစေ့ထုတ်လုပ် သိုလှောင်စိုက်ပျိုးနည်းတွေ နဲ့သီးနှံပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းတဲ့အခါ လူကိုဘေးအန္တရာယ်မဖြစ်အောင် ပြုလုပ်သုံးစွဲနည်းတွေအပြင် ထုတ်လုပ်လိုက်တဲ့သီးနှံတိုင်းမှာ ပြည်သူတွေ အာဟာရပြည့်ဝစွာ စားသုံးနိုင်ဖို့ အဓိကထားပြီး သင်ကြားခဲ့ရလို့ အကျိုးကျေးဇူးတွေများစွာ ရရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေသမှာ မျိုးစေ့ ထုတ်လုပ်စိုက်ပျိုးနိုင်ဖို့ တောင်သူအစုအဖွဲ့ဖွဲ့ပြီးတော့ ဆွေးနွေးတိုင်ပင်နေကြပါပြီ"ဟု ပြောကြားသည်။

အဆိုပါစီမံကိန်းကို ၂၀၂၀ ပြည့်နှစ်အထိ ခြောက်နှစ်တာဆောင်ရွက်သွားမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးသော လုပ်ကွက်ငယ်တောင်သူများနှင့် မြေယာမဲ့အိမ်ထောင်စုများ၏ ဝင်ငွေတိုးတက်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။ **ကိုပေါက် (ဥက္ကာမြေ)**





## စိုက်ပျိုးရေးဝန်ထမ်းဟောင်းများ မြေပဒေသာကျွန်းတွင် ပြန်လည်တွေ့ဆုံ

**၁၉၇၆ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း (လယ်–စိုက်–ရှင်း) ရန်ကုန်တိုင်းဒေသကြီး မြေပဒေသာကျွန်း ဗဟန်းမြို့နယ်တွင် ရှိခဲ့သော ရန်ကုန်တိုင်းမန်နေဂျာရုံး မြို့နယ်မန်နေဂျာရုံးနှင့် စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေးပြတိုက်တွင် ကျင်းပရာ ဝန်ထမ်းဟောင်း ၆၀ ကျော် တက်ရောက်ကြသည်။**

တွေ့ဆုံပွဲတွင် ဦးထွန်းသန်း (ရန်ကုန်တိုင်းမန်နေဂျာ–ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး –ငြိမ်း) **(ပုံ)**နှင့် ဦးတင်အောင်လင်း (ရန်ကုန်တိုင်းဒုတိယ တိုင်းမန်နေဂျာ – ငြိမ်း) တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် နေ့လယ်စာမိတ်ဆုံစားပွဲနှင့် အမှတ်တရလက်ဆောင်ပစ္စည်းကံစမ်းမဲများ ပေးအပ်ခဲ့ကြကြောင်း၊ ဤသို့ကျင်းပခြင်းသည် စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

ABN

# စိန်တလုံးသရက်ခြံ စီးပွားဖြစ်တည်မည်ဆိုလျှင်

မောင်မြွေဆောင် (တန့်ဆည်)

**အသိတစ်ယောက်၏ ဧက ၅၀ စိန်တလုံးသရက်ခြံသို့ လိုက်ကြည့်ပေးဖို့ဖိတ်ခေါ်သဖြင့် လိုက်သွားခဲ့ပါသည်။ သရက်ခြံမှ အပင်များသည် အပင်သက်အနှစ် ၂၀ ကျော်နေပြီဖြစ်၍ အသီးများလှိုင်လှိုင်သီးနေသဖြင့် စီးပွားဖြစ်ဆွတ်ခူးရောင်းချလျက်ရှိသည်။ သို့သော်လည်း သရက်ပင်များ ပုံသဏ္ဍာန်မမှန်ခြင်း၊ ကြီးထွားမှုမညီခြင်း၊ အကွာအဝေးမမှန်ကန်ခြင်းတို့အပြင် ပို၍ဆိုးသည်မှာ အချို့သရက်ပင်များ စိုက်ပျိုးစဉ်ကတည်းက မျိုးမှားခဲ့သဖြင့် စိန်တလုံးသရက်မဟုတ်သောအပင်များလည်း ကြားညှပ်ပါနေသည်။ သို့အတွက် အစမကောင်းခဲ့သဖြင့် အနှောင်းမသေချာဖြစ်ကာ ထိုက်တန်စွာ အကျိုးမခံစားရဘဲဖြစ်နေသည်။**



**"တစ်သက်တာပျော်လိုလျှင် ဥယျာဉ်ခြံစိုက်ပါ"**ဟု ဆိုရိုးရှိသည်။ သို့သော် ဥယျာဉ်ခြံ တည်ပြီး တစ်သက်တာပျော်ရွှင်နိုင်ရန်မှာ မိမိစိုက်ပျိုးခဲ့သော သီးပင်များ ဗီဇမှန်၊ မျိုးမှန်ဖြစ်ရန်နှင့် ပုံမှန် သီးထွက်ကောင်းနေစေရန် အဓိက သော့ချက်ဖြစ်သည်။ သို့မှသာ ဈေးကွက်တွင် မျက်နှာပန်းလှ၍ အကျိုးအမြတ်ရကာ ပျော်နိုင်မည်ဖြစ်သည်။

နှစ်ရှည်အကျိုးအမြတ်ရမည့် စိန်တလုံး သရက်စီးပွားဖြစ်ခြံတည်မည်ဆိုလျှင် အခြေခံကအစ အထူးသတိပြုရန် လိုသည်။ နှစ်ရှည်သီးပင်ဖြစ်သဖြင့် နောင်အခါ အသီးသီးလာသော်မှ အမှားနှင့်ကြုံကြိုက်ရလျှင် ပြန်ပြင်ရန် ခက်ခဲလှသည်။

နှစ်ရှည်သစ်သီးပင်စိုက်ပျိုးခြင်းသည် **"အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး"** ဆိုသကဲ့သို့ နောင်တွင် အမှားပြင်ရန် အလွန်ခက်ခဲသဖြင့် အနှောင်းတွင်သေချာစေရန်အတွက် အစကတည်းက ကောင်းစွာစီမံထားရန် အထူး လိုအပ်သည်။

မြန်မာ့စိန်တလုံးသရက်သည် အသားနူးညံ့၊ အရသာချိုမွှေး၊ အခွံအရောင်ဝါဝင်းတောက်ပသဖြင့် မြန်မာတို့နှစ်ခြိုက်သည့်အပြင် ပြည်ပဈေးကွက်တွင်လည်း နေရာရလာသော သစ်သီးဖြစ်သည်။ သို့အတွက် မြန်မာ့စိန်တလုံးသရက်ကို တိုးချဲ့စိုက်ပျိုးလာကြသည်။ ထို့ပြင် ထပ်မံတိုးချဲ့စိုက်ပျိုးကြရန်လည်း တာစူနေကြသည့် လုပ်ငန်းရှင်များလည်း ရှိနေသည်။

စိန်တလုံးသရက်ကို စီးပွားဖြစ်ခြံတည် စိုက်ပျိုးလိုသူများသည် စိန်တလုံးသရက်နှင့်သရက်ပင်၏ အကြောင်း ကောင်းစွာသိရှိထားကြရန် လိုသည်။

သရက်မျိုးများသည် ပူနွေးသမရာသီဥတုတွင် စီးပွားဖြစ်စိုက်ပျိုးနိုင်သည်။ တောင်မြောက်လတ္တီတွဒ် ၃၀ ဒီဂရီအတွင်း ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၄၀၀၀ အထိ စိုက်ပျိုးနိုင်သည်။ မိုးရေချိန် တစ်နှစ်ပျမ်းမျှ ၃၀ လက်မ မှ ၁၀၀ လက်မရှိရန် လိုအပ်ပြီး တစ်နှစ်လျှင် ခြောက်သွေ့ကာလအနည်းဆုံးငါးလကျော်ခန့်ရှိသည့်ရာသီဥတုကို ပိုမိုနှစ်ခြိုက်သည်။ အပူချိန် ၂၄ ဒီဂရီမှ ၂၇ ဒီဂရီစင်တီဂရိတ်အတွင်း သီးထွက်ကောင်းကောင်း ပေးစွမ်းနိုင်သည်။

သရက်ပင်၏ထူးခြားချက်မှာ မြေမျက်နှာပြင်အနိမ့်အမြင့်သည် သရက်ပန်းပွင့်ချိန်ကို လွှမ်းမိုးနေခြင်းဖြစ်သည်။ အမြင့်ပေ ၄၀၀၀ မြင့်သွားတိုင်း ပန်းပွင့်ရက် လေးရက်နောက်ကျသည်။ သရက်သည် အီကွေတာနှင့်နီးလေ ပန်းပွင့်ရက်စောလေဖြစ်သည်။ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံတောင်ပိုင်းတို့တွင် မြန်မာနိုင်ငံထက် သရက်ပန်းပွင့်ချိန်စောသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် တနင်္သာရီ၊ မွန်၊ ကရင်ဒေသတို့သည် ဖေဖော်ဝါရီတွင် ပန်းပွင့်သဖြင့် မြန်မာပြည်အလယ်ပိုင်း၊ အထက်ပိုင်းဒေသတို့ထက် စောသည်။

စိန်တလုံးသရက်စီးပွားဖြစ်စိုက်ပျိုးမည်ဆိုလျှင် ရာသီဥတု၊ မြေ၊ မျိုးနှင့်စိုက်ပျိုးနည်းစနစ်တို့သည် အဓိကသတိပြုရမည့်အချက်များဖြစ်သည်။ စိန်တလုံးသရက်စိုက်ပျိုးမည့်မြေသည် မြေဆီသြဇာထက်သန်ပြီး မြေသားထု ၆ပေအနက်ရှိ၍ ရေစီးရေလာကောင်းပြီး ရေမဝပ်သောမြေကို ရွေးချယ်ရန်လိုသည်။ နုန်းမြေနီမြေတွင် အကောင်းဆုံးဖြစ်ထွန်းသည်။ မြေအောက်ရေမျက်နှာပြင် (Water table) ၆ ပေမှ ၈ ပေအထိရှိလျှင် ပိုကောင်းသည်။ မြေအနက် ၆ ပေမှ ၈ ပေတွင် မြေမာလွှာ (Hard Pan) ရှိသောမြေနှင့် ကျောက်လွှာခံနေသောမြေများကို ရှောင်သင့်သည်။ ရွေးချယ်သောမြေနေရာသည် ရေလွယ်၍ လမ်းနှင့်မနီးမဝေးနေရာဖြစ်လျှင် ပိုကောင်းသည်။ မြေချဉ်ငန်ဓာတ် ၅ ဒသမ ၅ မှ ၇ ဒသမ ၅ အတွင်း ကောင်းစွာဖြစ်ထွန်းသည်။

တစ်နှစ်ပတ်လုံး မိုးရွာသွန်းသောဒေသတွင် အသီးမှည့်ပြောက်စွန်းရောဂါကျရောက်နိုင်သဖြင့် နေရာရွေးချယ်ရန်မရှိမှသာ စိုက်ပျိုးသင့်သည်။ ဖေဖော်ဝါရီနှင့်မတ်လတို့တွင် မိုးရွာလေ့ရှိသော ဒေသဖြစ်ပါက ဝတ်မှုန်ကူးမှုထိခိုက်နိုင်ပြီး သီးထွက်ကျစေနိုင်သည်။ ဖြုတ်၊ ပျ၊ မှိုရောဂါကျရောက်နိုင်သည်။ တိမ်ထူသောရက်များတွင် အပူချိန်မြင့်တက်ပြီး အသီးကြွေကျတတ်သဖြင့် သရက်ပန်းပွင့်ချိန်၊ သီးကင်းဝင်ချိန်တွင် ခြောက်သွေ့သော ရာသီဥတုရှိရန် လိုအပ်သည်။



စိန်တလုံးသရက် စီးပွားဖြစ်ခြံတည်စိုက်ပျိုးသူများအတွက် အဓိကအရေးကြီးဆုံးအချက်မှာ **မိမိစိုက်ပျိုးမည့်ဧကနှင့်လုံလောက်သည့် မျိုးပင်ကြိုတင်စုဆောင်းထားခြင်းပင်** ဖြစ်သည်။ မျိုးပင်ကိုရယူရာတွင် ပျိုးပင်အရောင်းဆိုင်များတွင် တင်ရောင်းသော မျိုးပင်များကိုမယူသင့်ပေ။ ဗီဇမျိုးရိုးစစ်မှန်မှုအာမခံချက်မရရှိသောကြောင့်ဖြစ်သည်။ မျိုးရိုးဗီဇမှန်ကန်သော စိန်တလုံးသရက်ခြံကြီးများမှ မျိုးကိုင်ဆက်ပင်ကို သေချာစွာအော်ဒါမှာယူ စုဆောင်းသင့်ပါသည်။ ကိုင်းဆက်မျိုးပင်သည် မိခင်အပင်နှင့် ဗီဇတစ်ထပ်တည်း တူညီခြင်း၊ စောစောသီးပွင့်ခြင်း အကျိုးကျေးဇူး ရရှိနိုင်ပါသည်။ **"ဗီဇမမှန်၊ ပင်မသန်၊ ဖူးတံငုံကင်း၊ အသီးဖျင်း၏"**ဟု အဆိုရှိပြီးဖြစ်ပါသည်။

စိန်တလုံးသရက်မျိုးပင်မှာ နှစ်နှစ်သားခန့်ရှိလျှင် အပင်ရှင်သန်မှုနှုန်းပိုမိုကောင်းမွန်ပါသည်။ စိုက်ပြီး သုံးလေးနှစ်နှင့်ပင်သီးထွက် စတင်ရရှိနိုင်ပါသည်။ ပျိုးပင်အလုံအလောက် စုဆောင်းပြီးသောအခါ မိမိရွေးချယ်ထားသောမြေကို ဖေဖော်ဝါရီ၊ မတ်လတွင် တောခုတ်ခြင်း၊ ကျွန်းခွေခြင်း၊ မီးရှို့ခြင်း၊ မြေသားညှိခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဧပြီ၊ မေတွင် မိမိစိုက်ပျိုးလိုသော အပင်ကြား၊ အတန်းကြား အကွာအဝေးအတိုင်း ပန္နက်များရိုက်ရမည်ဖြစ်သည်။ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း၊ ရေပေးမြောင်းများ ထည့်သွင်းခြင်းများလည်း ဆောင်ရွက်ရန်လိုသည်။ ပန္နက်ရိုက်ထားသောနေရာများတွင် အကျယ် ၃ ပေ၊ အနက် ၃ ပေရှိ စိုက်ကျင်းများတူး၍ ရရှိသောမြေစာများကို ကျင်း၏ဝဲဘက်တွင် စုပုံထားရပါမည်။ ၎င်းနောက် တစ်ကျင်းလျှင် ပုံထားသောမြေစာ သုံးပုံနှစ်ပုံနှင့် သဘာဝမြေဆွေးတစ်တင်း ၁၅း၁၅း၁၅ အချိုးကွန်ပေါင်း မြေသြဇာနို့ဆီတစ်ဘူး၊ ဂျစ်ပဆန်ကျောက်မှုန့် တစ်ပေါင်၊ ဖျူရာဒန်မြေအောင်းပိုးကာကွယ်ဆေးစတီးဇွန်းတစ်ဇွန်းတို့ကို သမအောင် သေချာစွာရောမွှေ၍ မြေကျင်းထဲသို့ထည့်ပြီး နှပ်ထားပါ။ မြေသိပ်သွားစေရန် ခြေဖြင့်ဖွဖွလိုက်နင်းပေးရမည်။ ပြီးလျှင် ရေဝအောင်လောင်းပေးပြီး မြေပြန်ကျသွားလျှင် မြေဆွေးအရောထပ်ထည့်ပြီး ခြေဖြင့်ဖွဖွထပ်မံနင်းပေးရမည်။ မြေမာနေခြင်း၊ မြေပွနေခြင်းမရှိစေရန်အတွက် ဖြစ်ပါသည်။ မစိုက်ပျိုးမီအချိန်အတွင်း စိုက်ကျင်းများကို ရေမှန်မှန်လောင်းပေးပြီး မြေသားသေအောင်နှပ်ထားရန် လိုအပ်သည်။ အထူးသတိပြုရန်မှာ စိုက်ကျင်းတူးကြိုတင်မြေစာဖြည့်နှပ်ခြင်းမပြုလုပ်ဘဲ လုံးဝမစိုက်ပျိုးသင့်ပါ။

စိန်တလုံးသရက်စိုက်ပျိုးမည်ဆိုပါက ပြည်တွင်းဈေးကွက်နှင့်ပြည်ပဈေးကွက်မျှတအောင် ရောင်းချနိုင်ရန် စီမံစိုက်ပျိုးနိုင်မှသာလျှင် စီးပွားရေးတွက်ခြေကိုက်ပါမည်။ ပြည်ပတင်ပို့နိုင်သော အရည်အသွေးမီသရက်သီးများရရှိအောင် စိုက်ပျိုးနည်းစနစ်နှင့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကို ဦးစားပေးစီမံရန်လိုပါသည်။ ပြည်ပပို့ကုန်မှ အရည်အသွေးမမီသော "ရွေးကျသီး" ပထမတန်းများကို ပြည်တွင်း ရောင်းဝယ်ဖောက်ကားမှုအတွက် ဈေးကွက်တင်နိုင်ရန်လည်း မျှော်မှန်းထားရှိရန် လိုအပ်သည်။

စိန်တလုံးသရက်ခြံတည်ထောင် စိုက်ပျိုးမည်ဆိုလျှင် စိုက်ပျိုးသည့်စနစ်၊ ပင်ကြားအကွာအဝေး၊ တန်းကြားအကွာအဝေးသည် မြေအနိမ့်အမြင့်၊ ကွန်တိုအလိုက် လေးကွက်ကြားစနစ်၊ စတုဂံပုံစနစ်၊ ကွန်တိုအလိုက်စနစ်၊ သုံးပွင့်ဆိုင်စနစ်များ အသုံးပြုနိုင်ပါသည်။ ပင်ကြား၊ တန်းကြား ၁၅ပေ× ၁၅ပေ၊ ၁၅ပေ× ၃၀ပေ၊ ၂၀ပေ× ၂၀ပေ၊ ၂၀ပေ× ၃၀ပေ၊ ၃၀ပေ× ၃၀ပေ အကွာအဝေးမိမိကြိုက်နှစ်သလို စိုက်ပျိုးနိုင်ပါသည်။ ပင်ကြား၊ တန်းကြားမတူသော ဥပမာ ၁၅ပေ× ၃၀ပေ၊ စနစ်စိုက်ပျိုးမည်ဆိုပါလျှင် ၁၅ပေခြားအပင်တန်းကို တောင်နှင့်မြောက်တန်းလျက် စိုက်ပျိုးပါက နေရောင်ခြည်ကောင်းစွာရရှိစေနိုင်မည်ဖြစ်သည်။ ပင်ကြား၊ တန်းကြားများ သတ်မှတ်ရာတွင် အလင်းရောင်ရရှိနိုင်မှုကို ဦးစားပေးသင့်သည်။

စိန်တလုံးသရက်ကို စီးပွားဖြစ်ခြံတည်ထောင် စိုက်ပျိုးသူများသည် အိန္ဒိယ၊ အစ္စရေးလ်၊ တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ အမေရိကန်နိုင်ငံတို့တွင် လက်ရှိကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးလျက်ရှိသော စနစ်ဖြစ်သည့် "အပင်သိပ်သည်းစွာ စိုက်ပျိုးသည့်စနစ်= High Density Planting System" ဖြင့် စိုက်ပျိုးသင့်သည်။ ဤစနစ်မှာ ပင်ကြား၊ တန်းကြား ကျဉ်းအောင်ထားပြီး အပင်ဦးရေပိုဝင်ဆံ့အောင် စိုက်ပျိုးသောစနစ်ဖြစ်သည်။ အပင်သိပ်သည်းစွာ စိုက်ပျိုးသောစနစ်တွင် တစ်ပင်ချင်းမှ အသီးအရေအတွက် လျော့ယူပြီး အရွယ်အစားကြီး၊ အရည်အသွေးမီ ပြည်ပပို့ကုန်အတွက် အဆင့်အတန်းမီသော အသီးများရယူခြင်းဖြစ်သည်။ ဤစနစ်သည် သက်တမ်းငယ်သောအပင်များဖြစ်စေကာမူ စီးပွားဖြစ်ထွက်ရှိသဖြင့် အချိန်တိုအတွင်း အကျိုးအမြတ်ရရှိနိုင်မည်ဖြစ်သည်။

အပင်သိပ်သည်းစွာ စိုက်ပျိုးနည်းစနစ်အရ ပင်ကြားရှစ်ပေ၊ တန်းကြားရှစ်ပေ စိုက်ပျိုးပါက တစ်ဧကအပင်ဦးရေ ၆၈၀ ဝင်ဆံ့ပြီး လေးနှစ်သားတစ်ပင်လျှင် သီးလုံး ၃၀ လုံးခန့်နှင့် ၁၀ နှစ်သားတွင် သီးလုံး ၅၀ မှ ၆၀ လုံးခန့် သီးနိုင်သည်။ အပင်ကိုင်းဖြတ်ပုံသွင်းခြင်း၊ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာ၊ အပင်အားဆေးကျွေးခြင်း၊ ရေသွင်းခြင်းများ ပုံမှန်လုပ်ဆောင်ပေးနေပါက သီးထွက်မှန်မှန်ပေးစွမ်းနေမည်ဖြစ်သည်။ အပင်သိပ်သည်းစွာ စိုက်ပျိုးနည်းစနစ်၏ သီးထွက်ကွာခြားချက်များကို ဇယားတွင် လေ့လာနိုင်သည်။

စာ - ၅ သို့

| ပင်ကြား× တန်းကြား (ပေ) | တစ်ဧကဝင်ဆံ့ အပင်ဦးရေ (ပင်) | တစ်ပင်သီးထွက် (လုံး) | တစ်ဧကအထွက် (တန်) | အပင်သက်တမ်း |
|---|---|---|---|---|
| ၄၀× ၄၀ | ၂၇ | ၂၆၆ | ၁.၇၂ | ၁၄ |
| ၃၀× ၃၀ | ၄၈ | ၂၄၀ | ၂.၄၃ | ၁၄ |
| ၂၅× ၂၅ | ၆၉ | ၂၀၂ | ၃.၆၄ | ၁၄ |
| ၁၅× ၁၅ | ၁၉၃ | ၁၈၀ | ၈.၆၉ | ၁၄ |

# သံယောဇဉ်



မြတ်စိုး(လှိုင်)

**ကျွန်တော်က ကြောင်ကလေးတွေကို ချစ်တတ်သဖြင့် မကြာခဏ စိတ်ထိခိုက်စရာ ကြုံရသည်။**

တစ်ခါက ကျွန်တော့်အိမ်မှ ကြောင်မကလေး မိကျန်ကို နယ်မှ ရန်ကုန်တွင်လေးလခန့် ခေတ္တလာနေသည့် ကျွန်တော့်သူငယ်ချင်းလင်မယားက ခဏ လာခေါ်သွားသည်။ ကြောင်ကို ခဏငှားသည် ဆိုပါစို့။

လူမနေတာကြာပြီဖြစ်သည့်သူတို့ အိမ်မှာ ကြွက်တွေသောင်းကျန်းနေ၍ဟု ဆိုသည်။

မိကျန်ကိုခေါ်သွားသည့်နေ့က အိမ်မှာမနေတတ် မထိုင်တတ်ဖြစ်ကာ ဟာတာတာကြီးဖြစ်နေသည်။ ထို့ကြောင့် ရုံးသွားရုံးပြန် ထမင်းစားချိန်များတွင် မိကျန်ကိုပို၍သတိရကာ မျက်ရည်များပင် ဝဲမိသည်။ ခဏငှားလိုက်တာမှားပြီဟု စိတ်ထဲမှာတွေးကာ နောင်တရနေသည်။

ထိုကြောင်မလေးသည် မွေးချင်း သုံးကောင်အနက် မသေဘဲကျန်ခဲ့၍ "မိကျန်"ဟု မှည့်ထားခြင်းဖြစ်သည်။ ကျွန်တော့်အိမ်မှာ မိကျန်၏မိခင် ကြောင်မကြီးလည်း သေသွားပြီ။

ထို့ကြောင့် တစ်အိမ်လုံးက မိကျန်ကိုသာ စုပုံချစ်ဖြစ်နေတော့သည်။

သူငယ်ချင်းလင်မယားက သူတို့နယ်သို့ပြန်တော့မည်။ ကြောင်မလေး မိကျန်ကို လာပို့ပေးသွားမည်ဟု ဖုန်းဝင်လာတော့ ရင်ထဲမှာ ဘယ်လိုပျော်သွားမှန်းမသိ။ သူတို့လာပို့မည့်အချိန်ကိုတောင် မစောင့်နိုင်တော့ဘဲ ကိုယ်တိုင်သွားယူရန် အိမ်မှထွက်ခဲ့သည်။

လမ်းမှာမီးပွိုင့်မိနေသဖြင့် ကားခဏ ရပ်လိုက်စဉ် ဘေးတွင်ယှဉ်ရပ်ထားသည့် ကားလေးတစ်စီးထဲမှ ကြောင်အော်သံ တစ်ခု ရုတ်တရက်ကြားလိုက်သဖြင့် ငဲ့စောင်းကြည့်လိုက်ရာ ကျွန်တော့် သူငယ်ချင်းလင်မယားကားလေး ဖြစ်နေ သည်။ ယောကျ်ားက ကားမောင်းပြီး မိန်းမက ကြောင်ထည့်ထားသည် ခြင်းကလေးကို ပိုက်ထားသည်။

ခေါင်းခန်းတွင်ထိုင်နေသော ကျွန်တော့်သူငယ်ချင်းဇနီးက ကားမောင်း နေသည့်ကျွန်တော်နှင့်ဘေးချင်းယှဉ်ကာ တံခါးချင်းကပ်နေသဖြင့် ခြင်းထဲတွင် ထည့်ထားသည့်မိကျန်မှာ ကျွန်တော့်ကို ဘယ်လိုမြင်သွားသည်မသိ။ ဆူညံစွာ အော်ဟစ်ရင်း ခြင်းထဲတွင် ရုန်းရင်းဆန်ခတ် ဖြစ်နေတော့၏။

ထိုဖြစ်ရပ်ကြောင့် သူတို့လင်မယား လည်း ကျွန်တော့်ကိုမြင်သွားတော့ကာ ဝမ်းသာအားရ မီးပွိုင့်အလွန်တွင် ကားနှစ်စီးရပ်လိုက်ပြီး ခြင်းထဲမှ မိကျန် ကလေးကိုထုတ်ကာ ကျွန်တော့်ရင်ခွင်မှာ ယုယစွာထွေးပွေ့ထားလိုက်မိသည်။ အကြာကြီးကွဲကွာနေသည့်သမီးကလေး ကို ပြန်တွေ့ရသလို ကျွန်တော့်ရင်ထဲမှာ လည်း ဝမ်းနည်းဝမ်းသာဖြစ်နေမိသည်။ "အဖေ့ကို ခွင့်လွှတ်ပါသမီးရယ်"ဟု ရင်ထဲကလည်း အကြိမ်ကြိမ် ပြောနေ မိသည်။

ကြည့်စမ်း။ လေးလလောက် ကွဲသွားတာတောင် ကျွန်တော့်အနံ့ရပြီး ကျွန်တော်မှန်းသိကာ တခြားလူ လက်ထဲမှာ ရုန်းရင်းဆန်ခတ်ဖြစ်သွား လိုက်တာ သတ္တဝါလေးတွေရဲ့သံယောဇဉ် နဲ့ ချစ်ခြင်းမေတ္တာတရားဟာ အံ့ဩစရာ ပါလား။

မိကျန်ကလေး အိမ်ပြန်ရောက်သည့် နေ့ကစပြီး ပင်စင်စားကျွန်တော်တို့ဇနီး မောင်နှံမှာလည်း သမီးကလေးတစ်ယောက် မိဘထံပြန်ရောက်လာသလို အားတွေ ရှိကာ ပျော်ရွှင်နေကြသည်။ အဝေးမှာ ရောက်နေသည့် အိမ်ထောင်သည်သမီး နှစ်ယောက်နှင့်မြေးသုံးယောက်ကိုပင် အလွမ်းတွေပြေသလို ရှိနေခဲ့သည်။

သို့သော် မိကျန်ကလေးပြန်ရောက် ပြီး မကြာမီရက်ပိုင်းမှာ အဝေးက အိမ်ထောင်သည်သမီးနှစ်ယောက်မိသားစု တွေ မနှစ်က နွေရာသီမှာ အလည်ရောက် လာကြသည်။ မြေးသုံးယောက်မှာ အကြီးဆုံးက လေးနှစ်သမီး၊ အလတ် ကောင်က သုံးနှစ်ခွဲ၊ အငယ်ကောင်က ၁၀ လသား။

သမီးနှစ်ယောက်မိသားစုတွေ အိမ်ပေါ်ရောက်ကတည်းက မိကျန် ကလေးမှာ နေစရာမရှိတော့၊ လူစိမ်းတွေ ဖြစ်နေသဖြင့် မျက်စိသူငယ်နှင့်ဟိုချောင် ကပ်၊ ဒီချောင်ကပ်ချောင်း၍ကြည့်ကာ အကဲခတ်နေတော့သည်။

မိကျန်ခမျာ ကျွန်တော်တို့ဇနီးမောင်နှံ ကိုပဲအားကိုးကာ မဝံ့မရဲထွက်လာမိတိုင်း မြေးအကြီးနှစ်ယောက်က ယပ်တောင်တွေ တုတ်တွေနှင့်မိကျန်ကို အတင်းလိုက်ရိုက် နေတော့ သူ့ခမျာ ဟိုပြေးဒီပြေးပုန်းရင်း အိမ်ထဲမှာ ကပ်နေရှာသေးသည်။ မြေး နှစ်ယောက်ကလည်း ဘယ်လိုမှ ပြောလို့ မရ။ လိုက်မြဲလိုက်၊ ရိုက်မြဲရိုက်နေသဖြင့် ထိုမြေးတွေရောက်သည့်ညမှာပဲ မိကျန် ကလေးခမျာ အိမ်မှအပြီးတိုင်ထွက်သွား ကာ ပျောက်ဆုံးသွားတော့သဖြင့် ကျွန်တော်တို့မှာလည်း စိတ်ထိခိုက်ကာ ကျန်ရစ်တော့သည်။

ဘယ်မှာနေကာ ဘယ်မှာစားသည် မသိဘဲ တစ်နှစ်ကျော်ကြာပြီးချိန်မှာ ဟိုတလောက မိကျန်ကလေးသည် ကိုယ်ဝန်ကြီးနှင့်တစ်ညမှာ အိမ်ကို ရုတ်တရက်ပြန်ရောက်လာတော့သည်။ မိကျန်ကိုပြန်တွေ့ရလို့ ကျွန်တော်တို့ဇနီး မောင်နှံမှာ ဝမ်းသာမဆုံးဖြစ်ကာ သမီးကြီး တစ်ယောက်ပြန်ရောက်လာသလို ယုယု ယယအကြာကြီးပွေ့ထားမိသည်။ ဝမ်းသာလွန်း၍ မျက်ရည်များလည်း ကျလာမိသည်။ မိကျန်အတွက် အိမ်မှာ ရှိသည့်စားကောင်းသောက်ဖွယ်တွေ ချကျွေးရုံသာမက သူကြိုက်လှသည့် ကြောင်စာထုပ်ကို ချက်ချင်းသွားဝယ်ကာ သူထွက်သွားကတည်းက ဟောင်းလောင်း ကျန်ခဲ့သည့်အစာခွက်၊ ရေခွက်ကလေး တွေ အညစ်အကြေးစွန့်စရာလေးတွေ ပြန်လည်ပြင်ဆင်ရတော့သည်။

မကြာပါ။ နောက်ရက်မှာ မိကျန်က သားကလေးသုံးကောင်မွေးပါသည်။ သူမွေးတာ သားလား၊ သမီးလား မခွဲခြား နိုင်သေးခင်ကပင် သူ့သားသမီးကလေး တွေကို ကျွန်တော်တို့ မြေးကလေးတွေလို ချစ်ရပြန်ပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် နောက်ရက် မှာ အဝေးကသမီးတွေ မြေးတွေ နွေရာသီ ကျောင်းပိတ်ရက်မှာ အလည်ရောက်လာ ကြပါတော့သည်။

သမီးတွေ မြေးတွေရောက်လာ၍ သူတို့လေးတွေနှင့်ပျော်မဆုံး တရုန်းရုန်း ဖြစ်နေစဉ်မှာမိကျန်တို့သားအမိတွေကို ခဏတာ မေ့နေမိသည်။

ထို့နောက် မိကျန်တို့ကို သတိရလို့ မြေးတွေကိုချီကာ မိကျန်တို့မိသားစုကို ပြဖို့ ဘုရားစင်ဘေးကချောင်ကလေးရှိရာ ရောက်သွားစဉ်မှာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ရင်ထဲမှာ နင့်ခနဲခံစား လိုက်ရတော့သည်။

မိကျန်တို့နေရာတွင် မိကျန်ရော သူ့သားသမီးတွေပါ လုံးဝမရှိတော့ဘဲ ခင်းပေးထားသည့်စောင်အခင်းကလေး၏ ဘေးပတ်လည်တွင် အစာခွက်ကလေးနှင့် ရေခွက်ကလေးတွေသာ ကျန်ရစ်ရှာ တော့သည်။

ဩော် "မိကျန် - မိကျန်"ဒီတစ်ခါ တစ်မိသားလုံး ဘယ်ဆီဘယ်ဝယ်ခရီးနှင် ပြန်လေသည်မသိ။ ဘယ်အချိန် ဘယ် အခါ ပြန်ရောက်လာဦးမည်မသိ။ ဘယ်ဆီမှာ စား၍ ဘယ်ဆီမှာ နားနေ ကြဦးမည်မသိ။ ကျွန်တော့်မှာ စိတ် ဒုက္ခရာသာ ကျန်ရစ်ခဲ့တော့၏။ ■

## စာ - ၄ စိန်တလုံးသရက် မှ

စိန်တလုံးသရက်ပျိုးပင်ကို မေလ ဆန်းတွင် မြေချစိုက်ပျိုးရသည်။ မြေချ စိုက်ပျိုးရန် စိုက်ကျင်းတွင် ကြိုတင်နှပ်ထား သောမြေကို မျိုးပင်ချစိုက်ရန်အတွက် ပျိုးပင်အဖြစ် မြေသားဝင်ဆံ့ရုံ မြေပြန်တူး ပေးရန် လိုသည်။ မျိုးပင်၏ပလတ်စတစ် ကို မြေလုံးမကွဲအောင် ခွာယူ၍ မြေကျင်း ထဲသို့ မြေလုံးမကွဲအောင် ချပြီးစိုက်ပျိုးရ မည်။ မြေချစိုက်ပျိုးပြီးပါက ပင်ခြေမြေသိပ် နေစေရန် အပင်ပတ်ပတ်လည်ကို ခြေဖြင့် နင်းပေးရန်လိုသည်။ ၎င်းနောက် ဝဲဘက် တွင်ပုံထားသောမြေကို အပင်ခြေတွင်ဖို့၍ ကျောက်ပြင်ပုံသဏ္ဌာန် မို့မို့မောက်မောက် ဖြစ်နေစေရန် မြေပြန်ဖို့ပေးပြီး လက်ဖြင့် ဖိသိပ်ပေးရန် လိုအပ်သည်။ အစိုဓာတ် ထိန်းပေးစေရန်အတွက် အပင်ခြေကိုပိုက်၍ ကောက်ရိုး၊ သစ်ရွက်ခြောက်၊ မြက်ခြောက် များဖြင့် ဖုံးပေးထားရမည်ဖြစ်သည်။ လေမိုးဒဏ်ကြောင့် အပင်မယိုင် စေရန် အတွက် အပင်ခြေနှင့်တစ်ပေခန့်ခွာ၍ ဝါး (သို့မဟုတ်) သစ်သားချွန်၍စိုက်ပြီး သရက်ပင်နှင့်ဝါး၊ သစ်သားတိုင်ကို ကြိုးဖြင့်ကပ်ချည်ထားရမည်။ လေတိုက်၍ အပင်ခြေလှုပ်နေပါက တော်တော်နှင့် အမြစ်မစွဲနိုင်ဘဲ အပင်သေသွားနိုင်သည်။ လုပ်ငန်းအားလုံးပြီးပါက သရက်ပင်များ ကို ရေဝအောင် လောင်းပေးရန် လိုပါ သည်။ အပင်စိုက်ပျိုးပြီး နှစ်နှစ်သား ကျော်လာပါက ပုံမှန်ဓာတ်မြေဩဇာ၊ သဘာဝမြေဆွေး၊ အပင်အားဆေး ကျွေးခြင်း၊ ကိုင်းဖြတ်ပုံသွင်းခြင်း၊ ရေပေး သွင်းခြင်း၊ ပေါင်းမြက် ရှင်းလင်းခြင်းများ ကိုမဖြစ်မနေဆောင်ရွက်နေရမည် ဖြစ်သည်။

စိန်တလုံးသရက်ပင် တစ်နှစ်သား အရွယ်ရှိလာပါက အပင်တစ်ပင်လျှင် မိုးဦးကာလတွင် ယူရီးယားမြေဩဇာ ၈၅ ဂရမ်၊ မိုးနှောင်းတွင် ၈၅ ဂရမ်၊ တီစူပါ မြေဩဇာကို မိုးဦးတွင် ၄၀ ဂရမ်၊ ပိုတက်ရှ် မြေဩဇာကို မိုးဦးတွင် ၁၁၄ ဂရမ်၊ နွားချေးမြေဆွေးကို မိုးဦးတွင် တစ်ပြည်၊ မိုးနှောင်းတွင် တစ်ပြည်ကျွေးရန် ဖြစ်သည်။ အပင်ကြီးလာသည်နှင့်အမျှ ဓာတ်မြေဩဇာနှုန်းထားတိုးမြှင့်ကျွေးရန် လိုသည်။ တတိယနှစ်တွင် အထက်ပါ ဓာတ်မြေဩဇာများ၊ သဘာဝမြေဩဇာ များအပြင် ကျောက်မှုန့်မြေဩဇာ တစ်ပင်လျှင် နို့ဆီဘူးဝက်ကျွေးပေးပါက အပင်ကြီးထွားသန်စွမ်းမှုမြန်စေပါသည်။ ပိုးမွှားရောဂါကိုလည်း မျက်ခြည်မပြတ် လေ့လာကာကွယ်နှိမ်နင်းပေးရန် လိုအပ် သည်။

# လှိုင်းဘွဲ့ မြို့နယ်တွင် မှိုစိုက်ပျိုးနည်းသင်တန်း ဖွင့်လှစ်



လှိုင်းဘွဲ့ မတ် ၁၈

**ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် GMSAEDC တို့ ပူးပေါင်း၍ မှိုစိုက်ပျိုး ထုတ်လုပ်မှု သင်တန်းဖွင့်ပွဲကို မတ် ၁၃ ရက်က လှိုင်းဘွဲ့မြို့နယ် မဲလဒေသ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန မြဝတီခရိုင်ဦးစီးမှူး ဦးစောလှကြည်က အဖွင့်အမှာစကားပြောကြားပြီး GMSAEDC အဖွဲ့မှ ဒေါ်ခိုင်ခိုင်မြင့် (Coordinator) က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**

အခမ်းအနားတွင် မြဝတီမြို့နယ် ဦးစီးမှူး ဦးသန်းရွှေက သင်ထောက်ကူ ပစ္စည်းများနှင့် လက်ကမ်းစာစောင်များ၊ သတင်းစာစောင်များကို KNU KNLA PC ဌာနချုပ် (မဲလဒေသ)၏ စိုက်ပျိုး မွေးမြူရေးတာဝန်ခံ ဦးစောစိုးထံ ပေးအပ်သည်။

သင်တန်းတွင် မှိုပညာရှင်များက ငွေနှင်းမှိုနှင့်ကြွက်နားရွက်မှို စိုက်ပျိုးနည်း များ၊ ကောက်ရိုးမှိုကျင်းဖြင့် စိုက်ပျိုးနည်း နှင့် ပုံစံခွက်ဖြင့် စိုက်ပျိုးနည်းများကို သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးတို့အား စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးသည်။

**မြတ်သဥ္ဇာလှိုင်**

စိန်တလုံးသရက် စီးပွားဖြစ်ခြံတည် စိုက်ပျိုးကြရာတွင် **"မြေမှန်၊ မျိုးမှန်၊ ရာသီမှန်"**အောင် စနစ်တကျရွေးချယ်ပြီး **"စိုက်နည်းစနစ်မှန်အောင်"** စိုက်ပျိုး ကြမည်ဆိုပါက စီးပွားဖြစ်ရုံသာမက တစ်သက်တာပျော်ရွှင်ရသည့် သရက်ခြံ ပိုင်ရှင်ကြီးများ မုချဧကန်ဖြစ်လာကြမည်။

**မောင်ငြိမ်းအောင် (တန့်ဆည်)**

# ရာသီဥတုပြောင်းလဲမှုကို အန်တုနိုင်ရန် သီးနှံစိုက်ပျိုးခြင်းကို ကြိုတင်စီမံ

အောင်ဆန်း (စိုက်ပျိုးရေး)



ကမ္ဘာ ရာသီဥတုပြောင်းလဲမှုသည် တဖြည်းဖြည်းကြီးထွားလာကာ သက်ရှိသတ္တဝါအားလုံးကို ခြောက်လှန့်လျက်ရှိနေသည်။ ပူပြင်းခြောက်သွေ့ခြင်း၊ အလွန်အေးခြင်း၊ လေပြင်းမုန်တိုင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ တောမီးများ အဆမတန်လောင်ကျွမ်းခြင်း ဖြစ်စဉ်များကြောင့် လူသားများအပါအဝင် သက်ရှိသတ္တဝါအားလုံး အတိဒုက္ခရောက်နေကြရသည်။ အိုးအိမ်တိုက်တာ အဆောက်အဦများ မွမွကြေပျက်စီးခဲ့ကြရသည်။ ကမ္ဘာတွင်လွန်ခဲ့သည့်နှစ် ၃၀ အတွင်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် လူပေါင်းနှစ်သန်းခန့် အသက်ဆုံးရှုံးခဲ့ရပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံတန်ဖိုးဆုံးရှုံးခဲ့ရသည်။ ကမ္ဘာ့ပျက်စီးဆုံးရှုံးမှုအားလုံး၏ ၉၀ ရာခိုင်နှုန်းရှိပြီး လူသေဆုံးမှု ၇၀ ရာခိုင်နှုန်းရှိသည်ဟု ဆိုပါသည်။ စီးပွားရေးပျက်စီးဆုံးရှုံးမှုသည်လည်း ၈၀ ရာခိုင်နှုန်းခန့်ရှိသည်ဟုဆို၏။

ကမ္ဘာ့ရာသီဥတုအကြီးအကျယ်ပြောင်းလဲမှုဖြစ်ရသည်မှာ ကမ္ဘာကြီးပူနွေးလာမှုက အစပြုသည်ဟု ဆိုသည်။ ကမ္ဘာကြီးပူနွေးလာမှုသည် အိုဇုန်းလွှာပေါက်သွားမှုကြောင့် ဖြစ်ရသည်ဟု သုတေသီတို့က ဆိုပါသည်။ အိုဇုန်းလွှာပေါက်မှုကြောင့် ကမ္ဘာမြေပေါ်သို့ ခရမ်းလွန်ရောင်ခြည်များ တိုက်ရိုက်ကျရောက်မှုများပြားလာသည့်ဒဏ် ခံစားလာရသည်။ လူနှင့်သတ္တဝါတို့၏ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အဏုဇီဝများ၊ လူသုံးကုန်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်၊ ရော်ဘာ၊ သစ်စသည်တို့ အရည်အသွေးထိခိုက်လာခြင်းများလည်း ခံစားလာကြရသည်။

တောမီးများလောင်ကျွမ်းခြင်း၊ လောင်စာသုံးယာဉ်အမျိုးမျိုးအသုံးပြုလာခြင်း၊ စက်ရုံအလုပ်ရုံများတိုးပွားလာခြင်း၊ လေအေးစက်များအသုံးပြုမှုများလာခြင်း၊ Body Spray, Hair Spray စသည့် ဂတ်(စ်)အသုံးပြုပစ္စည်းများလာခြင်းများကြောင့် လေထဲတွင် ကာဗွန်ပမာဏအဆမတန်များပြားလာသည်။ ဤအကြောင်းရင်းများကလည်း ရာသီဥတုပြောင်းလဲမှုကို ပမာဏကြီးထွားစေခြင်း၏ အစဖြစ်သည်။ သစ်တောများ ဇီဝဒြပ်ထုတစ်ဂရမ်ဖြစ်ပေါ်စေရန် အပင်များက လေထုအတွင်းက ကာဗွန်ဒိုင်အောက်ဆိုဒ် ၁ ဒသမ ၆၃ ဂရမ်စုပ်ယူပြီး လေထုအတွင်းသို့ အောက်စီဂျင် ၁ ဒသမ ၁၈၅ ဂရမ်ပြန်လည်ထုတ်လွှတ်သည်ဟု ဆိုပါသည်။

သစ်တောများ မီးလောင်ဆုံးရှုံးမှုကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အများဆုံးနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည် တတိယနေရာတွင်ရှိနေသည်ဟု ကမ္ဘာ့ဘဏ်နှင့်ဗြိတိသျှအစိုးရတို့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကာဗွန်ထုတ်လွှတ်မှုသည် စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိခိုက်လာစေနိုင်ပြီး လူနှင့်သတ္တဝါတို့၏ နေ့စဉ်ရှင်သန်မှုဘဝနှင့် အစားအစာရရှိရေးတို့ကိုပါ ခြိမ်းခြောက်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်လျှင် ကာဗွန်ထုတ်လွှတ်မှု ၃ ဒသမ ၀၁၄ ဘီလီယံတန်ရှိသည်။ အမေရိကန်နိုင်ငံသည် တစ်နှစ်လျှင် ကာဗွန်ထုတ်လုပ်မှု ၆ ဒသမ ၀၀၅ ဘီလီယံတန်ရှိသည်။ ဒုတိယအများဆုံးမှာ တရုတ်ပြည်ဖြစ်ပြီး တစ်နှစ်လျှင် ၅ ဒသမ ၀၁၇ ဘီလီယံတန်ရှိသည်ဆို၏။

ရာသီဥတုပြောင်းလဲမှုအကျိုးဆက်ကြောင့် တရုတ်ပြည်တွင် နောင်အနှစ် ၅၀ ၌ ဆောင်းရာသီပျောက်ကွယ်သွားလိမ့်မည်ဟု ဟောင်ကောင် မိုးလေဝသအကြီးအကဲက သတိပေးပြောကြားထားသည်။ ချီလီနိုင်ငံရှိ ရေခဲကန်ကြီးတစ်ကန်မှာ ရုတ်တရက်ပျောက်ကွယ်သွားသဖြင့် သဘာဝဥယျာဉ်ထိန်းသိမ်းရေးအဖွဲ့က ထိတ်လန့်စိုးရိမ်မှုဖြစ်ခဲ့ရသည်။

ကမ္ဘာ့အပူချိန်လွန်ကဲလာမှုကြောင့် ၎င်းဒေသရှိ ရေခဲတုံးကြီးများ အရည်ပျော်စီးဆင်းကာ နောင်တွင် ပင်လယ်ရေမျက်နှာပြင်အမြင့်သည် ၅ ဆမှ ၁၀ ဆအထိ မြင့်တက်လာနိုင်ကြောင်း ရေခဲပညာရှင် အန်ဒရီဘာရာက တပ်လှန့်နှိုးဆော်ထားသည်။ တစ်ဖန် ချီလီနိုင်ငံဒေသအများအပြားတွင်လည်း တောမီးလောင်မှုကြောင့် သစ်တောနှင့်စားကျက်မြေဟက်တာ ၃၀၀၀၀ ကျော် ဆုံးရှုံးခဲ့ရပြီး အမေရိကန်ဒေါ်လာ သန်း ၄၀ ခန့် တန်ဖိုးရှိသည်ဟု ဆိုပါသည်။

ရာသီဥတုပြောင်းလဲမှု၏ စိန်ခေါ်မှုကြောင့် သဲကန္တာရဒေသ တဖြည်းဖြည်းကျယ်ပြန့်လာပြီး အာဖရိကဆာဟာရသဲကန္တာရရှိ ပြည်သူသန်းပေါင်းများစွာတို့သည် သဲကန္တာရကျယ်ပြန့်လာမှု ဆိုးကျိုးကြောင့် ဘေးဒုက္ခအကြီးအကျယ်ကြုံတွေ့လာရနိုင်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ သဲကန္တာရကျယ်ပြန့်စွာရှိသောတရုတ်ပြည်ကို သစ်တောများတစ်အုပ်တစ်မထူထောင်စိုက်ပျိုးခြင်းဖြင့် သဲကန္တာရကျယ်ပြန့်လာမှုကို ဟန့်တားကာကွယ်ရမည်ဟု တရုတ်ပြည်သဘာဝပတ်ဝန်းကျင်အကြီးအကဲက တိုက်တွန်းနှိုးဆော်ထားသည်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ရိုက်ခတ်လာမှုကြောင့် မြန်မာနိုင်ငံတွင်လည်း မုန်တိုင်းတိုက်ခတ်မှုမကြာခဏဖြစ်ပေါ်ခြင်း၊ လေပြင်းမုန်တိုင်းမှုဖြစ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများဖြတ်သန်းခံရခြင်းများ ကြုံတွေ့ခဲ့ရသည်မှာ လေးနှစ်ကျော်ရှိခဲ့ပြီဖြစ်သည်။ ဤအကျိုးဆက်ကြောင့် တောင်များပြိုခြင်း၊ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြိုကျခြင်း၊ တိုက်တာ အဆောက်အဦများ ပြိုလဲပျက်စီးခြင်း၊ ကျေးရွာနေအိမ်များကြေမွပြန့်ကျဲကုန်ခြင်း၊ လူတိရစ္ဆာန်တို့၏အသက်များ သေကြေပျက်စီးခြင်းများ ကြုံခဲ့ကြရသည်မှာ နှစ်မနည်းတော့ပြီ။ အဆိုးဝါးဆုံးမှာ ကျေးလက်နေတောင်သူလယ်သမားကြီးများ စိုက်ပျိုးထားသော စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံစိုက်ခင်းများ ရေအောက်တွင် ပျက်စီးဆုံးရှုံးခံလိုက်ရခြင်းပင်ဖြစ်သည်။ ရေမြေသဘာဝရာသီဥတုပုံမှန်မဟုတ်ဘဲ ဖောက်ပြန်ပါက သေကြေပျက်စီးမှုကို အလူးအလဲခံကြရသည်။ ရေမြေသဘာဝရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံပင်များဆုံးရှုံးမှုသည် ၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိရှိနိုင်သည်။ ပြင်းထန်စွာခံရပါက ၁၀၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးသွားနိုင်သည်ဟု သုတေသီတို့က ဆိုထားပါသည်။

သို့ပါ၍ ဖောက်ပြန်ပြောင်းလဲလာသော ရာသီဥတုကိုအန်တု၍ သီးနှံများအောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ရန် မြန်မာနိုင်ငံတွင် ကြိုတင်အစီအမံများ ပြုလုပ်ရန် လိုအပ်လာပြီဖြစ်သည်။

ဤသို့စီမံရာတွင် နှစ်ပိုင်းဆောင်ရွက်ရမည်ဖြစ်သည်။ ပထမပိုင်းမှာ ရေကြီးနစ်မြုပ်သောဒေသများအတွက် ရေကြီးနစ်မြုပ်မှုလျော့ပါသွားစေရန် ဆောင်ရွက်ရမည့်အစီအမံများ ဖြစ်သည်။ ဒုတိယအပိုင်းမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အန်တု၍ သီးနှံစိုက်ပျိုးနည်းစနစ်များ၊ သီးနှံစိုက်ပျိုးချိန်များ၊ သီးနှံပုံစံများ၊ မိုးများဒဏ်၊ မိုးခေါင်ဒဏ်၊ အပူဒဏ်၊ အအေးဒဏ်၊ ဆားငန်ဒဏ်ခံနိုင်ရည်ရှိသော သီးနှံမျိုးများကို ရှာဖွေစိုက်ပျိုးရန် စီမံခြင်းပင် ဖြစ်သည်။ ထို့ကြောင့် သိပ္ပံပညာရှင်များ၊ သုတေသီများက သဘာဝဘေးဒဏ်ကြံ့ကြံ့ခံကာ အောင်မြင်ဖြစ်ထွန်းအထွက်နှုန်းကောင်းမည့်သီးနှံများ ထုတ်လုပ်ရေးကို တီထွင်ကြံဆလာကြသည်။

အမေရိကန်ပြည်ထောင်စု နယ်လီတက္ကသိုလ်မှ ရေးဝုနှင့် သိပ္ပံပညာရှင်အဖွဲ့သည် အလွန်ခက်ခဲပြီး ခြောက်သွေ့လွန်းသောရာသီဥတုတွင် ကောင်းစွာရှင်သန်ဖြစ်ထွန်းနိုင်သည့် စပါးတစ်မျိုးကို မွေးမြူထုတ်လုပ်ပေးခဲ့သည်။ အဆိုပါသိပ္ပံပညာရှင်အဖွဲ့ကပင် ဘာစမာတီစပါးမျိုးရှိ အချိုဓာတ်ဖြစ်စေသော ဗီဇဓာတ်ကို အခြားစပါးသို့ သွတ်သွင်း၍ ရေငတ်ဒဏ်ခံနိုင်ပြီး ဆားပေါက်ဒဏ်ခံနိုင်သောစပါးမျိုးတစ်မျိုးကို ထုတ်လုပ်ပေးခဲ့သည်။ အိုင်ဗရီကို့စ်နိုင်ငံမှ သိပ္ပံပညာရှင်သုတေသီတို့ကလည်း အာရှစပါးနှင့်အာဖရိကစပါးတို့ကို မျိုးစပ်၍ မိုးခေါင်ဒဏ်ခံနိုင်သည့်စပါးမျိုး “နာရီကာ”ကို မွေးထုတ်ပေးခဲ့သည်။ ဤသို့ သိပ္ပံပညာရှင်သုတေသီတို့၏ တီထွင်ကြံဆကြိုးပမ်းမှုကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲ၍ သီးနှံများစိုက်ပျိုးထုတ်လုပ်မှု၊ ပျက်စီးဆုံးရှုံးမှုများကို ထိန်းထားနိုင်ခဲ့သည်။



မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သီးနှံများစိုက်ပျိုးရန်ခက်ခဲခြင်း၊ ပျက်စီးဆုံးရှုံးခြင်း၊ ထိခိုက်ခြင်းဖြစ်ပေါ်ရသည့် ပမာဏနှင့်အခြေအနေမှာ ဒေသတစ်ခုနှင့်တစ်ခု မတူညီပေ။ မြန်မာပြည်အောက်ပိုင်း ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မွန်၊ ကရင်၊ ကယား၊ တနင်္သာရီဒေသများတွင် ရွာသွန်းသည့်မိုးရေချိန်လက်မများပြားခြင်း၊ အထက်အညာဒေသမိုးများ၍ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်များတစ်လျှောက် စီးဆင်းလာသော ရေများကိုလက်ခံရခြင်း၊ ပင်လယ်သမုဒ္ဒရာနှင့်ဆက်စပ်နေသဖြင့် လပြည့်၊လကွယ် ဒီရေထောက်သည့် ဒဏ်ခံရခြင်း၊ မုန်တိုင်းမိုးကြီးမှုခံရခြင်းများကြောင့် အများအားဖြင့် ရေကြီးနစ်မြုပ်သည့်ဒဏ်ကို နှစ်စဉ်ကြီးစွာခံစားကြရသည်။ ရေကြီးနစ်မြုပ်မှုဒဏ်ကြောင့် သီးနှံစိုက်ဧကများစွာ ဆုံးရှုံးသည့်ဒုက္ခခံစားကြရသည်။

မြန်မာပြည်အထက်ပိုင်း ကချင်၊ စစ်ကိုင်း၊ ချင်း၊ ရခိုင်၊ မန္တလေး၊ မကွေးဒေသများတွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်သည့် မုန်တိုင်းမိုးကြီးခြင်းကြောင့်သာ တစ်ခါတစ်ရံရေကြီးနစ်မြုပ်သည့်ဒဏ်ခံရသည်။ မြန်မာပြည်အလယ်ပိုင်း မကွေး၊ စစ်ကိုင်းအောက်ပိုင်း၊ ပဲခူးအထက်ပိုင်း၊ မန္တလေးအောက်ပိုင်း၊ နေပြည်တော်ဒေသများတွင် မိုးခေါင်သည့်ဒဏ်နှင့် အပူချိန်မြင့်မားသည့်ဒဏ်ကို သီးနှံပင်များ အလူးအလဲခံကြရသည်။ ချင်း၊ ကချင်၊ ရှမ်းဒေသများတွင် အအေးလွန်ကဲခြင်း၊ နှင်းခါးရိုက်ခြင်းကြောင့် သီးနှံစိုက်ပျိုးရေးနှင့်ပျက်စီးဆုံးရှုံးမှုကို အံကြိတ်၍ပင် ခံစားနေကြရသည်ဆို၏။

ဤသို့ရေမြေရာသီဥတုဒေသအလိုက် ဖြစ်ပေါ်နေသောရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အန်တု၍ သီးနှံများစိုက်ပျိုးရန် ကြိုတင်စီမံရာတွင် ရေနစ်မြုပ်မှုဒဏ်ခံ၊ အအေးဒဏ်ခံ၊ မိုးခေါင်ခြောက်သွေ့မှုဒဏ်ခံ၊ အပူလွန်ကဲမှုဒဏ်ခံ၊ ရေငတ်ဒဏ်ခံ၊ ဆားငန်ဓာတ်ဒဏ်ခံ၊ ဆပ်ပြာပေါက်ဒဏ်ခံစသောသီးနှံများကို ထုတ်လုပ်ရန် စီမံရမည်ဖြစ်သည်။

ယခုအခါတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် မိုးရာသီ၌ပင် မိုးရွာသွန်းမှုပုံစံမမှန်တော့ပေ။ မှန်းဆ၍မရတော့ဘဲ ရွာချင်သလိုရွာသောပုံစံ ဖြစ်နေသည်။ စပါးပန်းပွင့်ချိန်တွင် မိုးမမိအောင် ချိန်ကိုက်စိုက်သော်လည်း မှုမမှန်သောမိုးကြောင့် ပန်းပွင့်ချိန်မိုးကြီးမိကာ စပါးအဖျင်းများပြီး စပါးမှိုသီးရောဂါထူးထူးကဲကဲဖြစ်လာသည်ကို တွေ့ကြုံရသည်။ တစ်ခါတစ်ရံတိမ်ထူခြင်း၊ နေသာခြင်း၊ အလင်းရောင်ရရှိခြင်းတို့ပင် ခန့်မှန်း၍မရနိုင်တော့ပေ။ စပါးသည် ဖုံးတုန်းလုံးတုန်းအချိန်မှ အနံ့ထွက်ပန်းပွင့်ချိန်အထိ နေရောင်ခြည်ရရှိမှုကာလနှင့် နေရောင်ခြည်စွမ်းအင်အပြည့်အဝရရှိမှသာ အောင်စေ့ရာခိုင်နှုန်း မြင့်မားနိုင်သည်။ အအေးလွန်ကဲခြင်း၊ အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၁၆ ဒီဂရီစင်တီဂရိတ်ဖြစ်ပါက အညှောက်မပေါက်ခြင်း၊ အနံ့မြုံခြင်း၊ အနံ့တစ်လစ်တစ်လစ်ဖြစ်ခြင်းများ ခံစားရသည်။

စပါးအနံ့ထွက်ချိန်နှင့်ရင့်မှည့်ချိန်တွင် အပူချိန်

စာ - ၇ သို့

# ရွှေခရုကာကွယ်နှိမ်နင်းရေး ညှိနှိုင်းအစည်းအဝေး ရေဆင်း DAR တွင် ကျင်းပ

ရေဆင်း ဖေဖော်ဝါရီ ၂၇

**ရွှေခရုကာကွယ်နှိမ်နင်းရေး ညှိနှိုင်းအစည်းအဝေးကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန DAR ရေဆင်းရှိ နဝရတ်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပိုးမွှားသုတေသနဌာနစုမှ သုတေသနလက်ထောက် ၃ ဒေါ်စန်းစန်းဦးက "စပါးသီးနှံတွင် ကျရောက်ဖျက်ဆီးသော ရွှေခရုဖျက်ပိုး၏ဇီဝဖြစ်စဉ်တွေ့ရှိချက်ကို ရှင်းလင်းတင်ပြသည်။ (ပုံ)**

ထို့နောက် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ကိလိမနှင့်သတ္တဗေဒဌာနက ဒေးဒရဲဒေသရှိ နွေနှင့်မိုးရာသီတွင် ရွှေခရုကျရောက်မှုအခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်နှင့်တိုင်းအသီးသီးရှိ သီးနှံကာကွယ်ရေးတာဝန်ခံများက ၎င်းတို့ဒေသတွင်ကျရောက်သည့် ရွှေခရုဖျက်ပိုးများကာကွယ်နှိမ်နင်းသည့်နည်းလမ်းအမျိုးမျိုးတို့ကိုလည်းကောင်း တင်ပြကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**





# ပဲပုပ်အထွက်ကောင်းမျိုးများ ရွေးချယ်ခြင်းနှင့် စိုက်ပျိုးနည်းစနစ်ဖော်ထုတ်ခြင်း စီမံကိန်း ကွင်းသရုပ်ပြပွဲ ကျင်းပ

ရေဆင်း ဖေဖော်ဝါရီ ၂၂

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)၊ စိုက်ပျိုးရေးဦးစီးဌာန (DOA)နှင့် ကိုရီးယားနိုင်ငံ KOPIA - RDA တို့ ပူးပေါင်းဆောင်ရွက်သော ပဲပုပ်အထွက်ကောင်းမျိုးများ ရွေးချယ်ခြင်းနှင့် စိုက်ပျိုးနည်းစနစ်ဖော်ထုတ်ခြင်း စီမံကိန်းကွင်းသရုပ်ပြပွဲကို မိုးညှင်းမြို့ အင်ကြင်းကုန်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာများ၌ ယနေ့နံနက် ၉ နာရီကပြုလုပ်ရာ KOPIA မှ Dr.Kim Dae Ho ခေါင်းဆောင်သည့်အဖွဲ့၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ ပဲပုပ်သီးနှံတာဝန်ခံနှင့်သုတေသနပညာရှင်များ၊ မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံတာဝန်ခံနှင့် ဝန်ထမ်းများ၊ မိုးညှင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူ ၅၀ ဦး တက်ရောက်ကြသည်။**

ဒေသနှင့်ကိုက်ညီသောပဲပုပ်မျိုးများ ရရှိရန်နှင့် ပဲပုပ်အထွက်ကောင်းရရှိစေမည့် စိုက်ပျိုးနည်းစနစ်များ ဖော်ထုတ်ရန် သုံးနှစ်တာကြာမြင့်မည့် စီမံကိန်း၏ သုတေသနလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ယခု ကွင်းသရုပ်ပြပွဲကို ကျင်းပခြင်းဖြစ်ပြီး ကွင်းသရုပ်ပြပွဲအပြီးတွင် တက်ရောက်လာသောတောင်သူများအား ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်း (Training Program on Soybean Production Technology) ကို မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံ၌ ဆက်လက်ပြုလုပ်ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ လက်ထောက်သုတေသနအရာရှိ ဒေါက်တာမာမာဝင်းက ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကို ပို့ချပေးသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## စာ - ၆ ရာသီဥတု မှ

၂၀ ဒီဂရီစင်တီဂရိတ်ထက် နိမ့်ကျပါက (သို့မဟုတ်) ၃၅ ဒီဂရီစင်တီဂရိတ်ထက်မြင့်ပါက အဖျင်းများခြင်း၊ ဆန်သားအက်ခြင်း၊ အပူချိန် ၂ ဒီဂရီစင်တီဂရိတ်ထက် နိမ့်ကျပါက အနှံများမြုံစေပြီး ၁၂ ဒီဂရီစင်တီဂရိတ်တွင် ခြောက်ရက်ခန့်ကြာပါက လုံးဝမြုံသွားစေသည်။ သို့အတွက် အနှံမထွက်မီ ၁၅ ရက်နှင့် အနှံထွက်ပြီး ၂၅ ရက်၊ စုစုပေါင်း ရက် ၄၀ အတွင်း နေသာချိန်နှင့် နေရောင်ခြည်စွမ်းအင်အပြည့်အဝရရှိရေးကို ချိန်ကိုက်စိုက်ပျိုးရန် စီမံရမည်ဖြစ်သည်။

လေထု၏အပူချိန်အေးလွန်းခြင်း၊ ပူလွန်းခြင်းများသည် သီးနှံပင်ရှင်သန်ကြီးထွားအောင်မြင်ရန်အတွက် အလွန်အရေးပါသည်။ သမပိုင်းသီးနှံများသည် အပူချိန် ၅ ဒီဂရီစင်တီဂရိတ်မှ ၃၀ ဒီဂရီစင်တီဂရိတ်အတွင်းနှင့် အပူပိုင်းသီးနှံများသည် အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်နှင့် ၄၀ ဒီဂရီစင်တီဂရိတ်အတွင်း အောင်မြင်ဖြစ်ထွန်းကြီးထွားကြသည်။ စပါးသည် နေ့အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်နှင့် ညအပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်တွင် ကောင်းစွာဖြစ်ထွန်းသည်။ သတ်မှတ်အပူချိန်ထက်မြင့်ပါက အပင်ကြီးထွားနှုန်းမြန်ပြီး သက်တမ်းတိုတတ်သည်။ အပူချိန်မြင့်လွန်းပါကလည်း အပင်ကြီးထွားမှုတန့်သွားပြီး သက်တမ်းရှည်၍ အထွက်နှုန်းကျစေသည်။ ဖောက်ပြန်ပြောင်းလဲလာသော ရာသီဥတုတွင် အပူဒဏ်ခံ၊ အအေးဒဏ်ခံစပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးရန် စီမံရမည်ဖြစ်သည်။

တစ်ဖန်ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ပိုးမွှားရောဂါကျရောက်မှုကို အလိုအလျောက် ဖန်တီးပေးသလိုဖြစ်သဖြင့် သီးနှံများပိုမိုထိခိုက်ပျက်စီးစေသည့်အချက်ကိုလည်း မေ့ထားရန်မသင့်ပေ။ ရာသီဥတုဖောက်ပြန်ပြောင်းလဲလာမှုနှင့်တစ်ပြေးညီ သီးနှံပိုးမွှားရောဂါကာကွယ်ရေးကိုလည်း လက်ဦးမှုရရှိအောင်စီမံရန် လိုအပ်မည်ဖြစ်သည်။ စပါးကြက်သွန်မြိတ်ပိုးသည် တစ်ဧကစပါးအတွက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ထိခိုက်နိုင်သည်။ စပါးဆစ်ပိုးသည် တစ်ဧကစပါးအတွက် ၁၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ အထွက်ထိခိုက်နိုင်သည်။ ဘက်တီးရီးယားရွက်ခြောက်ရောဂါသည် တစ်ဧကအတွက် ၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ ထိခိုက်နိုင်သည်။ ပြောင်းဖူးရွက်ခြောက်ရောဂါသည် တစ်ဧက ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်သည်။ မြေပဲရွက်ကပ်ပိုးသည် တစ်ဧကအတွက် ၅၀ ရာခိုင်နှုန်းအထိ အထွက်နှုန်း ကျစေနိုင်သည်။ စပါးဖြုတ်ကျောဖြူပိုးသည် တစ်ဧက ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ထိခိုက်ဆုံးရှုံးနိုင်သည်။ ပဲတီစိမ်းသီးနှံ အဝါရောင်မိုစေ့ရောဂါကြောင့် တစ်ဧကအတွက်နှုန်း ၄၀ ရာခိုင်နှုန်း မှ ၆၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်သည်။ မတ်ပဲ၊ ပဲစင်းငုံ သီးလုံးဖောက်ပိုးကြောင့် တစ်ဧကလျှင် ၃၅ ရာခိုင်နှုန်း မှ ၄၅ ရာခိုင်နှုန်းအထိ အထွက်နှုန်းကျစေနိုင်သည်။

သို့ပါ၍ မြန်မာနိုင်ငံ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များကလည်း စပါးဆစ်ပိုးဒဏ်ခံနိုင်သောစပါးမျိုး ၁၀၀ မျိုးကို ထုတ်လုပ်၍ ဆစ်ပိုးရန်ကို အန်တုတွန်းလှန်ခဲ့ပါသည်။ ဖြုတ်ကျောဖြူဒဏ်ခံနိုင်သောစပါးမျိုး ကျော်ဇေယျ၊ အင်းမရဲဘော်၊ ရွှေသွယ်ရင်၊ ရွှေဝါထွန်း၊ မော်ဘီ ၂၊ ရေဆင်း ၁၊ သီးထပ်ရင်စပါးမျိုးများကို မွေးထုတ်ပေးထားပြီးဖြစ်သည်။ စပါးဘက်တီးရီးယားရွက်ခြောက်ရောဂါဒဏ်ခံနိုင်သော ရတနာအောင်၊ ရေဆင်း ၂ နှင့် ၃၊ ဆင်းသိဂီ၊ ယာ-၂၊ ယာ-၈၊ ဆင်းဧကရီ ၃၊ ၄ စပါးမျိုးများကိုမွေးထုတ်၍ ရောဂါဒဏ်ကို အန်တုယှဉ်ပြိုင်နေကြပြီဖြစ်သည်။ တစ်ဖန် ရေဆင်းသုတေသနဦးစီးဌာနမှ ရေတော်ဒဏ်ခံနိုင်သည့် ပြောင်းဖူးမျိုးသက်လတ်ရွှေဝါ ၁၊ အပင်ယိုင်လဲမှုဒဏ်ခံနိုင်သည့်သက်လတ်ရွှေဝါ-၂၊ ပင်စည်ပုပ်နှင့်မျိုးစေ့ထိုးပိုးဒဏ်ခံနိုင်သည့်ပြောင်းဖူးမျိုးသက်လတ်ရွှေဝါ ၁ နှင့် ရှမ်းကုန်းပြင်မြင့်ဒေသအတွက် အအေးဒဏ်ခံနိုင်ပြီး ရွက်ခြောက်ရောဂါဒဏ်ခံနိုင်သည့် ရေဆင်းစပ်မျိုး ၃၊ ၁၀၊ ၁၁ တို့သည် ဒေသတွင်းရာသီဥတုကို အန်တု၍ ကြံ့ကြံ့ခံရန်းကန်နေကြပြီဖြစ်သည်။ မြေပြန့်ဒေသများတွင် ပူပြင်းမှုဒဏ်ခံနိုင်ပြီး ရေငတ်ဒဏ်ခံနိုင်သော ရေဆင်းစပ်မျိုးပြောင်း ၄ သည်လည်း အောင်မြင်နေပြီဖြစ်သည်။

ရေငတ်ဒဏ်ခံနိုင်ပြီး ပူပြင်းသောရာသီဥတုကို အန်တု၍ ကြံ့ကြံ့ခံနိုင်သော ဆင်းပဒေသာ ၅၊ ၆၊ ၇ မြေပဲမျိုးများသည် ရွက်လိပ်ရွက်ကပ်ပိုး၊ ရွက်ပြောက်ရောဂါ၊ သံချေးရောဂါဒဏ်ပါခံနိုင်သဖြင့် စစ်ကိုင်း၊ မန္တလေး၊ မကွေးဒေသတို့တွင် ရာသီမရွေးကြံ့ကြံ့ခံနိုင်သောကြောင့် လယ်သမားကြီးများအကြိုက်တွေ့သည့်မျိုးများဖြစ်နေကြပြီဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးဧကလည်း ပိုမိုများပြားလာသည်ကို တွေ့နေရသည်။ မိုးခေါင်ဒဏ်အန်တုကာ ကြံ့ကြံ့ခံ၍ ရေငတ်ဒဏ်ကိုလည်း အံကြိတ်ခံနိုင်သဖြင့် မကွေး၊ မန္တလေး၊ စစ်ကိုင်းစသည့် ပူပြင်းခြောက်သွေ့သည့်ဒေသတို့တွင် မင်းမူနေသော နှမ်းဖြူဆင်းရတနာ ၄ သည်လည်း ထိုဒေသရှိ လယ်သမားကြီးများ အသည်းစွဲဖြစ်နေပြီဖြစ်သည်။ ထို့အတူပင် အထက်ပါဒေသများတွင် နှမ်းဖိုရောဂါဒဏ်ခံပြီး ရေငတ်ဒဏ်ခံနိုင်သော ဆင်းရတနာ-၂၊ ရေတာရှည်၊ ရိုးစိမ်း၊ ကြယ်မရှောင်နှင့် နှမ်းရိုးမဲရောဂါဒဏ်ခံနိုင်သော နှမ်းနီ ၂၅/၁၆၀၊ ရသေ့ကျော်၊ နှမ်းမျိုးများသည်လည်း လယ်သမားကြီးများ၏ မြေယာဝယ်ပွဲလယ်တင့်လျက် ရှိနေသည်။

တစ်ဖန်ဆောင်းရာသီ လယ်သီးထပ်တွင် သာမက မိုးရာသီ၊ မိုးကြိုရာသီတွင်ပါ မင်းမူလာနိုင်သည့် ရေဆင်း-၁၊ ရေဆင်း-၂၊ ပဲတီရွှေဝါ၊ စိုက်ပျိုးရေး ၁ စသည့် ပဲတီစိမ်းမျိုးများသည် မိုးကြို၊ မိုးလယ်၊ ဆောင်းစသည့်သုံးရာသီလုံး ရာသီမရွေးစိုက်ပျိုးနိုင်သဖြင့် ဖောက်ပြန်ပြောင်းလဲလာသော ရာသီဥတုဖြစ်ပေါ်မှုအခြေအနေကို အန်တုနိုင်သောကြောင့် လယ်သမားကြီးများ လက်မလွှတ်တမ်းစိုက်ပျိုးနေကြပြီဖြစ်သည်။ မိုးကြိုမမီလျှင်၊ ရာသီမိုးမမီလျှင်၊ ဆောင်းရာသီကို မမီလိုက်လျှင် ကြိုက်သလိုဖန်တီးစိုက်ပျိုးနိုင်ပြီဖြစ်၍ ဖောက်ပြန်ပြောင်းလဲနေသောရာသီဥတုကို တွန်းလှန်နိုင်ကြပြီဖြစ်သည်။ အပင်ညှိုးသေဒဏ်ခံ၊ သိုလှောင်မိုးဒဏ်ခံ၊ ရေငတ်ဒဏ်ခံနိုင်သော (ICCV 8802) ပဲတီစိမ်းမျိုးသည်လည်း ပူပြင်းခြောက်သွေ့ဒေသများအတွက် ဖောက်ပြန်ပြောင်းလဲလာသော ရာသီဥတုကို အန်တု ရင်ဆိုင်နေသည့်ရှေ့တန်းမှ စစ်သည်ကောင်း တစ်ယောက်ပမာ ဖြစ်လာခဲ့သည်။

တစ်ဖန် သံချေးရောဂါဒဏ်ခံနိုင်ပြီး ရေငတ်ဒဏ် အသင့်အတင့်ခံနိုင်သော ပဲပုပ်မျိုးသည်လည်း နေရာတစ်ခုရလာခဲ့ပြီဖြစ်သည်။ ပူပြင်းခြောက်သွေ့မှုနှင့် ရေငတ်ဒဏ်ခံနိုင်ပြီး အူနီရောဂါဒဏ်ခံနိုင်သော မြေလတ်ဒေသများအတွက် ရှေ့တန်းက တိုက်စစ်ဆင်ပေးမည့် ရေဆင်း-၃ ကြံမျိုးသည်လည်း မန္တလေး၊ ကချင်၊ ရှမ်းနှင့်မွန်ပြည်နယ်ဒေသတို့တွင် နေရာယူလျက်ရှိနေကြပြီဖြစ်သည်။

အခြားသောစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်သီးနှံများအတွက်လည်း ရေအနည်းလိုစပါး၊ ရေငတ်ခံစပါး၊ ရေနစ်မြုပ်ခံစပါးခြောက်မျိုး၊ ဆားငန်ခံစပါးလေးမျိုး၊ ဆပ်ပြာပေါက်မြေခံစပါးနှစ်မျိုး၊ ခြောက်သွေ့ပူပြင်း၍ ရေငတ်ဒဏ်ခံပြီး သက်တမ်းတိုသော မြေပဲသုံးမျိုး၊ ပဲတီစိမ်းလေးမျိုး၊ မတ်ပဲသုံးမျိုး၊ ကုလားပဲသုံးမျိုး၊ ပဲပုပ်နှစ်မျိုး၊ နေကြာတစ်မျိုး၊ နှမ်းသုံးမျိုးကိုလည်း မွေးထုတ်၍ ယနေ့ကြုံတွေ့ရင်ဆိုင်နေရသည့် ဖောက်ပြန်ပြောင်းလဲလာသော ရာသီဥတုကို အန်တုတွန်းလှန်နိုင်ရန် သက်ဆိုင်ရာဒေသကွင်းများဆီသို့ အရောက်ပို့ကာ ရင်ဆိုင်စေခဲ့ပြီး ဖြစ်သည်။

သို့ပါ၍ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုမှ မြန်မာနိုင်ငံအပေါ် ရိုက်ခတ်လာခြင်းများကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ဖရိုဖရဲ ကစဉ့်ကလျားဖြစ်မသွားစေရန် ဒေသရာသီဥတုဖောက်ပြန်ပြောင်းလဲလာမှုအခြေအနေနှင့် ကိုက်ညီအောင် နားစွင့်လေ့လာရင်း သက်ဆိုင်ရာဌာနများ၊ ဒေသအဖွဲ့အစည်းများ၊ တောင်သူလယ်သမားကြီးများ အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ကြိုတင်စီမံပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်သည်။ ■

# ရေငွေ့ပျံခြင်းနှင့်ပင်ရည်ပျံခြင်းဖြစ်စဉ်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်မှု

ဦးဗရက်သိန်းဝေ



**ရေငွေ့ပျံခြင်း (Evaporation)မှာ မြေဆီလွှာ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်စသည့်နေရာများမှ ဝန်းကျင်လေထု အတွင်းသို့ အငွေ့ပျံဆုံးပါးခြင်း ဖြစ်သည်။ ပင်ရေပျံခြင်း (ပင်ရည်ပျံခြင်းမဟုတ်)မှာ အပင်များ၏ မျက်နှာပြင် အထူးသဖြင့် အရွက်များ၏ မျက်နှာပြင်ရှိ စတိုမာ (Stoma) ခေါ် လေပေါက်များမှ ဝန်းကျင်လေထုအတွင်းသို့ အငွေ့ပျံဆုံးပါးခြင်းဖြစ်သည်။ ရေငွေ့ပျံခြင်းမှာ ရုပ်ပိုင်းဆိုင်ရာဖြစ်စဉ်တစ်မျိုး (Physical process) ဖြစ်ပြီး၊ ပင်ရေပျံခြင်းမှာ ဇီဝဖြစ်စဉ် (Biological process)ဖြစ်သည်။ ထိုဖြစ်စဉ်နှစ်မျိုးကိုပေါင်းပြီး ပညာရှင်များက ရေငွေ့ပျံ၊ ပင်ရေပျံခြင်း (Evapo-transpiration)ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ တိုးတက်သောသိပ္ပံအမြင်ဖြင့် မိမိတို့ပြုလုပ်သော စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူဖြစ်စေလိုပါက ဤဖြစ်စဉ်အပေါ် သက်ရောက်မှုများကို လေ့လာရန် လိုအပ်လာပါသည်။ ဤဖြစ်စဉ်ကို ကောင်းစွာသဘောပေါက်ပြီး အသုံးပြုနိုင်မှသာ မိမိတို့ပြုလုပ်သော စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူဖြစ်စေနိုင်မည် ဖြစ်သည်။**

### သီးနှံပင်များ၏ ရေလိုအပ်မှု

သီးနှံပင်များ စိုက်ပျိုးရာတွင် ထိုအပင်များ၏ ရှင်သန်ခြင်း၊ ကြီးထွားဖွံ့ဖြိုးခြင်းနှင့် ဈေးကွက်အတွက် လိုအပ်သော အစေ့၊ အသီး၊ ဥစသည့်ထွက်ကုန်များ ရရှိရန် ရေလိုအပ်သည်။ စိုက်ပျိုးသူများအနေဖြင့် သီးနှံပင်များအတွက် လိုအပ်သော ရေပမာဏကို မှန်ကန်စွာ ထောက်ပံ့ရန် လိုအပ်သည်။ သီးနှံပင်များအတွက် လိုအပ်သောရေဆိုရာတွင် လမ်းကြောင်းသုံးသွယ်ဖြင့် လေ့လာတွေ့ရှိနိုင်သည်။ စိုက်ခင်းအတွင်း မြေဆီလွှာမျက်နှာပြင်မှ ရေငွေ့ပျံဆုံးပါးခြင်း (Evaporation)၊ အရွက်မျက်နှာပြင်မှ လေထုအတွင်းသို့ ရေငွေ့ပျံဆုံးပါးခြင်း (Transpiration)နှင့် အပင်၏အမြစ်များက မြေဆီလွှာမှစုပ်ယူပြီး အပင်၏ဇီဝကိစ္စများတွင် အသုံးပြုသောရေစသည်တို့ဖြစ်သည်။ ပညာရှင်များ၏လေ့လာချက်အရ ဤကမ္ဘာတွင် ပင်လယ်၊ မြစ်၊ ကန်၊ မြေဆီလွှာမျက်နှာပြင်များမှ ရေငွေ့ပျံခြင်းမှာ ၉၀ ရာခိုင်နှုန်းရှိပြီး အပင်များ၏အရွက်နှင့်အခြားမျက်နှာပြင်များမှ ရေငွေ့ပျံဆုံးပါးခြင်းမှ ၁၀ ရာခိုင်နှုန်းခန့်သာရှိသည်။ အပင်များ၏ဇီဝကိစ္စအတွက် အသုံးပြုသောရေမှာ ၁ ရာနှုန်းပင်မရှိပါ။

### ရေငွေ့ပျံခြင်း (Evaporation)

အပင်မဟုတ်သည့် သက်မဲ့ပစ္စည်းများဖြစ်သော မြေဆီလွှာ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်ကဲ့သို့ မျက်နှာပြင်များမှ လေထုအတွင်းသို့ ရေငွေ့ပျံဆုံးပါးသောဖြစ်စဉ်များဖြစ်သည်။ အရည်ဖြစ်သောရေမှ အငွေ့ဖြစ်သော ရေငွေ့အဖြစ်သို့ စတင်ပြောင်းလဲရန်အတွက်ပင်လျှင် စွမ်းအင် (Energy) လိုအပ်သည်။ ထိုစွမ်းအင်ကို နေရောင်ခြည်၏စွမ်းအင်အဖြစ် ရရှိသည်။ ရေ၏မော်လီကျူးများအပေါ် ကျရောက်သော နေရောင်ခြည်၏စွမ်းအင်ကြောင့် ရေမော်လီကျူးများ သက်ဝင်လှုပ်ရှားလာသည်။ ထိုလှုပ်ရှားမှုက ရေငွေ့ပျံခြင်းကို ဖြစ်စေခြင်းဖြစ်သည်။ ရေငွေ့မပျံဘဲကျန်ရှိသောရေများမှာ အပူချိန်ကျလာသည်။ အေးလာသည်။ ရေငွေ့ပျံခြင်းဖြစ်စဉ်အပေါ် နေရောင်ခြည်၏အလင်း၊ လေထု၊ အပူချိန်၊ ဝန်းကျင်စိုထိုင်းဆနှင့် လေတိုက်ခတ်နှုန်းများ၏ သက်ရောက်မှုရှိသည်။

ရေငွေ့ပျံသောနေရာ၏ အကျယ်အဝန်းမှာလည်း ရေငွေ့ပျံခြင်းအပေါ် သက်ရောက်မှုကို ဖြစ်စေသည်။ ရေငွေ့ပျံဧရိယာ ပိုကျယ်သည်နှင့်အမျှ ရေငွေ့ပျံနှုန်းပိုမည်သာဖြစ်သည်။

ဝန်းကျင်လေထု၏ ဖိအားမှာလည်း ရေငွေ့ပျံခြင်းအပေါ် သက်ရောက်မှုရှိသည်။ အမြင့်နေရာများကဲ့သို့ ဖိအားနည်းလာသောဝန်းကျင်မျိုးတွင် အနိမ့်နေရာများထက် ရေငွေ့ပျံနှုန်းပိုမည်ဖြစ်သည်။

ပင်လယ်ရေကဲ့သို့သော ဓာတ်ပျော်ဝင်မှုများသောရေမျိုးတွင် ပင်ရေပျံခြင်းမှာ ဆားများပျော်ဝင်မှုနည်းသော ရေချိုသည် ရေငွေ့ပျံနှုန်းများမည်ဖြစ်သည်။ ပင်လယ်ရေများမှ ရေငွေ့ပျံခြင်းမှာ ရေချိုများမှ ရေငွေ့ပျံနှုန်းထက် ၅ ရာနှုန်း လျော့နည်းကြောင်း စမ်းသပ်တွေ့ရှိရသည်။

### ပင်ရည်ပျံခြင်း (Transpiration)

အချို့သော ဘာသာပြန်သူများက Transpiration ကို ပင်ရည်ပျံခြင်းဟု ပြန်ဆိုကြသည်။ ဤဖြစ်စဉ်တွင် အပင်အတွင်းရှိနေသောပင်ရည်များ လေထုအတွင်းသို့ အငွေ့ပျံဆုံးပါးခြင်းမဟုတ်ဘဲ အပင်အတွင်းရောက်ရှိနေသော ရေများ အငွေ့ပျံဆုံးပါးခြင်းကြောင့် အချို့က ပင်ရည်ပျံခြင်းမှာ ပို၍မှန်ကန်သည်ဟု ဆိုကြပါသည်။ ပင်ရည်ပျံရာတွင် အဓိကနေရာမှာ အရွက်များ၏ မျက်နှာပြင်ပေါ်ရှိ စတိုမာ ခေါ် လေပေါက်မှဖြစ်သည်။ သစ်ပင်ကြီးများ၏ သစ်ခေါက်မျက်နှာပြင်တွင်ရှိသော Lenticels ခေါ် အပေါက်များကလည်း ရေငွေ့ပျံဆုံးပါးနိုင်ပါသည်။ အမြစ်များက မြေဆီလွှာအတွင်းမှ စုပ်ယူသော ရေတွင် ဓာတ်ဆားများပါဝင်မြဲဖြစ်သည်။ ပင်ရည်ပျံခြင်းကြောင့် အပင်အတွင်းမှ ရေများရွေ့လျားရာတွင် ဓာတ်ဆားများ၏ ရွေ့လျားမှုကို ဖြစ်စေသည်။ သို့သော် ထိုဓာတ်ဆားများမှာ ပင်ရေပျံစဉ်ကာလ ဝန်းကျင်လေထုအတွင်းသို့ ရောက်ရှိမသွားဘဲ အပင်အတွင်း၌သာ ကျန်ရှိမြဲဖြစ်သည်။ ပင်ရည်ပျံနေရာဖြစ်သော ထိုစတိုမာများမှာ အပင်အတွင်းနှင့်လေထုအကြား ဓာတ်ငွေ့ဖလှယ်မှုများကိုလည်း ဖြစ်စေသည်။ အပင်အတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ဝင်ရောက်သကဲ့သို့ အပင်အတွင်းမှ ဝန်းကျင်လေထုအတွင်းသို့ အောက်စီဂျင်ဓာတ်ငွေ့များ ပြန်ထွက်ကြသည်။ ပင်ရေပျံခြင်းကြောင့် အရွက်များ၏ မျက်နှာပြင်တွင် အပူချိန်ကျပြီး အေးစေသည်။

ဤသို့ဖြင့် ပြင်းထန်သောနေရောင်ခြည်အောက်တွင် လောင်ကျွမ်းခြင်းမရှိဘဲ ပုံမှန်အနေအထားဖြင့် ဇီဝကိစ္စများကို ဆက်လက်ဆောင်ရွက်ပြီး ရှင်သန်နိုင်သည်။ အပင်အတွင်း အခြောက်အလေးချိန် တစ်ကီလိုဂရမ်ရရန် ထိုအပင်က ရေ ၂၀၀ မှ ၁၀၀၀ ကီလိုအထိ ပင်ရေပျံကြသည်။




သဲကန္တာရကဲ့သို့ ရေနည်းသောဝန်းကျင်မျိုးတွင် အခြေချရှင်သန်နေကြသော အပင်များမှ အပင်အတွင်းမှ ပင်ရေပျံဆုံးပါးမှုလျော့နည်းစေမည့် ပြောင်းလဲမှုများ ဖြစ်ပေါ်မြဲဖြစ်သည်။ အရွက်နှင့် အပင်၏မျက်နှာပြင်ပေါ်တွင် ရေမစိမ့်နိုင်သော ကျူတီကယ် ခေါ် ဖယောင်းလွှာများ ဖြစ်ပေါ်ခြင်းက ရေလိုအပ်မှုကို လျော့နည်းစေသည်။ တစ်နည်းအားဖြင့် ပင်ရေပျံခြင်းကို လျော့နည်းစေသောအကြောင်းများတွင် အရွက်အရေအတွက်လျော့နည်းခြင်း၊ အရွယ် အရွယ်သေးငယ်ခြင်း၊ အရွက်မျက်နှာပြင်လျော့နည်းရန် အရွက်များလိပ်ခြင်း၊ အပ်ချောင်းပုံဖြစ်ပေါ်ခြင်း၊ အရွက်ကြွေခြင်းတို့ဖြစ်သည်။ များစွာသောကန္တာရပင်များတွင် အရည်ရွှမ်းသောအပင်မျိုးများရှိနေမည်။ ထိုအပင်များ၏ အလင်းမှီအစာချက်ခြင်းမှာလည်း နေ့ကာလပူပြင်းခြောက်သွေ့သော ဝန်းကျင်တွင် ရေဆုံးပါးမှုကို လျှော့ချရန် စတိုမာများကို ပြန်ဖွင့်ပြီး ဝန်းကျင်လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို ရယူကြသည်။ ထိုကဲ့သို့သော အစာချက်နည်းကို ခရတ်စူးလျှံအက်စစ် မက်တာဘော်လစ်ဇင် (Crarsulean Acid Metabolism CAM- ကမ်) ဟု ခေါ်သည်။

### ပင်ရည်ပျံခြင်းဖြစ်စဉ်အပေါ် သက်ရောက်မှုများ

#### ဝန်းကျင်လေထုအပူချိန်

ဝန်းကျင်လေထုအပူချိန်မြင့်တက်သည်နှင့်အမျှ ပင်ရည်ပျံနှုန်း မြင့်တက်လေ့ရှိသည်။

#### အလင်းရောင်

ပင်ရည်ပျံခြင်းအပေါ် အလင်း၏ သက်ရောက်မှုမှာ တိုက်ရိုက်နှင့်သွယ်ဝိုက်မှုဟူ၍ နှစ်မျိုးရှိသည်။ အလင်းသည် စတိုမာများကို ပွင့်စေသောကြောင့် ပင်ရည်ပျံခြင်းကို အားပေးသော်လည်း အလင်းလွန်ကဲသောအခါ အပူချိန်မြင့်တက်မှုမှာကား ပင်ရည်ပျံခြင်းကို ကျဆင်းစေသည်။

ဝန်းကျင်စိုထိုင်းဆ၊ လေတိုက်ခတ်နှုန်း၊ မြေဆီလွှာအတွင်း ရေရရှိနိုင်မှုများကလည်း သီးနှံပင်များ၏ ပင်ရည်ပျံခြင်းအပေါ် သက်ရောက်မှုများ ဖြစ်စေသည်။

#### သီးနှံပင်များ၏သဘာဝ

မတူညီသောသီးနှံပင်များ၏ သဘာဝကြောင့် ယင်းတို့၏ပင်ရည်ပျံခြင်းမှာလည်း မတူကွဲပြားလျက်ရှိသည်။ အရွက်မျက်နှာပြင်ပိုကျယ်သောအပင်များက ပင်ရည်ပျံနှုန်းပိုမြဲဖြစ်သည်။ ပိုမြင့်သောအပင်များက ပုသောအပင်များထက် နေရောင်ပိုရခြင်းကြောင့် ပင်ရည်ပျံနှုန်းပိုများသည်။ ရေနည်းသောအရပ်များ၌ပေါက်သော အရည်ရွှမ်းအပင်များမှာ ပင်ရည်ပျံနှုန်းနည်းကြသည်။

### ရေငွေ့ပျံခြင်းနှင့်ပင်ရည်ပျံခြင်း (Evapotranspiration)

ရေငွေ့ပျံခြင်း (Evaporation) နှင့် ပင်ရည်ပျံခြင်း (Transpiration) မှာ တစ်ပြိုင်တည်းဖြစ်ပေါ်နေသောဖြစ်စဉ်များဖြစ်၍ သီးသန့်စီခွဲခြားလေ့လာရန် မလွယ်ကူပေ။ ထို့ကြောင့် စိုက်ခင်းရေဆုံးပါးမှုအားလုံးကို တစ်ပေါင်းတည်းအဖြစ် ဖော်ပြသောရေငွေ့ပျံခြင်းနှင့် ပင်ရည်ပျံခြင်းကိုပေါင်းပြီး Evapotranspiratious အဖြစ် လေ့လာမှုပြုလုပ်ရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ရေငွေ့ပျံခြင်းနှင့် ပင်ရည်ပျံခြင်းမှာ မြေဆီလွှာမျက်နှာပြင်မှ ရေငွေ့ပျံခြင်းနှင့်သီးနှံပင်များမှ ပင်ရေပျံခြင်းကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ထိုရေပမာဏမှာ အပင်အသုံးပြုသော ရေပမာဏဟုဆိုလိုခြင်းမဟုတ်ဘဲ အပင်များရှင်သန်ခြင်း၊ ကြီးထွားဖွံ့ဖြိုးခြင်းနှင့် အထွက်နှုန်းကောင်းမွန်ရန်အတွက် လိုအပ်သောရေပမာဏကို ဆိုလိုခြင်းဖြစ်သည်။ ထိုသို့သောရေပမာဏကို စိုက်ပျိုးသူက မိမိစိုက်ပျိုးသောသီးနှံပင်အား ထောက်ပံ့နိုင်မှ ကောင်းသောရလဒ်ကို ရရှိစေနိုင်မည်ဖြစ်သည်။ အပင်က လိုအပ်သော ရေပမာဏမှာ ဝန်းကျင်ရာသီဥတု၊ သီးနှံအမျိုးအစား၊ ကြီးထွားမှု၌ တည်နေသည်။ ပူပြင်းခြောက်သွေ့ပြီး နေပြင်း၍ လေတိုက်ခတ်နှုန်း၊ မြင့်သောနေရာမျိုးတွင် ရေလိုအပ်မှု ပိုလိုပေသည်။

### သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် ရေငွေ့ပျံခြင်း၊ ပင်ရည်ပျံခြင်း၏ အရေးပါပုံ

ရေငွေ့ပျံခြင်းနှင့်ပင်ရည်ပျံခြင်းမှာ သီးနှံပင်များ၏အထွက်နှုန်းအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနေသည်။ ထိုဖြစ်စဉ်အတွက် လိုအပ်သောရေကို မြေဆီလွှာမှ အလုံအလောက်ရရှိရန် လိုအပ်သည်။ ရေများလွန်းခြင်းကလည်း ရေမလုံလောက်ခြင်းထက် ပို၍ကြီးမားသောဆုံးရှုံးမှုကို ဖြစ်စေနိုင်သည်။ စိုက်ပျိုးသူအနေဖြင့် အသင့်တော်ဆုံး သီးနှံမျိုးကို ရွေးချယ်အသုံးပြုရန် လိုအပ်သကဲ့သို့ အချိန်မှန် ရာသီမှန်တွင် စိုက်ပျိုးရန်လည်း လိုအပ်သည်။

မိုးရေ (သို့မဟုတ်) သွင်းရေမှ ရရှိမည့် ရေပမာဏနှင့်ရာသီအလိုက် လိုအပ်သော ရေပမာဏနှင့်ကိုက်ညီရန်လည်း လိုအပ်သည်။ မိုးခေါင်ရေရှားသောဒေသမျိုးတွင် သီးနှံပင်အတွက် ရေကိုပမာဏလုံလောက်စွာ အချိန်ကာလကြာရှည်စွာ ရရှိရန် ရေကို ထိန်းသိမ်းထားရန် လိုအပ်သည်။

ရေငွေ့ပျံခြင်း၊ ပင်ရည်ပျံခြင်းမှာ ဖြစ်စဉ်နှစ်မျိုးကို စုပေါင်းထားသောဖြစ်စဉ်ဖြစ်သည်။ ရေငွေ့ပျံခြင်းမှာ ရုပဖြစ်စဉ် (Physical process)ဖြစ်ပြီး၊ ပင်ရည်ပျံခြင်းမှာ ဇီဝဖြစ်စဉ် (Biological process) ဖြစ်သည်။ စိုက်ပျိုးမြေက သင့်တော်ရာ သီးနှံမျိုးကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်သကဲ့သို့ သီးနှံပင်အတွက် လိုအပ်သော ရေပမာဏရရှိရန်လည်း လိုအပ်သည်။

သီးနှံပင် ရိတ်သိမ်းရမည့်အချိန်နှင့် ကိုက်ညီမည့်စိုက်ချိန်ကိုလည်း ထိန်းညှိရန် လိုအပ်သည်။ အကယ်၍ စိုက်ပျိုးသူအနေဖြင့် မိမိစိုက်ပျိုးသော သီးနှံပင်၏ သဘာဝကို ကောင်းစွာလေ့လာပြီး စိုက်ပျိုးမည့်ဝန်းကျင်အမျိုးအစားနှင့် ဆီလျော်မည့်အနေအထားကို ဖန်တီးနိုင်ပါက အောင်မြင်မှုရရှိနိုင်မည် ဖြစ်သည်။ ရေငွေ့ပျံခြင်း၊ ပင်ရည်ပျံခြင်းဖြစ်စဉ်မှာ သီးနှံပင်များ၏ ရှင်သန်ခြင်း၊ ကြီးထွားဖွံ့ဖြိုးခြင်းနှင့်အထွက်နှုန်းအပေါ် ကြီးမားစွာ သက်ရောက်မှုရှိသည်ကို သတိပြုရန် လိုအပ်သည်။ ■

# အဆိပ်ဘက်တီးရီးယားပိုးများကို ပလတ်စတစ်အစများ၌ တွေ့ရ

**သေး** ငယ်သောပလတ်စတစ်အစအနများပေါ်ရှိ ဘက်တီးရီးယားပိုးများသည် ပင်လယ်ထဲနှင့်ပင်လယ်ကမ်းခြေများတွင် ပျံ့နှံ့လျက်ရှိရာ ၎င်းပိုးများ သည် သန္တာကျောက်ခက်တန်းများကို ပျက်စီးစေပြီး၊ လူများအနာတရဖြစ်ရန် ကူးစက်စေသည်ဟု သုတေသီတို့က ပြောကြသည်။

စင်ကာပူအမျိုးသားတက္ကသိုလ်မှ အဏ္ဏဝါသိပ္ပံပညာရှင်များ ၂၀၁၈ ဧပြီနှင့် ဇူလိုင်အတွင်း၌ စင်ကာပူပင်လယ်ကမ်းခြေဒေသများနှင့် ပင်လယ်ရေပြင်ထဲရှိ ပလတ်စတစ်အစအနများကို ရယူပြီး သုတေသနပြုလုပ်ခဲ့ရာ သေးငယ်သော ပလတ်စတစ်အစအန ၂၇၅ ခုမှ ဘက်တီးရီးယားပိုးအမျိုးမျိုး ၄၀၀ ကျော်ကို တွေ့ခဲ့ကြရသည်။

အဆိုပါပလတ်စတစ်အစအနများမှာ တစ်ခုလျှင် ၅ မီလီမီတာထက်ပင် ပို၍ သေးငယ်ကြ၏။

၎င်းခြောက်လအတွင်း သုတေသနလုပ်ခဲ့ရာ၌ သန္တာကျောက်ခက်တန်းများကို ပျက်စီးစေသော ဘက်တီးရီယားပိုးများနှင့် လူတွင်ရှိသော ထိခိုက်ဒဏ်ရာများထဲသို့ ကူးစက်ဝင်ရောက်သည့်ပိုးများကို တွေ့ခဲ့ရကြောင်း သိရသည်။

သေးငယ်သော ပလတ်စတစ် အစအနများသည် လူတို့အပန်းဖြေရာ ပင်လယ်ကမ်းစပ်များ၌လည်းရှိလေရာ သေးငယ်သောကြောင့် သဲများထဲ၌ ပျောက်ကွယ်နေ၏။

ပလတ်စတစ်အစအနများသည် သေးငယ်သော်လည်း ကြွေမွပျက်စီးသွားရန် နှစ်ပေါင်းရာချီ၍ကြာကြောင်း သိရသည်။

အဏ္ဏဝါသုတေသီတို့၏ အဆိုအရ ကမ္ဘာ့ပင်လယ်သမုဒ္ဒရာရေပြင်ထဲ၌ ပလတ်စတစ်အစအနမျိုးစုံ အကြီးအသေးများသည်လည်း တန်ချိန် ၁၅၀ ထက် ပို၍ရှိနေသည်ဟု သိရသည်။

ပင်လယ်သမုဒ္ဒရာထဲရှိ ပိုးများပါသောပလတ်စတစ်များကို ငါးများက အစာမှတ်၍စားမိပြီး ၎င်းငါးများကို လူတို့က ဖမ်းဆီးရမိကာ စားသောက်ပြန်ရာ လူတို့အတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သည်ဟု သုတေသီတို့က ပြောကြသည်။

လူတို့သည် ပလတ်စတစ်များကို အသုံးပြုမှုများလာရာ ပလတ်စတစ်အမှိုက်များသည်လည်း ပို၍များလာ၏။ မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲသို့ ရောက်ရှိလာရာ ပင်လယ်သမုဒ္ဒရာရေများသည် ပလတ်စတစ်အမှိုက်များဖြင့် ညစ်ညမ်းလာပြီး ရောဂါပိုးများမှာလည်း ပလတ်စတစ်များပေါ်တွင် ကပ်ငြိလာသည်။

ပလတ်စတစ်များကို မဆင်မခြင် စွန့်ပစ်နေပါက သဘာဝပတ်ဝန်းကျင်မှာလည်း ပိုမိုညစ်ညမ်းလာကာ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် လူတို့ရောဂါရမှုသည်လည်း များလာမည်ဟု သိပ္ပံပညာရှင်များက ထောက်ပြလာကြသည်။

(စထရိတ်တိုင်းမ်စ် ၁၂.၂.၁၉)





# တုပ်ကွေးမမိရန် သတိပြုရမည့်အချက်များ

**ကျန်း** မာစွာနေထိုင်ရေး၌ တစ်ကိုယ်ရေသန့်ရှင်းရေးသည် အရေးကြီး၏။ ရာသီဥတုအကူးအပြောင်းကာလများ၌ ကျန်းမာရေးချို့ယွင်းမှုများ ရှိလာတတ်၏။ ဥပမာ–တုပ်ကွေးမိခြင်း၊ တုပ်ကွေးရောဂါသည် ကူးစက်မှုမြန်၏။ ဘက်တီးရီးယားပိုးများကြောင့် ဖြစ်သည်။

တုပ်ကွေးမမိစေရန် အောက်ပါအလေ့အကျင့်များကို အမြဲပြုလုပ်ပါ။

မျက်နှာသုတ်ပဝါကို မိမိတစ်ဦးတည်းအသုံးပြုပါ။ အခြားအိမ်သားများနှင့်မျှဝေပြီး မသုံးပါနှင့်။ စိုနေသော မျက်နှာသုတ်ပဝါများသည် ဘက်တီးရီးယားပိုးများကို ပေါက်ဖွားစေသည်။ ရေစိုမျက်နှာသုတ်ပဝါများသည် စိုထိုင်းဆကို စုပ်ယူထားသည်သာမက ဖုန်မှုန့်များကို အရေပြားဆဲလ်များကိုပါ စုပ်ယူထား၏။ မျက်နှာသုတ်ပဝါနှင့် ကိုယ်သုတ်ပဝါများကို သုတ်ပြီးလျှင် အေး၍ခြောက်သွေ့သောနေရာ၌ လှန်းထားပါ။ မျက်နှာသုတ်ပဝါကို နေ့စဉ်လဲနိုင်လျှင် အကောင်းဆုံးဖြစ်ပြီး ကိုယ်သုတ်ပဝါကိုမူ နှစ်ရက် (သို့မဟုတ်) သုံးရက်တစ်ခါ အသစ်လဲပါ။ (နေ့စဉ်လဲနိုင်လျှင် ပိုကောင်းပါသည်။)

ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ထားသော ဝတ်စုံနှင့်မနေပါနှင့်။ ချွေးစိုနေသောအားကစားဝတ်စုံများသည် ဘက်တီးရီးယားပိုးများ ပေါက်ပွားရာနေရာဖြစ်သည်။ အထူးသဖြင့် ခန္ဓာကိုယ်သည် ပူနွေးနေပြီး ချွေးများဖြင့်စေးထန်းထန်းဖြစ်နေသောအခါ။ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားအားကစားမှုပြုလုပ်ပြီးတိုင်း ချွေးများကို ခြောက်အောင်သုတ်ပြီး ရေချိုးပါ။ အသုံးပြုထားသောအဝတ်များကိုလည်း လျှော်ဖွပ်လိုက်ပါ။

အလုပ်လုပ်ရာ စားပွဲနေရာများတွင် နေ့လယ်စာမစားပါနှင့်။ ဝန်ထမ်းများသည် နေ့လယ်စာကိုလည်းကောင်း၊ အခြားမုန့်ပဲသရေစာများကို လည်းကောင်း၊ အလုပ်လုပ်ရာစားပွဲ၊ နေရာများ၌ လုံးဝမစားပါနှင့်။ သုတေသနဆန်းစစ်ချက်တစ်ခု၌ အကြံပြုထားသည်မှာ ပျမ်းမျှခြင်းအားဖြင့် အလုပ်စားပွဲနေရာများ၌ ဘက်တီးရီးယားပိုးများသည် ပျမ်းမျှခြင်းအားဖြင့် (အိမ်သာ)တွင်ရှိသော ပိုးများထက် အဆ ၄၀၀ ပိုရှိသည်ဟု ဖော်ပြထားသည်။ ကီးဘုတ်၊ တယ်လီဖုန်းတို့ကို လက်ဖြင့်မကြာမကြာ ထိရလေရာ ပိုးများလျင်မြန်စွာ ကူးလာကြ၏။

ဖုန်းကို အိမ်သာထဲသို့ ယူမသွားပါနှင့်။ အိမ်သာကို လူအမျိုးမျိုးအသုံးပြုလေရာ ဖုန်းကို အိမ်သာထဲယူသွားခြင်းဖြင့် ရောဂါပိုးများကို ကူးလာအောင် ပြုလုပ်သလို ဖြစ်သွားသည်။ မလွဲသာ၍ အထဲသို့ယူသွားမိပါက ဖုန်းကိုသန့်ရှင်းမှု အထပ်ထပ် ပြုလုပ်ပါလေ။

(စထရိတ်တိုင်းမ်စ် ၂၆.၁၁.၁၈)

# ပေါ်တူဂီတွင် နွားသိုးနှင့်လူများ အားပြိုင်

**ပေါ်** တူဂီနိုင်ငံမှ ဖျော်ဖြေပွဲတစ်မျိုးဖြစ်သော လူများနှင့်နွားသိုးအားပြိုင်ပွဲတစ်မျိုးကို ကမ္ဘာလှည့်ခရီးသည်များက စိတ်ဝင်စားကြ၏။ ၎င်းပြိုင်ပွဲမှာ အားပြိုင်ပွဲသက်သက်သာဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် နွားသိုးကို သတ်ဖြတ်ခြင်း မပြုလုပ်ကြပေ။

"ကာပီယာအာရီယာနာ"ဟုခေါ်သည့် အဆိုပါပြိုင်ပွဲကို ပေါ်တူဂီမြို့တော် လစ္စဘုန်း၌ နှစ်စဉ်ကျင်းပလေ့ရှိသည်။

ပေါ်တူဂီနှင့်စပိန်နယ်စပ်အနီးရှိ အထက်ကိုအာတောင်ကြားရှိ ကျေးရွာများမှ စတင်ခဲ့သည့် ၎င်းပြိုင်ပွဲ၌ လူ ၂၀ (သို့မဟုတ်) ထို့ထက်ပိုသောလူများသည် တောင့်တင်းသောသစ်လုံးများဖြင့် ပြုလုပ်ထားသည့် ခက်ရင်းခွသဏ္ဌာန်သစ်လုံးများကို ကိုင်ထားပြီး နွားသိုးနှင့်အားပြိုင်ခြင်းဖြစ်သည်။

စပိန်နိုင်ငံတွင် ၁၈ ရာစုမှ စတင်ကျင်းပလာသည့် လူနှင့်နွားသိုးပြိုင်ပွဲနှင့် မတူသော ပြိုင်ပွဲတစ်မျိုးဖြစ်၏။

စပိန်တွင် လူတစ်ယောက်နှင့် နွားသိုးတစ်ကောင်စီသာ အားပြိုင်သည်။

စပိန်နိုင်ငံမှ လူနှင့်နွားသိုးပြိုင်ပွဲတွင် ပြိုင်ပွဲအပြီးတွင် နွားသိုးမှာနိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ အသတ်ခံရ၏။

ပေါ်တူဂီနိုင်ငံတွင် ၁၉၂၈ ခုနှစ်မှစ၍ လူနှင့်နွားသိုးအားပြိုင်ပွဲတွင် နွားသိုးကို မသတ်ရအမိန့် ထုတ်ပြန်ထား၏။

(စထရိတ်တိုင်းမ်စ် ၂၅.၂.၁၉)





# အာဖရိက ရှားပါးကျားသစ်နက် ကင်ညာတွင် တွေ့ရှိ

**အာ** ဖရိကတိုက် ကင်ညာနိုင်ငံအလယ်ပိုင်းရှိ တောထဲ၌ ကျားသစ်နက်ကို တွေ့ရသည်ဟူသော တီးတိုးသတင်းသည် ပျံ့နှံ့လျက်ရှိ၏။ ဤတွင် တောရိုင်းတိရစ္ဆာန်များကို လေ့လာသောအဖွဲ့တစ်ဖွဲ့သည် ကင်ညာအလယ်ပိုင်းတောတွင်း၌ ၂၄ နာရီပတ်လုံး ဓာတ်ပုံရိုက်နိုင်သည့် ကင်မရာများကို တပ်ဆင်ခဲ့ရာ ကင်မရာတစ်လုံးတွင် အဆိုပါရှားပါးကျားသစ်နက်၏ပုံကို တွေ့လိုက်ကြရ၏။

"အာဖရိကတွင် ကျားသစ်နက်ရှိခဲ့သည်ဆိုသည်ကို ယခုရိုက်ကူးထားသော ကင်မရာမှဓာတ်ပုံများက သိပ္ပံပညာဆိုင်ရာ အတည်ပြုချက်ကို ပေးလိုက်တာပါပဲ၊ ကျားသစ်နက်တွေကို အာဖရိကမှာ မတွေ့ရတာ နှစ်ပေါင်း ၁၀၀ ခန့်ရှိပြီ"ဟု လေ့လာရေးအဖွဲ့ဖြစ်သည့် ဆန်ဒေးဂိုးတိရစ္ဆာန်ရုံမှအဖွဲ့ခေါင်းဆောင်က ပြောသည်။

နောက်ဆုံးအတည်ပြုချက်ရခဲ့သည့် ဓာတ်ပုံမှာ ၁၉၀၉ တွင် အဒစ္စအာဘာဘာမြို့တောတွင်းမှရိုက်ကူးရယူခဲ့သော ဓာတ်ပုံဖြစ်ပြီး ၎င်းဓာတ်ပုံသည် အမေရိကန်နိုင်ငံ၏ အမျိုးသားသမိုင်းပြတိုက်၌ ရှိ၏။ ယခုရိုက်ကူးရယူနိုင်ခဲ့သော ကျားသစ်နက်မှာ အရွယ်ရောက်ကာနီး ကျားသစ်နက်အမဖြစ်၏။

ကမ္ဘာတစ်ခွင်တွင်ရှိသော ကျားသစ်အားလုံး၏ ၁၁ ရာခိုင်နှုန်းမှာ ကျားသစ်နက်များဖြစ်သည်ဟု လေ့လာထားသူများက ပြောကြသည်။

ကျားသစ်နက်များကို အာရှ၊ အာဖရိကနှင့် အမေရိကတိုက်များ၌ တွေ့ရ၏။(စထရိတ်တိုင်းမ်စ် ၁၅.၂.၁၉)

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ နိုင်ငံတော်က ထုတ်ပြန်ထားသည့် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မှာကြား

နေပြည်တော် မတ် ၁၂

စီမံကိန်းလုပ်ငန်းများ၌ ဆောင်ရွက်ကြသည့် တင်ဒါလုပ်ငန်းများတွင် နိုင်ငံတော်က ထုတ်ပြန်ထားသည့် (၁/၂၀၁၇) တင်ဒါလုပ်ထုံးလုပ်နည်းကို တိကျစွာလိုက်နာပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလားတူ မိမိတို့လုပ်ငန်းနယ်ပယ်အလိုက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအား ကျွမ်းကျင်ပိုင်နိုင်မှုရှိစွာ စီမံဆောင်ရွက်ကြသဖြင့် ပြည်သူကအားကိုးလေးစားရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း မတ် ၁၂ ရက်နံနက် ၁၀ နာရီက ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)



လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားရာ၌ နွေရာသီတွင် ရေရှားပါးမှုဖြစ်ပေါ်သည့်ကျေးရွာများ သောက်သုံးရေပေးဝေရေးလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုနှစ်တွင် အယ်လ်နီညိုဖြစ်ပေါ်နိုင်ကြောင်း ပညာရှင်များ၏ ခန့်မှန်းထုတ်ပြန်မှုများအရ သောက်သုံးရေဖြန့်ဝေမှုလုပ်ငန်းများ အောင်မြင်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် လတ်တလောဆောင်ရွက်ရမည့် အစီအမံများနှင့်ရေရှည်အစီအစဉ်ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ ကြိုတင်ရေးဆွဲဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးအဆောက်အအုံများ၊ လျှပ်စစ်မီးလင်းရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့်နည်းတူ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားလုပ်ကိုင်နိုင်ကြရေး ဆောင်ရွက်ပေးခြင်းဖြင့် ယင်းတို့၏ ရေရှည်ဘဝရပ်တည်ရေးနှင့်ဒေသဖွံ့ဖြိုးမှုတိုးတက်ရေးကို ထိရောက်လျင်မြန်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး အနီးကပ်ဝန်ဆောင်ပေးနေရသောလုပ်ငန်းများ ဆက်စပ်နေသည့် ဦးစီးဌာနများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ဝန်ကြီးဌာနဖြစ်သည့် အားလျော်စွာ အချင်းချင်းအပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်နိုင်မှု ပိုမိုတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အဂတိတရားလျော့နည်းကင်းရှင်းရေးနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်သောငွေကြေးစီမံခန့်ခွဲမှုများဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ လူထုအခြေပြုစီမံကိန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကိုလည်းကောင်း၊ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်များ၏ တင်ဒါလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ လူထုဗဟိုပြုစီမံကိန်း (ပဉ္စမနှစ်စက်ဝန်း) ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလည်ပတ်မှု (၁/၂၀၁၉) အခြေအနေများကိုလည်းကောင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းကဏ္ဍတစ်ခုချင်းအလိုက် ဆွေးနွေးသုံးသပ်မှာကြားသည်။

MOALI ပြန်ကြားရေး



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မလေးရှားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲ ၂ နာရီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr.ZahairiBaharim ဦးဆောင်သည့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့ ဆွေးနွေးရာတွင် မလေးရှားနိုင်ငံလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးသွင်းအားစုစက်ရုံနှင့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးစက်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံလိုမှုနှင့် စပ်လျဉ်း၍ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အုန်းသီး၊ နာနတ်သီး အပါအဝင် ဒေသထွက်ကုန်များကို တန်ဖိုးမြင့်ထွက်ကုန်များအဖြစ် ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မလေးရှားနိုင်ငံသို့ ဆန်တင်ပို့ရောင်းချနိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး

# ကရင်ပြည်နယ် ထီးဝါးပလောဒေသတွင် ဈေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကွင်းဆင်း ဆွေးနွေး

မြဝတီ မတ် ၁၈

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်နှင့်တာဝန်ရှိသူများသည် မတ် ၁၅ ရက်က မြဝတီခရိုင် ထီးဝါးပလောဒေသအမှတ် ၃ အထူးတပ်ရင်း ၇၇၅ မဟာဗျူဟာ အထူးတပ်ရင်း စိုက်ပျိုးမွေးမြူရေးစခန်းသို့ ကွင်းဆင်းစစ်ဆေး ကြည့်ရှုသည်။

ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်နှင့်အဖွဲ့သည် ထီးဝါးပလောဒေသ မိသားစုဝင်များအတွက် သီးနှံစိုက်ပျိုးနိုင်ရန် မြေပြင်ဆင်ထားရှိမှုများ၊ မစိုက်ပျိုးမီ မြေဆီလွှာနမူနာယူကာ ဓာတ်ခွဲခန်းတွင် စစ်ဆေးရန် လိုအပ်ချက်များ၊ ဈေးကွက်ဝင် ဝဥသီးနှံ၊ နဂါးမောက်သီးနှံနှင့် ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးရေး၊ တောင်သူလယ်သမားများ လေ့လာနိုင်ရန် သီးနှံစံပြကွက်များ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးရှင်းပြသည်။

ထို့နောက် စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် GMSAEDC တို့ ပူးပေါင်းဆောင်ရွက်သော "ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း" အစီအစဉ်ဖြင့် မျိုးစေ့ဘဏ်၊ နားနေဆောင်၊ ရုံးခန်းနှင့်စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုလေ့လာကြသည်။

မြတ်သဉ္ဇာလှိုင်



# ဥရောပသမဂ္ဂ EU အထောက်အပံ့ဖြင့် ဆောင်ရွက်သော ကျေးလက်ဒေသ အာဟာရမြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၁၂

**အနာဂတ်မျိုးဆက်များ အာဟာရအဆင့်အတန်းသိသိသာသာတိုးတက်မြင့်မားစေရေးအတွက် လယ်ယာကဏ္ဍမှ အဓိကဆောင်ရွက်ရမည့် အစားအစာလုံခြုံဘေးကင်းရေးနှင့်အာဟာရပြည့်မီရေး၊ သီးနှံအမယ်စုံစိုက်ပျိုးရေး၊ ဝင်ငွေတိုးတက်စေရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတိုးတက်စေရေးတို့ကို အချိတ်အဆက်မိမိဆောင်ရွက်ရန် လိုအပ်ကြောင်း ယနေ့နံနက် ၉ နာရီက နေပြည်တော် ရုံးအမှတ် ၁၅ တွင် ကျင်းပသည့် ကျေးလက်ဒေသအာဟာရမြှင့်တင်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)**

ဥရောပသမဂ္ဂ EU အထောက်အပံ့ဖြင့် ဆောင်ရွက်သော ကျေးလက်ဒေသအာဟာရမြှင့်တင်ခြင်းအလုပ်ရုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်များ၊ ဥရောပ သမဂ္ဂမှ Deputy Head of Cooperation ဖြစ်သူ Mr. Pedro Campo LIopis နှင့် ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် အတိုင်ပင်ခံအဖွဲ့အစည်း GOPA (ဂိုပါ)မှ တာဝန်ရှိသူများ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဥရောပသမဂ္ဂ Deputy Head of Cooperation, Mr.Pedro Compo Liopis က ကျေးလက်ဒေသအာဟာရမြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

EU - FAO မှ ပံ့ပိုးဆောင်ရွက်သော First Program ၏ နည်းပညာ အထောက်အပံ့ဖြင့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ စီမံကိန်း (MS - NPAN) တွင် ထည့်သွင်းရေးဆွဲထားသောအာဟာရပြည့်မီရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လယ်ယာကဏ္ဍမှ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် တိုင်းဒေသကြီး/ပြည်နယ် အိမ်ထောင်စုအဆင့်နှင့်ဈေးကွက်များတွင် အာဟာရဓာတ်ကြွယ်ဝသည့် စားသောက်ကုန်များ လက်လှမ်းမီရရှိနိုင်မှု မြင့်မားလာရေး၊ ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် အမယ်စုံစားသောက်မှုမြင့်မားလာစေရေး၊ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဘေးကင်းသော အစားအစာများ ပိုမိုလက်လှမ်းမီရရှိရေး လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆက်စပ်ဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဥရောပသမဂ္ဂ၊ EU နည်းပညာနှင့် အထောက်အပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက် ရှိသည်။

စီမံကိန်းစောင့်ကြည့်လေ့လာခြင်းနှင့် စိစစ်သုံးသပ်ခြင်းစနစ်တစ်ရပ် စတင်ဆောင်ရွက်နိုင်ရန် My Governance Project ကတစ်ဆင့် နည်းပညာထောက်ပံ့ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် M&E ဆိုင်ရာများ ထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအကောင်အထည်ဖော်ရေးပံ့ပိုးမှုယူနစ် (ADSISU) ကို နည်းပညာထောက်ပံ့နိုင်ရေးနှင့် ဘက်စုံအာဟာရပြည့်ဝရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဥရောပသမဂ္ဂ၊ EU မှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**




# မြင်ကွန်းနှင့်ကမ်းနီမြစ်ရေတင်အဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ စျေးကွက်လေ့လာခြင်းနှင့် တန်ဖိုးမြှင့်ကွင်းဆက် ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



မကွေး မတ် ၅

**မြင်ကွန်းနှင့်ကမ်းနီမြစ်ရေတင်အဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ ဈေးကွက်လေ့လာခြင်းနှင့် တန်ဖိုးမြှင့်ကွင်းဆက် ဆန်းစစ်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ယနေ့ကျင်းပသည်။ (ပုံ)**

အလုပ်ရုံဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ချိုနှင့် တာဝန်ရှိသူများ၊ မြင်ကွန်းနှင့် ကမ်းနီမြစ်ရေတင်အဆင့်မြှင့်တင်ခြင်း စီမံကိန်းအဖွဲ့ခေါင်းဆောင် Mr.Dinesh Malla တာဝန်ရှိသူများ၊ မကွေးတိုင်း ဒေသကြီးတွင် နှမ်း GAP စိုက်ပျိုးထုတ်လုပ်ရာတွင် ဆောင်ရွက်နေသည့် INGO/NGO အဖွဲ့အစည်းများ ဖြစ်သည့် Network Activities Group Winrock၊ PC Myanmar FSWG မှ တာဝန်ရှိသူများ၊ မြင့်မြတ် တော်ဝင်ကုမ္ပဏီ၊ မကွေးမြို့နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မကွေးဆီထွက်သီးနှံ သုတေသနခြံ၊ သမဝါယမဦးစီးဌာနနှင့် တောင်သူများ စုစုပေါင်း ၆၀ ဦးခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အဖွင့်အမှာစကားပြောကြားကာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ချိုက မြင်ကွန်းနှင့် ကမ်းနီမြစ်ရေတင်စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းအဖွဲ့ ခေါင်းဆောင် Mr.Dinesh Malla က စီမံကိန်းဆိုင်ရာများကို တင်ပြပြီး စီမံကိန်းတာဝန်ရှိသူများက ဆက်လက်တင်ပြကြသည်။

**မော်မော်ဝင်း**
**(တိုင်းစိုက်ပျိုးရေး)**




# သုတေသနပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရေဆင်း ဖေဖော်ဝါရီ ၂၁

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် Syngenta Foundation for Sustainable Agriculture တို့၏ သုတေသနပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီခွဲကကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သုတေသနပညာရှင်များနှင့် Syngenta Foundation for Sustainable Agriculture မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် Syngenta Foundation for Sustainable Agriculture မှ Dr.Herve Thieblemont တို့က လက်မှတ်ရေးထိုးကြသည်။**

နားလည်မှုစာချွန်လွှာအရ မျိုးစေ့ဆိုင်ရာဥပဒေနှင့်မူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မျိုးစေ့အရည်အသွေး (အထူးသဖြင့် ပဲမျိုးစုံ၊ ဆီထွက်နှင့်ပြောင်းသီးနှံ) ကောင်းမွန်စေရန် မျိုးစေ့ထုတ်လုပ်မှု အဆင့်ဆင့်လုပ်ငန်းများ၊ မျိုးရိုးဗီဇကွဲများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လက်ရှိသုံးစွဲနေသော မျိုးများအား လိုင်စင်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် တိုးတက်လာသော နည်းပညာအရ အကွက်ငယ်မျိုးစေ့ထုတ်လုပ်သည့် တောင်သူများ၊ မျိုးစေ့ခြံများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခြင်းလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ သုံးနှစ်တာအတွင်း စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိရသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

**ကလေးငယ်အများစုသည် အသက်ခြောက်လအရွယ်မှ စတင်ပြီး သွားစတင်ပေါက်လေ့ရှိပြီး အသက်နှစ်နှစ်ခွဲမှ သုံးနှစ်ဝန်းကျင်ခန့်တွင် ငယ်သွား (ကလေးသွား) အချောင်း ၂၀ အထိ စုံလင်စွာ ပေါက်လေ့ရှိကြ၏။**

သွားပေါက်ခါနီးတွင် သွားအသစ်ထွက်ရှိလာမည့် သွားဖုံးအနီးတစ်ဝိုက်ရှိ သွားဖုံးသားများ အနည်းငယ်ရောင်ပြီး နာကျင်တတ်လေ့ရှိကြ၏။ ထိုကာလတွင် ကလေးငယ်များသည် အကြောင်းအမျိုးမျိုးဖြင့် ကိုယ်လက်မအီမသာ ဖျားနာခြင်း ဖြစ်လေ့ရှိကြ၏။ ထိုအချိန်တွင် မိခင်ထံမှရရှိသောရောဂါများကို ကာကွယ်ပေးသော ပဋိပစ္စည်းများက အလိုအလျောက် ယင်းဝေဒနာကို တွန်းလှန်တိုက်ထုတ်ကြသော်လည်း တစ်ခါတစ်ရံတွင် ကိုယ်လက်မအီမသာဖြစ်ပြီး ကလေးများ နေရခက်နေတတ်ကြ၏။ ကလေးငယ်များသာမက အရွယ်ရောက်ပြီးသူများပါ သွားပေါက်ချိန်သည် အခက်ခဲဆုံးအချိန်ဖြစ်သည့်အတွက် ဂရုစိုက်ရန် လိုအပ်၏။

ဆေးဖက်ဝင်ရန့်မွှေးဆီများသည် နာကျင်ကိုက်ခဲခြင်းနှင့် သွားပေါက်ချိန်တွင် ဝေဒနာခံစားရခြင်းတို့အတွက် တွင်တွင်ကျယ်ကျယ် အသုံးပြုလေ့ရှိကြသော်လည်း သိပ္ပံနည်းကျ သက်သေပြနိုင်ရန် လုံလောက်မှုမရှိသေးဟု ဆိုထား၏။ ရန့်မွှေးဆီများကို အသုံးပြုရာတွင်လည်း ကလေးငယ်တစ်ဦးချင်းအလိုက် အသုံးပြုသင့်သည့် ရန့်မွှေးဆီတို့ မတူညီသကဲ့သို့ တုံ့ပြန်မှုရလဒ်များမှာလည်း ကွဲပြားကြ၏။




## သွားပေါက်ချိန်စောခြင်း

ကလေးငယ်များ သွားစတင်ပေါက်သည့်အချိန်သည် အစောဆုံး အသက်လေးလမှ ခုနစ်လအတွင်းဖြစ်၏။ ကလေးငယ်များ၏ အရေပြားသည် နူးညံ့သည့်အတွက် သွားစတင်ပေါက်ကာနီးအချိန်တွင် အသုံးပြုသင့်သည့် ရန့်မွှေးဆီများမှာ ကာမိုမိုင်းနှင့် လာဗင်ဒါ ရန့်မွှေးဆီတို့ဖြစ်၏။ ရန့်မွှေးဆီကို ကလေးငယ် အရေပြားပေါ်တွင် မလိမ်းမီ တခြားသော အဆီတစ်မျိုးမျိုးဖြစ်သည့် ဟင်းသီးဟင်းရွက်ဆီ၊ အုန်းဆီနှင့် ဗာဒံဆီတို့နှင့်ရောစပ်ပြီးမှ အသုံးပြုရန် မမေ့သင့်ပေ။

## ကာမိုမိုင်းဆီ Chamomile

အဖြူနှင့်အဝါပန်းပွင့်ငယ်လေးများပွင့်သည့် မွှေးပြီး ဆေးဖက်ဝင်သည့်အပင်မှ ထုတ်ယူရရှိထားသော ကာမိုမိုင်းဆီ၏ စိတ်အေးချမ်းငြိမ်သက်စေနိုင်စွမ်းသည့် စွမ်းအားသတ္တိကြောင့် သွားပေါက်ကာနီး ကလေးငယ်များအတွက် အများဆုံး အသုံးပြုလေ့ရှိကြသည့် ဆေးဖက်ဝင်ရန့်မွှေးဆီတစ်မျိုးအဖြစ် လူသိများကြ၏။ ယင်းအဆီသည် အဆိပ်သင့်မှုမရှိသည့် သဘာဝရှိသည့်အတွက် အလွန်ငယ်သေးသည့် ကလေးငယ်မှစပြီး ကလေးအရွယ်ပေါင်းစုံအတွက် စိတ်ချယုံကြည်စွာ အသုံးပြုနိုင်သည့် ရန့်မွှေးဆီတစ်မျိုး ဖြစ်၏။ ရန့်မွှေးအဆီနှင့် အခြေခံအဆီ၏အချိုးမှာ ၀ ဒသမ၅ ရာခိုင်နှုန်းနှင့် ၉၉ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ရောစပ်အသုံးပြုရန် မမေ့ပါနှင့်။ ရေငွေ့ပြန်စက်ထဲတွင် ရေအပြည့်ဖြည့်ထားပြီး ယင်းရေထဲတွင် ကာမိုမိုင်းရန့်မွှေးဆီ နှစ်စက်ခန့်ထည့်ပြီး အခန်းထဲတွင် ရေငွေ့လွှတ်ပေးခြင်းဖြင့် အသုံးပြုနိုင်သကဲ့သို့ ပြင်းအား လျှော့ထားပြီးဖြစ်သော ကာမိုမိုင်းရန့်မွှေးဆီကို ကလေးငယ်၏ မေးရိုးတစ်လျှောက်လိမ်းပြီး အသာအယာနှိပ်နယ်ပေးခြင်းဖြင့် သွားပေါက်ကာနီး ကလေးငယ်များအတွက် သွားဖုံးနာကျင်ခြင်းနှင့် ကိုယ်လက်မအီမသာဖြစ်ခြင်းတို့မှ သက်သာစေနိုင်၏။

## လာဗင်ဒါဆီ

လာဗင်ဒါ၏ အဆိပ်သင့်မှုကင်းစင်သည့်သဘာဝနှင့် ဝေဒနာကို သက်သာစေနိုင်သည့် စွမ်းအားသတ္တိတို့ကြောင့် အသက်ခြောက်လအောက် ကလေးငယ်များ သွားစတင်ပေါက်သည့်အချိန်တွင် အသုံးပြုသင့်သည့် ဆေးဖက်ဝင်ရန့်မွှေးဆီတစ်မျိုးဖြစ်၏။ ကလေးငယ်များ သွားပေါက်ကာစအချိန်တွင် အသုံးပြုမည်ဆိုပါက ပြင်းအားလျှော့ထားပြီးဖြစ်သောလာဗင်ဒါဆီကို ကလေးငယ်၏ မေးရိုးတစ်လျှောက်တွင် လိမ်းပြီး အသာအယာနှိပ်နယ်ပေးခြင်းဖြင့် ကလေးငယ်များ သွားပေါက်ကာနီးအချိန်တွင် ခံစားရတတ်သည့် နာကျင်ခြင်းဝေဒနာကို သက်သာစေနိုင်စွမ်းရှိ၏။ ထို့ပြင်သာမက ယင်း၏ အနာမရင်းစေသည့် ဂုဏ်သတ္တိ၊ စိတ်အေးချမ်းတည်ငြိမ်နိုင်စေသည့် ဂုဏ်သတ္တိနှင့် ကြွက်သားများ နာကျင်ကိုက်ခဲခြင်းတို့ကို သက်သာစေနိုင်သည့် ဂုဏ်သတ္တိတို့လည်း ရှိသေး၏။

## အသက်ခြောက်လနှင့်အထက် ကလေးငယ်များ

ကလေးငယ် ပိုမိုကြီးလာသည်နှင့်အမျှ အမျိုးအစားစုံလင်သော ဆေးဖက်ဝင်ရန့်မွှေးဆီများကို မေးရိုးတစ်လျှောက်တွင်သာမက သွားဖုံးတွင်ပါမကျန် တိုက်ရိုက်လိမ်းပြီး အသုံးပြုလာနိုင်၏။

## ချင်း(ဂျင်း)ဆီ

ချင်းဆီသည် အဆစ်မြစ်ရောင်နာရောဂါများဖြစ်ခြင်း၊ ပင်ပန်းနွမ်းလျမှုဖြစ်ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်းတို့ကို သက်သာပျောက်ကင်းစေရန် အထောက်အကူပြုပေးနိုင်စွမ်းရှိ၏။ သို့ရာတွင် ချင်းဆီကို အသုံးပြုသည့်အခါ သင့်တော်မှန်ကန်သည့် အာနိသင်လျှော့ချမှုကို ပြုလုပ်အသုံးပြုရန် လိုအပ်၏။ သို့မဟုတ်ပါက အရေပြားတွင် စပ်ဖျဉ်းဖျဉ်းလောင်နာဖြစ်စေတတ်၏။ ချင်းအဆီကို အာနိသင်လျှော့ချအသုံးပြုရန် ချင်းရန့်မွှေးအဆီနှင့် အခြေခံအဆီ၏ အချိုးမှာ ၀ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် ၉၉ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့် ရောစပ်ပြီးမှသာ ကလေးငယ်၏ မေးရိုးတစ်လျှောက်နှင့် သွားဖုံးတို့တွင် လိမ်းပေးပြီး အသာအယာနှိပ်နယ်ပေးခြင်းဖြင့် သွားပေါက်ကာနီး ကလေးငယ်များ ခံစားရတတ်သည့် ဝေဒနာကို သက်သာစေနိုင်စွမ်းရှိ၏။

## မာဂျိုရမ်ဆီ

မာဂျိုရမ်သည် အီတလီနှင့် ဂျာမနီအစားအစာများတွင် အများဆုံး အသုံးပြုကြသော အပင်ပျော့ ဆေးဖက်ဝင်ဟင်းခတ် အမွှေးအကြိုင်တစ်မျိုးဖြစ်ပြီး ယင်းမှထုတ်လုပ်ထားသည့်မာဂျိုရမ်ရန့်မွှေးဆီသည် သွေးလည်ပတ်မှုအားကိုကောင်းစေပြီး ကြွက်သားများနှင့် အဆစ်အမြစ်များနာကျင်ခြင်းမှ သက်သာစေနိုင်စွမ်းရှိ၏။ အရွယ်ရောက်ပြီးသူများအတွက် မာဂျိုရမ်ရန့်မွှေးဆီကို အဆစ်မြစ်ရောင်နာရောဂါ၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်းရောဂါနှင့် ဒူလာပါဒရက်ရောဂါများအတွက် အသုံးများကြ၏။ မာဂျိုရမ်ရန့်မွှေးဆီကို အာနိသင်လျှော့ချအသုံးပြုရန် မာဂျိုရမ်ရန့်မွှေးအဆီနှင့် အခြေခံအဆီ၏အချိုးမှာ ၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၉၉ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ရောစပ်ပြီးမှသာ ကလေးငယ်၏ မေးရိုးတစ်လျှောက်တွင် လိမ်းပေးပြီး ညင်သာစွာ နှိပ်နယ်ပေးခြင်းဖြင့် သွားပေါက်ခါနီး ကလေးငယ်များ ခံစားရတတ်သည့်ဝေဒနာကို သက်သာစေနိုင်စွမ်းရှိ၏။

## အသက်နှစ်နှစ်နှင့်အထက် ကလေးငယ်များ

ကလေးငယ်များအနေဖြင့် သွားပေါက်သည့်အချိန်တိုင်းနာကျင်မှု ဝေဒနာခံစားရမှုသည် ငယ်သွားအချောင်း ၂၀ လုံး စုံလင်အောင် ပေါက်သည့်အချိန်ထိဖြစ်၏။

## လေးညှင်းပွင့်ဆီ

လေးညှင်းပွင့်သည် လေးညှင်းရွက်နှင့် လေးညှင်းပင်စည်တို့နှင့် ယှဉ်ပါက အဆိပ်အတောက်ဖြစ်မှုအနည်းဆုံးဖြစ်သော်လည်း ယင်းကို သတိနှင့်ယှဉ်ပြီး အသုံးပြုသင့်၏။ လေးညှင်းပွင့်ရန့်မွှေးဆီကို အသုံးပြုမည်ဆိုပါက အာနိသင်လျှော့ချအသုံးပြုရန် လေးညှင်းပွင့်ရန့်မွှေးအဆီနှင့် အခြေခံအဆီ၏အချိုးမှာ ၀ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် ၉၉ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့် ရောစပ်အသုံးပြုနိုင်ပြီး ယင်းကို ကလေးငယ်၏ သွားဖုံးပေါ်တွင်လိမ်းပြီး ညင်သာစွာနှိပ်နယ်ပေးနိုင်၏။ လေးညှင်းဆီ၏ အစွမ်းထက်လှသည့်အာနိသင်ကြောင့် ယင်းကို အသက်နှစ်နှစ်အောက် ကလေးငယ်များတွင် အသုံးမပြုသင့်ပေ။

**အချို့သောရန့်မွှေးဆီများကို ဆေးကုသမှုခံယူနေစဉ်ကာလအတွင်း အသုံးမပြုသင့်သည့်အတွက် ထိုကာလအတွင်း ကလေးငယ်အတွက် ရန့်မွှေးဆီများကို အသုံးပြုလိုပါက ဆရာဝန်နှင့်ညှိနှိုင်းဆွေးနွေးပြီးမှသာ အသုံးပြုသင့်၏။**

## ဆေးဖက်ဝင်ရန့်မွှေးဆီ အသုံးပြုရန် နည်းလမ်းများ

သွားပေါက်ခါနီးနေပြီဖြစ်သည့် ကလေးငယ်များအတွက် ဆေးဖက်ဝင်ရန့်မွှေးဆီများ အသုံးပြုသင့်သည့် နည်းလမ်းကောင်းသုံးသွယ်ကို ဖော်ပြလိုက်ပါသည်။

သွားပေါက်ကာနီးနေပြီဖြစ်သည့် ကလေးငယ်၏ သွားဖုံးဧရိယာတစ်ဝိုက်ကို ရန့်မွှေးဆီ တိုက်ရိုက်လိမ်းကျံပြီး ညင်သာစွာ နှိပ်နယ်ပေးခြင်း။

သွားပေါက်ကာနီးနေပြီဖြစ်သည့် ကလေးငယ်၏ မေးရိုးဧရိယာတစ်ဝိုက်တွင် ရန့်မွှေးဆီကို လိမ်းကျံပြီး ညင်သာစွာ နှိပ်နယ်ပေးခြင်းဖြင့် အတွင်းပိုင်းတွင် နာကျင်နေသော သွားဖုံးဧရိယာကို သက်သာစေရန် သွယ်ဝိုက်သောနည်းဖြင့် ကုထုံးပေးခြင်း။

ကလေးငယ်နေထိုင်အိပ်စက်သည့် အခန်းအတွင်း ရန့်မွှေးဆီများ ဆွတ်ဖျန်းထားခြင်း (သို့မဟုတ်) ရေငွေ့ပျံစက် အတွင်း ရန့်မွှေးဆီထည့်ပြီး ထွက်ရှိလာသည့်ရေငွေ့ဖြင့် ကလေးငယ်ရော မိခင်အတွက်ပါ စိတ်ရောကိုယ်ပါ အေးချမ်းငြိမ်သက်ပြီး ကိုယ်လက်မအီမသာဖြစ်မှုများကို သက်သာစေရန် ရန့်မွှေးဆီကုထုံးကို သွယ်ဝိုက်သောနည်းဖြင့် ရယူခြင်းတို့ ဖြစ်၏။ ရေငွေ့ပျံခြင်းနည်းကို အသုံးပြုသည့် ကုထုံးနည်းသည် အခြားသောနည်းလမ်းများထက် ပိုမိုပြီး အကျိုးသက်ရောက်မှုကို ရရှိစေနိုင်မည်ဖြစ်၏။

## အာနိသင်ပြင်းအားလျှော့ချရန် ထောက်ခံချက်များ

**ဆေးဖက်ဝင်ရန့်မွှေးဆီများကို အရေပြားပေါ်တွင် တိုက်ရိုက်လိမ်းကျံပြီးအသုံးမပြုခင် အာနိသင်ပြင်းအားလျှော့ချရန် မမေ့ပါနှင့်။ အထူးသဖြင့် နုနယ်ငယ်သည့် ကလေးငယ်များအတွက် အသုံးပြုမည်ဆိုပါက အာနိသင်ပြင်းအားကို ထောက်ခံနှုန်းထားအတိုင်း လျှော့ချပြီးမှသာ အသုံးပြုသင့်သည်ကို ထပ်မံသတိပေးလိုပါ၏။ တုံ့ပြန်မှုမြန်သည့် ကလေးငယ်များ၏အရေပြားပေါ်တွင် ရန့်မွှေးဆီလိမ်းပြီး နှိပ်နယ်ပေးခြင်း၊ သွားပေါက်ကာနီးကလေးငယ်များ၏ မေးရိုးဧရိယာတစ်ဝိုက်၊ သွားဖုံးဧရိယာများတွင်လိမ်းပေးပြီး နှိပ်နယ်ပေးခြင်းတို့ကို ပြုလုပ်မည့်အခါတိုင်းတွင်လည်း အာနိသင်ပြင်းအားကို သတ်မှတ်နှုန်းထားအတိုင်း စနစ်တကျလိုက်နာလျှော့ချပြီးမှ အသုံးပြုသင့်၏။**

ဆေးဖက်ဝင်ရန့်မွှေးဆီများကို ဝယ်ယူသုံးစွဲသည့်အခါတိုင်း အညွှန်းများတွင် ဖော်ပြထားသည့် အာနိသင်ပြင်းအား လျှော့ချမှုနှုန်းထားကို အသေအချာဖတ်ပြီး ရောစပ်ပြီးမှ အသုံးပြုခြင်းဖြင့် ဆေးပူလောင်ခြင်းနှင့် နောက်ဆက်တွဲဝေဒနာများမှ ကာကွယ်ရာ ရောက်မည်ဖြစ်၏။

**ကလေးငယ်များအတွက် ဆေးဖက်ဝင်ရန့်မွှေးဆီကို အသုံးပြုမည်ဆိုပါကလည်း စမ်းသပ်လိမ်းကျံခြင်းကို ဦးစွာပထမလုပ်ဆောင်ပြီး နောက်ဆက်တွဲပြဿနာမရှိမှသာ ဝေဒနာဖြစ်သည့်နေရာတွင် လိမ်းပေးသင့်၏။ ဆေးဖက်ဝင် ရန့်မွှေးဆီများကို အဆီအတိုင်း သောက်သုံးရန်အတွက် လုံးဝထောက်ခံထားခြင်းမရှိသည်ကို အထူးသတိပြုသင့်ပါ၏။** ■

# ရခိုင်ကမ်းရိုးတန်းဈေးပါးဖိုးတန် ကျောက်ပုစွန်

ကျွန်းသားငမန်း

**မြန်မာနိုင်ငံသည် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ကျယ်ပြောသော ပင်လယ်ရေပြင်နယ်နိမိတ်ကို ပိုင်ဆိုင်ထားသဖြင့် ရေထွက်သယံဇာတပစ္စည်းများဖြစ်သော ငါး၊ ပုစွန်စသည်များကို ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရှာဖွေဖြည့်ဆည်းနိုင်သည့် အခြေအနေကောင်းကို ရရှိပိုင်ဆိုင်ထားသည်။**

ထို့ကြောင့် ရေထွက်ပစ္စည်းဖမ်းဆီးထုတ်လုပ်ရောင်းချခြင်းသည် ကမ်းရိုးတန်းနေပြည်သူများအတွက် အဓိကအရေးပါသော စီးပွားရေးလုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းများအနက် ရှားပါးပြီး အဖိုးတန်သည့် ရေထွက်ကုန်ပစ္စည်းတစ်မျိုးမှာ ရခိုင်တိုင်းရင်းသားအခေါ် ကျောက်ပုစွန် (Lobster) များဖြစ်ကြသည်။ ကျောက်ပုစွန်ကို တနင်္သာရီတိုင်းဒေသကြီးတွင် ပဂဲ၊ ဧရာဝတီတိုင်းဒေသကြီးတွင် မကာရ်ဟုလည်း ခေါ်ကြသည်။ ပင်လယ်အတွင်းရှိ ကျောက်ကြို၊ကျောက်ကြားများ၊ ကျောက်ဆောင်များအနားတွင် သွားလာကျက်စားတတ်ခြင်းကြောင့် ကျောက်ပုစွန်ဟု ခေါ်ကြခြင်းဖြစ်သည်။

## ကျောက်ပုစွန်အမျိုးအစား

မြန်မာ့ပင်လယ်ပြင်တွင် ကျောက်ပုစွန်မျိုးစိတ် ခြောက်မျိုးခန့်ရှိကြောင်းသိသည်။ ရခိုင်ကမ်းရိုးတန်းဒေသရှိ ကျောက်ပုစွန်များကို (၁) သက်တံရောင်စုံ ကျောက်ပုစွန် (7.Colour) (or) (Flower)၊ (၂) သုံးရောင်ခြယ် ကျောက်ပုစွန် (Blueor Three Colour)၊ (၃) ဘမ်ဘူ (ခ) ဝါးဆစ်ကျောက်ပုစွန် (Bamboo)၊ (၄) သန္တာကျောက်တန်း (Coral)၊ (၅) ခေါင်းပြား ကျောက်ပုစွန် (Spider)၊ (၆) ကျောက်ဖား ကျောက်ပုစွန် (Green) ဟူ၍ ခွဲခြားသတ်မှတ်ပြီး ဈေးကွက်တင်ပို့လျက်ရှိကြသည်။

ယင်းတို့အနက် သက်တံရောင်စုံ ကျောက်ပုစွန် (7.Colour) မှာ ရှားပါးပြီး ဈေးကွက်တွင် ဈေးအကောင်းဆုံးဖြစ်သည်။ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီတိုင်းဒေသကြီး ကမ်းရိုးတန်းတို့တွင် Bamboo ခေါ် ဝါးဆစ်ကျောက်ပုစွန်ကို အများအပြားဖမ်းဆီးရမိသည်။

## ဖမ်းဆီးခြင်းနှင့်သိုလှောင်ခြင်း

"ကျောက်ပုစွန်တွေကို ကျောက်ကပ်ပိုက်လို့ခေါ်တဲ့ပိုက်တစ်မျိုးနဲ့ မျှောပြီး ဖမ်းကြတာပါ။ ရာသီဥတုသာယာတဲ့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာတွေမှာ ကျောက်ပုစွန်တွေ ခိုအောင်းနေထိုင်ကျက်စားတတ်တဲ့ကျောက်ဆောင်၊ ကျောက်တန်းတွေအနားမှာ ပိုက်ချပြီး ဖမ်းဆီးကြပါတယ်။ မိုးတွင်းမှာဆိုရင် သူတို့နေထိုင်တဲ့ ကျောက်ဆောင်၊ ကျောက်တန်းတွေအပြင်ထိ ထွက်လာတတ်တဲ့အတွက် မျှောပိုက်၊ ပုစွန်ပိုက်တွေမှာ ကပ်ငြိပါလာပြီး ဖမ်းဆီးရမိတတ်ပါတယ်"

ကျောက်ပုစွန်ဖမ်းဆီးသူရေလုပ်သားတစ်ဦး၏ပြောကြားချက်ဖြစ်သည်။ ရခိုင်ကမ်းရိုးတန်းဒေသတွင် ကျောက်ပုစွန်ဖမ်းဆီးရောင်းချခြင်းကို ၁၉၉၄ ခုနှစ်ကုန်ပိုင်းမှ စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

"ရခိုင်မှာ ကျောက်ပုစွန်ကို ဒေသခံတွေ သိပ်မစားကြပါဘူး၊ ကျောက်ပုစွန်များများစားမိရင် ပင်လယ်အူနာလို့ ခေါ်တဲ့ ဝမ်းရောဂါဖြစ်တတ်လို့ ဖြစ်ပါတယ်။ ကျောက်ပုစွန်ကို တန်ဖိုးရှိမှန်းလဲ မသိခဲ့ကြပါဘူး" ဟု ဒေသခံရေလုပ်သားတစ်ဦးကလည်း ပြောကြားသည်။

ရခိုင်ဒေသတွင် ကျောက်ပုစွန်ကို စားကြရာ၌ မီးဖုတ်(မီးကင်)၍ဖြစ်စေ၊ ရေဖြင့်ပြုတ်၍ဖြစ်စေ ကျက်အောင်ပြုလုပ်ပြီး အသားကိုထုတ်ယူလျက် ငရုတ်သီးစိမ်း (ရခိုင်ကြိတ်)၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ နံနံပင်အုပ်၍ သုတ်ပြီး စားသောက်ကြခြင်းဖြစ်သည်။ စပ်ရှိန်းရှိန်းဖြင့် ထမင်းမြိန်စေသော ဟင်းလျာဖြစ်သည်။ ယခုအခါမှာတော့ သာမန်လူများ မစားသုံးနိုင်တော့။ ကျောက်ပုစွန်မှာ ပို့ကုန်တွေမို့ ဈေးကြီးမြင့်သွားပြီ။





"ကျောက်ပုစွန်ကို အရှင်၊ အကောင်လိုက်တင်ပို့နိုင်မှ ဈေးကောင်းရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကျောက်ပုစွန်ကုန်သွယ်မှုစပြီး လုပ်တဲ့အချိန်မှာ ရန်ကုန်ကို တင်ပို့ရတာ မလွယ်ပါဘူး။ ဒါကြောင့် ကျောက်ပုစွန်တွေကို ခေါင်းဖြတ်၊ အေးခဲစေပြီးမှ ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျောက်ပုစွန်က အရှင်ဈေးနဲ့ အသေဈေးက လေးငါးဆကွာပါတယ်။ နောက်ပိုင်း ၁၉၉၈ ခုနှစ်ကစပြီး ပုစွန် တွေ၊ ကဏန်းတွေကို လေယာဉ်နဲ့ တင်ပို့ခွင့်ရလာတဲ့အတွက် ဈေးကွက်ကို အရှင် တင်ပို့နိုင်ခဲ့ကြပါတယ်" ဟု ကျောက်ပုစွန်ကုန်သွယ်တင်ပို့သူတစ်ဦးက ပြောကြားသည်။ ၎င်းကပင် ဆက်လက်၍ "ကျောက်ပုစွန်ဖမ်းဆီးသူတွေက ကျောက်ပုစွန်ကို အရှင်ရအောင်ဖမ်းပြီး အဝယ်ဒိုင်ကို ပို့ကြရပါတယ်။ အဝယ်ဒိုင်တွေမှာ စနစ်တကျလှောင်ကန်တွေပြုလုပ်ပြီး လှောင်ထားရပါတယ်။ ကျောက်ပုစွန်ဈေးနှုန်းက အရှင်ဈေးနဲ့အသေဈေးက ကွာလွန်းတော့ တစ်ခါတလေ လာရောင်းတဲ့ ကျောက်ပုစွန်တွေကို ဈေးနှုန်း မဖြတ်ရဲပါဘူး။ သိပ်ပြီးမလန်းတဲ့ အကောင်ဆိုရင် လှောင်ကန်ထဲမှာ သုံးနာရီလောက်ကြာအောင် ထည့်ထားပြီး အခြေအနေကောင်းလာမှ အရှင်ဈေး ပေးဝယ်ရပါတယ်။ ရောင်းသူလည်း မနာ၊ ဝယ်သူလည်း မနာတော့ဘူးပေါ့" ဟု ဆိုသည်။

"အခု ကျောက်ပုစွန်ရရှိမှုက တော်တော်နည်းပါးသွားပါတယ်။ ကျောက်ကပ်ပိုက်တွေနဲ့ဖမ်းရုံနဲ့ ဈေးကွက်တင်ပို့နိုင်အောင် မရတော့ပါဘူး။ ဒါကြောင့် ရေငုပ်ကျွမ်းကျင်သူတွေက ရေငုပ်ပြီး ဖမ်းယူနေကြပါတယ်။ သူတို့က သိပ်ပြီး အနက်ကြီးထဲ မငုပ်နိုင်ကြပါဘူး။ ရေထဲမှာ ကြာကြာလည်း မနေနိုင်ကြပါဘူး။ ဒါပေမယ့် အခုတော့ ခေတ်မီရေငုပ်ကိရိယာတွေသုံးပြီး ရေငုပ်ကျောက်ပုစွန်ဖမ်းတဲ့အဖွဲ့တွေ ရှိလာပါပြီ။ အပေါ်က ပိုက်နဲ့ အောက်စီဂျင်ပေးထားပြီး ရေငုပ်ကိရိယာအကူအညီနဲ့ ရေဆင်းငုပ်တဲ့ အဖွဲ့တွေပါ။ ရေအနက်ပေ ၁၀၀ အထိ ဆင်းပြီး ရေထဲမှာတစ်နာရီကျော်ကျော် အထိနေပြီး ဖမ်းနိုင်ကြပါတယ်။ လှေတစ်စင်းမှာ ရေငုပ်လုပ်သားလေးဦး ပါရှိကြပြီး၊ အဖွဲ့တစ်ဖွဲ့ကို နှစ်ဦးနဲ့ ဆင်းငုပ်ကြတာပါ"

ဖမ်းဆီးရမိသောကျောက်ပုစွန်များကို အဝယ်ဒိုင်ရှိ သိုလှောင်ကန်သို့ အမြန်ပို့ကြရသည်။ ကျောက်ပုစွန်မှာ အသက်ပြင်းသော သတ္တဝါဖြစ်ပြီး ရေနှင့်မထိဘဲ အစိုဓာတ်၊ အအေးဓာတ်ရရှိနေပါက နှစ်နာရီ မှ သုံးနာရီခန့်အထိ အသက်ရှင်နိုင်သည်။

ကျောက်ပုစွန်အဝယ်ဒိုင်များတွင် ကျောက်ပုစွန်ထိန်းသိမ်းရန် ကွန်ကရစ်လှောင်ကန်များ ပြုလုပ်ထားကြသည်။ ပြင်ကျယ်ကန်များဖြစ်ကြပြီး ရေကို ရှစ်လက်မခန့်သာ ထည့်ထားသည်။ လှောင်ကန်များကို သဘာဝ ရေစစ်ကန်၊ ဇီဝရေစစ်ကန်နှင့်ဓာတုရေစစ်ကန်ဟူ၍ အဆင့်ဆင့်ဆောက်လုပ်ထားကြရသည်။ ရေလှောင်ကန်များတွင် ကျောက်ပုစွန်များ ကျင်လည်ကျက်စားခဲ့ရာ ပင်လယ်ပြင်မှ သဘာဝရေများကိုသယ်ယူပြီး ထည့်ရသည်။ နွေရာသီတွင် အငန်ဓာတ်ပြည့်ဝသောရေကို အနီးအပါးမှ ရရှိနိုင်သော်လည်း မိုးရာသီတွင် စက်လှေများဖြင့် အဝေးမှသယ်ယူကြရသည်။ သဘာဝရေများရရှိနိုင်ရေးအတွက် ကုန်ကျစရိတ်မှာ များပြားသော်လည်း ကျောက်ပုစွန်များ လန်းဆန်းရှင်သန်နေမှသာ ဈေးကောင်းရနိုင်မည်ဖြစ်သဖြင့် ရေငန်ရေသန့်ရအောင်ဖြစ်သလို ကြိုးစားသယ်ယူရခြင်း ဖြစ်သည်။

"ကျောက်ပုစွန်တွေ သိုလှောင်ထားဖို့ ရေကအရေးကြီးတယ်ဗျ။ အနီးအနားက ရေတွေကမကြည်၊ မသန့်တော့ စက်လှေနဲ့အဝေးက သွားခပ်ယူရတယ်။ ကုန်ကျစရိတ်တော့ ရှိတာပေါ့။ ရေကိုလည်း လှောင်ကန်ထဲမှာ ကြာရှည်မထားနိုင်ဘူး။ မကြာ-မကြာ ရေလဲပေးရတယ်။ ဒီလိုလဲမပေးရင် ကန်မှာရှိတဲ့ရေတွေညစ်ညမ်းပြီး ကျောက်ပုစွန်ရှင်သန်မှုကို ထိခိုက်စေတယ်"

လှောင်ကန်အတွင်းရှိ ကျောက်ပုစွန်များ ရှင်သန်လန်းဆန်းစေရန် လှောင်ကန်များ၌ လေပေးစက်များတပ်ဆင်ကာ အောက်စီဂျင်လွှတ်ပေးထားကြရသည်။ လေယာဉ်ဖြင့်တင်ပို့လိုသောအခါ ကျောက်ပုစွန်များကို ငြိမ်သက်အိပ်မောကျအောင် (သို့မဟုတ်) မူးမေ့သွားအောင်ပြုလုပ်ပြီးမှသာ တင်ပို့ကြရသည်။ ကျောက်ပုစွန်တင်ပို့ကာနီးတွင် လှောင်ကန်ရှိရေကို သင့်တင့်မျှတသည့် အအေးဒီဂရီသို့ လျှော့ချလိုက်ပါက လန်းဆန်းလှုပ်ရှားကူးခတ်နေသည့် ကျောက်ပုစွန်များမှ တဖြည်းဖြည်း ငြိမ်သက်သွားတတ်သည်။ ထိုပုစွန်များကို တစ်ကောင်ချင်း သတင်းစာစက္ကူဖြင့် ထုပ်ပိုးပြီး ဖော့ပုံးများတွင် စီထပ်ထည့်သွင်းကာ ရန်ကုန်သို့ တင်ပို့ ရောင်းချကြသည်။

သတင်းစာစက္ကူဖြင့်ထုပ်ပိုးရာတွင် ခေါင်းကို ချန်လှပ်၍ ကိုယ်ထည်ကိုသာ မလျော့မတင်း ထုပ်ပိုးရသည်။ ကျောက်ပုစွန်များ၏ အဓိကဈေးကွက်မှာ ရန်ကုန်စားသောက်ဆိုင်ကြီးများနှင့် ဟိုတယ်ကြီးများတွင် ဈေးကြီးကြီးဖြင့် ပြုပြင်ရောင်းချကြသည်။ ကျောက်ပုစွန်၏အသားမှာ နူးညံ့ပြီး ချိုမွှေးသဖြင့် စားသုံးသူများ ကြိုက်နှစ်သက်ကြသည်။ ထို့ပြင် ရန်ကုန်မှတစ်ဆင့် နိုင်ငံခြားသို့လည်း တင်ပို့နေကြသည်။

နယ်များမှပို့သော ကျောက်ပုစွန်များကို နိုင်ငံခြားသို့ မတင်ပို့မီ ရန်ကုန်တွင်လည်း စနစ်တကျ မွေးမြူထားပြီး သင့်တော်သော အရေအတွက်ရသည့်အချိန်တွင် နိုင်ငံခြားသို့ လေယာဉ်ဖြင့်တင်ပို့ရခြင်းဖြစ်သည်။

ကျောက်ပုစွန်များကို ဈေးကွက်တွင် အရွယ်အစားနှစ်မျိုး ခွဲခြားဝယ်ယူကြသည်။ စစ်တွေတွင် ၃၀၀ ဂရမ်(၂၂ကျပ်သား)အောက် အရွယ်အစားနှင့် ယင်းအထက်အရွယ်အစားများဖြစ်ကြသည်။ သက်တံရောင်စုံ (7 Colour) ကျောက်ပုစွန်ကိုမူ အရွယ်ခွဲခြားခြင်းမပြုဘဲ ဝယ်ယူလေ့ရှိကြသည်။ ကျောက်ပုစွန်မှာ အကောင်ကြီးမျိုးဖြစ်၍ တစ်ကောင်ချင်းပင်လျှင် ၅၀ ကျပ်သားအထက်ရှိတတ်ပြီး တစ်ကောင်ချင်းဈေးနှုန်းမှာလည်း အခြားကျောက်ပုစွန်များထက် ဈေးကြီးသည်။

နိုင်ငံခြားဈေးကွက်တွင် သက်တံရောင်စုံကျောက်ပုစွန်မှာ ဈေးအမြင့်ဆုံးဖြစ်ပြီး ဒုတိယဈေးအမြင့်ဆုံး ဘမ်ပူကျောက်ပုစွန်ဖြစ်သည်။ တတိယမှာ ခေါင်းပြားကျောက်ပုစွန်ဖြစ်သည်။ ကျောက်ပုစွန်အသေများကိုမူ ဒေသခံများစားသုံးရန် အရှင်ဈေး၏ထက်ဝက်မကသောနှုန်းဖြင့် ဈေးချ၍ရောင်းပေးကြသည်။ အရှင်နှုန်းဖြင့် ဝယ်ယူထားပြီး မိမိလက်ထဲတွင် သေဆုံးသွားပါက အရှုံးနှင့်ကြုံကြရသဖြင့် ကျောက်ပုစွန်ဝယ်ယူစုဆောင်းတင်ပို့သူများ အဖို့ ဂရုစိုက်ကြရသည်။ အရင်းအနှီးကြီးပြီး မမျှော်လင့်ဘဲ ဆုံးရှုံးပါက တန်ဖိုးကြီးမြင့်စွာနစ်နာမှုရှိကြ၍ ကျောက်ပုစွန်ကုန်သွယ်လုပ်ငန်းလုပ်ကိုင်သူ နည်းပါးသည်။

## ကျောက်ပုစွန်ဈေးကွက်

"ကျွန်တော်တို့ပင်လယ်ပြင်က ဖမ်းယူရရှိတဲ့ကျောက်ပုစွန် (Lobster) တွေဟာ ဈေးကွက်ရှိနေပြီး ဖြစ်ပါတယ်။ စင်ကာပူ၊ ထိုင်ဝမ်၊ ဟောင်ကောင်နဲ့ ဂျပန်ဈေးကွက်အထိ တင်ပို့နေရပြီ ဖြစ်ပါတယ်။ လေယာဉ်ရှိရင်ရှိသလို မြိတ်ကနေ ရန်ကုန်၊ စစ်တွေကနေ ရန်ကုန်ပို့ပြီး ဂျပန်ကိုတောင် တိုက်ရိုက်ပို့နေကြပါတယ်" ဟု ကျောက်ပုစွန်ကုန်သွယ်သူတစ်ဦးက ပြောပြသည်။

**"ဒါပေမယ့် ကျောက်ပုစွန်က ရှားပါးတော့ သဘာဝမျိုးမပြုန်းတီးရေးကိုလည်း ဂရုစိုက်ကြရပါလိမ့်မယ်။ အခု ရေထဲငုပ်ပြီး စိတ်ကြိုက်ဖမ်းလာပြီဆိုတော့ စည်းစောင့်ကြရပါလိမ့်မည်။ သဘာဝမျိုးသယံဇာတမဖြုန်းတီးအောင် ထိန်းသိမ်းနိုင်မှ ရေရှည်ကောင်းမှာပါ။ ဈေးကွက်ရှိနေပြီ၊ ရသလောက်ဖမ်း၊ ရသလောက်ပို့ဆိုပြီး မချင့်ချိန်ရင်တော့ ရေရှည်မှာ ဆိုးကျိုးသာ ဖြစ်လာပါလိမ့်မယ်"** ဟု ဆက်၍ပြောသည်။

မြန်မာရေပိုင်နက်မှ ရှားပါးပြီး အဖိုးတန်သော ကျောက်ပုစွန်များ၏ ဈေးကွက်မှာ ကျယ်ပြန့်လာနေသည်ကို တွေ့မြင်ကြရပေသည်။ ကျယ်ပြန့်လာနေသော ကျောက်ပုစွန်ဈေးကွက်ရေရှည်တည်တံ့ရေးအတွက် ဖမ်းဆီးသူ၊ ရောင်းချသူများကလည်း ချင့်ချင့်ချိန်ချိန် ဆောင်ရွက်သွားကြရန် လိုအပ်ကြပေလိမ့်မည်။ ■

# ရာသီဥတုပြောင်းလဲမှု လူသားတို့စွမ်းအားဖြင့် အန်တုကာကွယ်

**ကမ္ဘာ** ပေါ်ရှိ လူသားတိုင်း သဘာဝပတ်ဝန်းကျင်နှင့် ဤကမ္ဘာမြေကြီးကို ထိခိုက်ပျက်စီးမှုမှ ကာကွယ်ရန် တာဝန်ရှိကြသည်။ သစ်တောများ အလွန်အကျွံ ခုတ်လှဲခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုအတွင်း ထုတ်လွှတ်ခြင်းစသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို နည်းပါးစေသည့် အစိမ်းရောင်စီးပွားရေးအဖြစ် ပြောင်းလဲလုပ်ကိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးပမ်းလျက်ရှိသည်။

အစိမ်းရောင်စီးပွားရေး (Green Economy) ဆိုသည်မှာ လူသားများ ရှာဖွေစားသောက်လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးယိုယွင်းမှုမရှိအောင် လုပ်ကိုင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

စာရေးသူတို့နယ်မြေကား ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း သာယာဝတီခရိုင် နတ်တလင်းမြို့၏ အရှေ့မြောက်ဘက် ၁၁ မိုင်အကွာတွင်ရှိသည့် "တောင်သူပညာပေးစခန်း"၏ တည်နေရာကျောက်ခွက်အုပ်စု ဖြစ်ပါသည်။

ကျေးရွာအုပ်စုတွင် အိမ်ထောင်စုပေါင်း ၅၀၀ ရှိသည့်အနက် ၂၀၁၈ ခုနှစ် အောက်တိုဘာမှစ၍ အိမ်ထောင်စု ၄၀၀ ကျော် လျှပ်စစ်မီးအလင်းရရှိခဲ့ပြီဖြစ်သည်။

လျှပ်စစ်ဓာတ်အားရလာသဖြင့် လျှပ်စစ်မီးမရမီက မီးဖိုချောင်သုံးထင်း၊ မီးသွေး၊ တစ်နှစ်စာအတွက် အနည်းဆုံး ကျပ်ခုနစ်သောင်းမှ ကျပ်တစ်သိန်းခွဲအထိ အကုန်အကျရှိခဲ့ရာမှ သက်သာလာခဲ့ပြီး အလျူမင်္ဂလာ၊ တရားစခန်း ခုနစ်ရက်စာ ထင်းလိုအပ်ချက်များ မပါသေးပါ။

အိမ်ထောင်စုတစ်စုသည် နွေရာသီမှာ အိမ်သုံးထင်း၊ တစ်နှစ်စာနွားလှည်းဖြင့် ၁၀ ခေါက်မက သစ်ပင်ခုတ်လှဲကြရသဖြင့် လှည်းတစ်စီးစာ လောင်စာထင်းအရွယ် အပင် ၅၀ ခုတ်ယူကြ၏။ လှည်းတစ်စီး တစ်ခေါက် အပင် ၅၀ နှုန်းဖြင့် ဆယ်ခေါက်ဆိုလျှင် သစ်ပင် ၅၀၀ ကျော် နှစ်စဉ်ခုတ်လှဲခြင်းခံနေရသည်။

ကျေးရွာတစ်အုပ်စုလုံးရှိ အိမ်ထောင်စု ၅၀၀ ကျော်နှင့်တွက်ကြည့်ပါက နှစ်စဉ် သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုပြောင်းလဲခြင်း၊ လေထုညစ်ညမ်းမှုနှင့် မြေအောက်ရေထိန်းသိမ်းမှု အားနည်းသွားခြင်း၊ တောတောင်ကိုမှီခိုနေကြရသည့် ငှက်တိရစ္ဆာန်များနှင့် တောတွင်းသားကောင်များ မူရင်းဒေသကိုစွန့်ခွာသေကြေပျက်သုဥ်းမှုဖြစ်ပေါ်လာနိုင်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေတော့သည်။

သည်အခြေအနေမှာ ကျေးရွာအုပ်စုတစ်ခုတည်း၏ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုသာဖြစ်ပြီး တစ်မြို့နယ်လုံးအတိုင်းအတာနှင့်ဆိုလျှင် တကယ့်ကို မတွေးဝံ့စရာပါပဲ။

လက်ရှိအနေအထားအရ အိမ်ထောင်စု ၅၀၀ အနက် ၄၀၀ က လျှပ်စစ်မီးရရှိကြပြီဖြစ်သဖြင့် သစ်ပင်ပေါင်း နှစ်သိန်းကျော်ကို ကယ်တင်နိုင်ခဲ့ပြီဖြစ်၍ ရာသီဥတု၊ လေထုညစ်ညမ်းမှု၊ မြေအောက်ရေထိန်းသိမ်းမှု တစ်စိတ်တစ်ဒေသ လျော့ချနိုင်လိုက်ခြင်းဖြစ်သည်။

**တောင်ညိုခြင်ပေါင်ပေါင်**

လျှပ်စစ်မီးမရသေးမီက တစ်နှစ်လျှင် ထင်း၊ မီးသွေးဖိုး အနည်းဆုံး ကျပ်ခုနစ်သောင်းမှ တစ်သိန်းခွဲအထိ ကုန်ကျခဲ့ရာမှ ယခုအခါ လျှပ်စစ်မီတာခ ကျပ်သုံးသောင်းမှ ငါးသောင်းကျော်သာ ကုန်ကျသဖြင့် ပျမ်းမျှကျပ်တစ်သိန်းခန့် သက်သာသွားသည်ဟု မှတ်ယူရပါမည်။

ထို့ကြောင့် နောင် ၁၀ နှစ်တန်သည်၊ ၁၅ နှစ်တန်သည် အချိန်ကျလျှင် မိမိရင်းနှီးထားသမျှ အရင်းကျေပြီဖြစ်သည့်အပြင် မိမိအသက်ရှင်နေသမျှသာမက နောင်မျိုးဆက်သစ်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ပြီဖြစ်သည်။

ယနေ့နိုင်ငံတော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို အလေးထားဆောင်ရွက်နေသည်။ မိမိတို့နိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီး၏ မဟာဗျူဟာလည်း ဖြစ်သည်။

ထို့ကြောင့် ကျေးရွာအုပ်စုတစ်ခုမှ တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်မှုမှသည် တစ်မြို့နယ်လုံးစုပေါင်းလိုက်လျှင် လျှပ်စစ်စွမ်းအင်၏ အကျိုးပြုမှုကို ထင်ရှားသိသာစွာ မြင်တွေ့နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သူမှန်သမျှ အိမ်တွင်းစက်မှုလက်မှုကို စိတ်ဝင်စားကြသကဲ့သို့ ထင်း၊ မီးသွေး သုံးစွဲမှုကို စွန့်လွှတ်လိုက်မည်ဆိုလျှင် သဘာဝထိခိုက်ပျက်စီးမှုသိသာစွာ လျော့ကျသွားမည်ဖြစ်သည်။

ထို့ပြင် လျှပ်စစ်စွမ်းအင်နှင့်အပြိုင် သစ်ပင်များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရန်လည်း အာရုံစိုက်ကြစေလိုပါသည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုကြောင့် ရာသီဥတုပြောင်းလဲခြင်း၊ လေထုညစ်ညမ်းမှုနှင့် မြေအောက်ရေများ လျော့မကျမသွားအောင် တိုးမြှင့်ထိန်းသိမ်းနိုင်ရေးမှာလည်း အရေးတကြီးလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ■

# ရှမ်းပြည်နယ် ကျိုင်းတုံနှင့် တာချီလိတ်တို့တွင် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး တစ်အုပ်တစ်မစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး အားပေး ဆောင်ရွက်

နေပြည်တော် မတ် ၁၄

**စိုက်** ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းသည် ညွှန်ကြားရေးမှူး ဦးသူရစိုးနှင့် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မတ် ၇ ရက်မှ ၉ ရက်အထိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။ (ပုံ)




ညွှန်ကြားရေးမှူးချုပ်က တောင်သူပညာပေးလုပ်ငန်း၊ စံပြကွက်များ ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူများ၏ လိုအပ်ချက်၊ ဈေးကွက်သေချာမှု၊ စိုက်ပျိုးထုတ်လုပ်မှု သီးနှံနှင့် ဒေသရေမြေရာသီဥတုတို့၏ လိုက်လျောညီထွေမှု အခြေအနေအရပ်ရပ်ကို ခြုံငုံသုံးသပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စမ်းသပ်ကွက်များကို စံပြကွက်များအဖြစ် တိုးမြှင့်ဆောင်ရွက်ရန်နှင့် နည်းပညာပေးလုပ်ငန်းများတွင်လည်း GAP ကဲ့သို့ လုပ်ငန်းစဉ်စနစ်နှင့် SRI ကဲ့သို့ စိုက်ပျိုးနည်းစနစ်ကို တောင်သူများ ကွဲကွဲပြားပြား သိရှိနားလည်စေရေးပညာပေးဆွေးနွေးရန် ခရိုင်/မြို့နယ်အဆင့် စိုက်ပျိုးရေးတာဝန်ရှိသူများ၊ ခြံတာဝန်ခံများအား ဆွေးနွေးမှာကြားသည်။

ကော်ဖီသီးနှံနှင့်ပတ်သက်၍ မဲခေါင်–လန်ချန်စီမံကိန်းဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဟင်းသီးဟင်းရွက်ဖွံ့ဖြိုးရေးအတွက် တာချီလိတ်ခရိုင် ပါလျှံဥယျာဉ်ခြံတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ မိုင်းဆတ်ခရိုင်အတွင်း စမ်းသပ်စိုက်ပျိုးမှု အောင်မြင်ခဲ့သည့် ပဲတီစိမ်းသီးနှံကို လာမည့်နှစ်တွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများ ထူထောင်နိုင်ရေးတွင် မြေဆီဆိုင်ရာ၊ မျိုးစေ့ဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာပညာရှင်များ၏ နည်းပညာပေးနိုင်မှု စွမ်းရည်သည် အဓိက အရေးပါသည့်အတွက် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများက အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ကွင်းများသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် မှတ်တမ်းများ ပြည့်ပြည့်စုံစုံ ထားရှိဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြင်ပပညာရှင်များနှင့် ပူးပေါင်း၍ တောင်သူအကျိုးရှိနိုင်မည့် နည်းလမ်းများ ဆန်းသစ်တီထွင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်မှာကြားသည်။

သီးနှံစိုက်ပျိုးဖြစ်ထွန်းသော ရေခံမြေခံကောင်းများရှိနေသည့် ရှမ်းပြည်နယ်တွင် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး တစ်အုပ်တစ်မစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကွင်းဆင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **MOALI ပြန်ကြားရေး**


THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION
(LOAN No. 3477-MYA): IRRIGATED AGRICULTURE INCLUSIVE DEVELOPMENT PROJECT
INVITATION FOR SUBMISSION OFEXPRESSION OF INTEREST
POSITION – INTERNATIONAL PROCUREMENT SPECIALIST (IPS)(1 Person- 6months)

The Republic of the Union of Myanmar has received a loan from the Asian Development Bank (ADB) for Irrigated Agriculture Inclusive Development project (IAIDP). The main objective of the consulting services is to assist the project in system day to day procurement of all activities of the project. Interested International consultants must prepare and submit an "Expression of Interest (EOI)" in a standard form, "Template for Expression of Interest (Individual Consultants) which can be obtained from following link;

https://www.adb.org/sites/default/files/page/82619/files/adb-tas-eio-ind.doc

ToR of IPS which can be obtained by contacting the iaidp.mm@gmail.comand CC to tintlwin4.irr@gmail.com,ukhinzaw1984@gmail.com, maungzawkpg@gmail.com, and ayemin.logistics@gmail.com.

EOI must be submitted by online to the theiaidp.mm@gmail.comand CC to tintlwin4.irr@gmail.com,ukhinzaw1984@gmail.com, maungzawkpg@gmail.com, and ayemin.logistics@gmail.com.

Deadline of EOI Submission is on 1st April 2019 at 2:00 PM ( Myanmar Standard Time). Late submission of EOI is not considerable.

# ပြည်တွင်းသီးနှံဈေးကွက်အခြေအနေ (လက်ကားဈေးနှုန်းများ) (ကျပ်)

## ရန်ကုန်-မန္တလေးဈေးကွက်

(ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဈေးနှုန်းများသည် တစ်ပိဿာပေါ်အခြေခံ၍ပြန်လည်တွက်ချက်ထားပါသည်။)

| ဆန်(အလတ်စ) | ရေတွက်ပုံ | ရန်ကုန်(ဘုရင့်နောင်ဆန်ပွဲရုံများ) ယခုအပတ် ၁၉-၃-၁၉ | ယခင်အပတ် ၁၃-၃-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ယခုအပတ် ၁၉-၃-၁၉ | ယခင်အပတ် ၁၃-၃-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန်(ရွှေဘိုပေါ်ဆန်း) (အလတ်စ) | တစ်တင်းခွဲ | ၅၀၀၀၀ | ၄၉၅၀၀ | တက် | ၄၈၀၀၀ | ၄၇၅၀၀ | တက် |
| ဆန်(ဖျာပုံပေါ်ဆန်း)(အလတ်စ) | တစ်တင်းခွဲ | ၃၈၀၀၀ | ၃၈၀၀၀ | | ၄၄၀၀၀ | ၄၃၅၀၀ | တက် |
| ဆန်(မနောသုခ)(အလတ်စ) | တစ်တင်းခွဲ | ၂၅၅၀၀ | ၂၅၀၀၀ | တက် | ၂၄၀၀၀ | ၂၅၅၀၀ | ကျ |
| ဆန်(ဧည်ယာ)(အလတ်စ) | တစ်တင်းခွဲ | ၂၀၈၀၀ | ၂၀၈၀၀ | | ၂၇၀၀၀ | ၂၆၂၅၀ | တက် |
| ဆန်(ဧည့်မထ)(အလတ်စ) | တစ်တင်းခွဲ | ၂၀၈၀၀ | ၂၀၈၀၀ | | | | |
| ဆန် (ငစိန်) (အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | ၂၄၀၀၀ | ၂၂၅၀၀ | တက် |
| ဂျုံမှုန့် | ၂၅ ပိဿာ | ၂၇၀၀၀ | ၂၈၀၀၀ | ကျ | | | |

| စားဖိုဆောင်သီးနှံများ | | ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၄၀၇၅ | ၃၉၀၀ | တက် | ၄၇၀၀ | ၄၂၅၀ | တက် |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၀၅၀ | ၃၉၀၀ | တက် | ၄၄၀၀ | ၄၂၅၀ | တက် |
| ငရုတ်ခြောက် (အပွ) | ပိဿာ | ၆၇၅၀ | ၆၇၅၀ | | ၈၀၀၀ | ၉၀၀၀ | ကျ |
| ကြက်သွန်နီ (အထူး ၄စမ) | ပိဿာ | ၆၈၈ | ၇၁၃ | ကျ | ၈၀၀ | ၇၀၀ | တက် |
| ကြက်သွန်နီ(အလတ်၃-၄စမ) | ပိဿာ | ၆၆၃ | ၇၁၃ | ကျ | ၇၅၀ | ၆၀၀ | တက် |
| ကြက်သွန်နီ (အသေး ၂စမ) | ပိဿာ | ၆၀၀ | ၆၁၃ | ကျ | ၅၅၀ | ၅၀၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၀၀၀ | ၁၀၀၀ | | ၄၀၀ | ၄၅၀ | ကျ |
| ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | ၁၉၈၈ | ၂၀၂၅ | ကျ | ၂၃၀၀ | ၂၁၅၀ | တက် |
| ကြက်သွန်ဖြူ(မြေပြန့်) | ပိဿာ | | | | ၁၀၀၀ | ၇၇၅ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၆၂၀ | ၆၂၀ | | ၆၅၀ | ၆၀၀ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၅၅၀ | ၅၅၀ | | ၅၀၀ | ၅၀၀ | |
| ချင်း | ပိသာ | ၁၈၀၀ | ၁၆၅၀ | တက် | ၁၆၀၀ | ၁၆၀၀ | |

| ဟင်းသီးဟင်းရွက်များ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ခရမ်းချဉ် (မြေပြန့်) | ပိဿာ | ၂၀၀၀၀ | ၂၀၀၀၀ | | ၇၀၀ | ၅၅၀ | တက် |
| ဂေါ်ဖီထုပ် (မြေပြန့်) | ထုပ် | ၄၀၀ | ၃၀၀ | တက် | ၃၀၀ | ၂၀၀ | ကျ |
| ပန်းမုန်လာ (မြေပြန့်) | ထုပ် | ၃၀၀ | ၃၀၀ | | | | |
| မုန်လာဥနီ (ရှမ်း) | ပိဿာ | ၁၂၀၀ | ၁၂၀၀ | | ၅၀၀ | ၈၀၀ | ကျ |
| သခွားသီး | ၁၀၀ လုံး | ၁၅၀၀၀ | ၈၀၀၀ | တက် | ၁၁၀၀၀ | ၁၀၀၀၀ | တက် |
| ငရုတ်စိ (မိုးထောင်) | ပိဿာ | ၁၀၀၀ | ၁၁၀၀ | ကျ | | | |
| ငရုတ်စိ (ပိန်) | ပိဿာ | ၃၀၀၀ | ၃၀၀၀ | | | | |
| ငရုတ်စိ (အရှည်) | | | | | ၁၁၀၀ | ၁၁၀၀ | |
| ငရုတ်စိ (လတ်) | | | | | ၁၄၀၀ | ၁၄၀၀ | |
| ငရုတ်စိ (လုံး) | | | | | ၁၈၀၀ | ၁၂၀၀ | တက် |
| စားပြောင်း | ၁၀၀ဖူး | ၁၈၀၀၀ | ၁၇၀၀၀ | တက် | ၁၂၀၀၀ | ၁၀၀၀၀ | တက် |
| ရုံးပတီသီး | ၁၀၀ တောင့် | ၁၀၀၀ | ၁၃၀၀ | ကျ | | | |
| ရုံးပတီသီး | ပိဿာ | | | | ၁၆၀၀ | ၁၅၀၀ | တက် |
| ဘူးသီး | လုံး | ၁၁၀၀ | ၉၀၀ | တက် | | | |
| ကြက်ဟင်းခါးသီး | ၁၀၀ လုံး | ၁၅၀၀၀ | | | | | |
| ဂေါ်ရခါး | ၁၀လုံး | ၁၅၀၀ | ၁၅၀၀ | | ၁၅၀၀ | ၁၂၀၀ | တက် |
| ဘိုစားပဲ | ပိဿာ | | | | ၁၈၀၀ | ၁၈၀၀ | |
| မုန်လာဥဖြူ | ၁၀လုံးစည်း | | | | ၁၉၀ | ၃၀၀ | ကျ |
| မုန်လာဥဖြူ | ပိဿာ | ၁၀၀၀ | ၁၁၀၀ | ကျ | | | |
| ရွှေဖရုံသီး | လုံး | ၁၅၀၀ | ၁၅၀၀ | | ၇၀၀ | ၇၀၀ | |

| သစ်သီးဝလံများ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငှက်ပျော (သီးမွှေး) | ဖီး | ၂၀၀၀ | ၂၀၀၀ | | ၄၀၀ | ၄၀၀ | |
| ငှက်ပျော (ဖီးကြမ်း) | ဖီး | ၁၅၀၀ | ၁၅၀၀ | | ၅၀၀ | ၅၀၀ | |
| ငှက်ပျော (ရခိုင်) | ဖီး | ၁၀၀၀ | ၁၀၀၀ | | ၅၀၀ | ၅၀၀ | |
| နာနတ်သီး | တစ်လုံး | ၈၀၀ | ၁၀၀၀ | ကျ | ၆၀၀ | ၅၅၀ | တက် |
| စတော်ဘယ်ရီ | ခြင်း | ၇၀၀ | ၆၀၀ | တက် | | | |
| စပျစ်သီး (နီညို) | ပိဿာ | ၁၇၅၀ | ၁၈၇၅ | ကျ | | | |
| လိမ္မော်သီး | ပိဿာ | ၁၈၀၀ | ၁၆၀၀ | တက် | ၂၃၀၀ | ၂၁၆၇ | ကျ |
| သခွားမွှေး | ၁လုံး | | | | ၄၀၀ | ၇၀၀ | ကျ |
| ဖရဲ | ၁လုံး | | | | ၆၀၀ | ၁၁၀၀ | ကျ |
| ထောပတ်သီး | ၁၀ လုံး | ၁၂၀၀ | ၁၂၀၀ | | ၄၃၀၀ | ၅၇၅၀ | ကျ |
| ပန်းသီး(တရုတ်) | တစ်သေတ္တာ | ၁၃၀၀၀ | ၁၃၅၀၀ | ကျ | | | |
| ပန်းသီး(တရုတ်) | ၁၀ လုံး | | | | ၂၂၀၀ | ၁၇၀၀ | တက် |

| စားသုံးဆီ | ရန်ကုန်(ညောင်ပင်လေးဈေး) | | |
|---|---|---|---|
| စားအုန်းဆီ (ကုမ္ပဏီ) | ပိဿာ | ၁၅၁၅ | တက် |
| စားအုန်းဆီ (လက်ကား) | ပိဿာ | ၁၅၉၀ | ကျ |
| မြေပဲဆီ (ရန်ကုန်-ရှယ်) | ပိဿာ | ၆၀၀၀ | |
| မြေပဲဆီ (နယ်မှလာသောဆီ) | ပိဿာ | ၅၆၀၀ | |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၃၃၀၀ | |
| နှမ်း (အကြော်ခံ) | ပိဿာ | ၆၈၀၀ | |
| နှမ်း (ရိုးရိုး) | ပိဿာ | ၅၃၀၀ | |

| မန္တလေး(ကုန်စည်ဒိုင်) | | | | |
|---|---|---|---|---|
| နံနံစေ့ | ပိဿာ | ၁၀၅၀၀ | ၁၀၅၀၀ | |
| စမုန်နက် | ပိဿာ | ၂၅၅၀ | ၂၅၅၀ | |
| ပဲဖတ် | ပိဿာ | ၁၁၆၀ | ၁၁၆၀ | |
| နှမ်းဖတ် | ပိဿာ | ၁၂၂၅ | ၁၂၂၅ | |
| **အခြားကုန်စည်ဈေးနှုန်းများ** | | | | |
| မြေပဲဆီ | ပိဿာ | ၆၀၀၀ | ၆၀၀၀ | |
| နှမ်းဆီ | ပိဿာ | ၇၂၀၀ | ၇၂၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၆၀၀ | ၁၆၀၅ | ကျ |

## ပုသိမ်ဈေးကွက်

ဆန်စက်ပိုင်များ၏ စပါးဝယ်ဈေးနှင့် ဆန်ကုန်သည်များ၏ ဆန်လက်ကားရောင်းဈေး

စပါးတစ်တင်း= ၄၆ပေါင်

| အမျိုးအမည် | ရေတွက်ပုံ | ၁၉-၃-၂၀၁၉ | တက်/ကျ | | ရေတွက်ပုံ | ၁၉-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| **စပါး (ပထမတန်းစား)** | | | | **ဆန် (ထိပ်စ)** | | | |
| ရေဝတီပေါ်ဆန်း | ၁၀၀ တင်း | ၁၀၃၃၉၀၄ | | | တစ်တင်းခွဲ | ၃၉၀၀၀ | |
| ပေါ်ဆန်းရင် | ၁၀၀ တင်း | ၉၄၆၂၈၅ | | | တစ်တင်းခွဲ | ၃၈၀၀၀ | |
| ကောက်ညှင်းဖြူ | ၁၀၀ တင်း | ၁၁၃၉၀၄၇ | | | တစ်တင်းခွဲ | ၄၅၀၀၀ | |
| ဖျာပုံပေါ်ဆန်း | ၁၀၀ တင်း | ၉၂၀၀၀၀ | | | တစ်တင်းခွဲ | ၃၇၅၀၀ | |
| **စပါး (ဒုတိယတန်းစား)** | | | | **ဆန် (အလတ်စ)** | | | |
| ရွှေသွယ်လေး | ၁၀၀ တင်း | ၇၃၆၀၀၀ | တက် | | တစ်တင်းခွဲ | ၂၉၅၀၀ | တက် |
| ရေမင်း | ၁၀၀ တင်း | ၇၃၆၀၀၀ | တက် | | တစ်တင်းခွဲ | ၂၉၅၀၀ | တက် |
| မနောသုခ | ၁၀၀ တင်း | ၆၁၁၈၀၀ | | | တစ်တင်းခွဲ | ၂၂၅၀၀ | |
| မီးကောက် | ၁၀၀ တင်း | ၅၉၈၀၀၀ | | | တစ်တင်းခွဲ | ၂၃၀၀၀ | |
| သီးထပ်ရင် | ၁၀၀ တင်း | ၅၂၄၄၀၀ | ကျ | | တစ်တင်းခွဲ | ၂၀၅၀၀ | ကျ |

| ပဲ မျိုး စုံ (၃ တင်းအိတ်) | | ယခုအပတ် ၁၉-၃-၁၉ | ယခင်အပတ် ၁၃-၃-၁၉ | တက်/ကျ |
|---|---|---|---|---|
| **ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၆၄၆၀ | ၂၅၂၄၅ | တက် |
| မတ်ပဲ (သင်္ဘောတင်) | မ တန် | ၆၈၄၀၀၀ | ၆၇၉၀၀၀ | တက် |
| ပဲတီရွှေဝါ | ၆၀ ပိဿာ | ၁၀၅၄၅၀ | ၁၀၅၉၀၀ | ကျ |
| ပဲလွမ်းဖြူ | ၆၀ ပိဿာ | ၆၁၉၅၀ | ၆၁၉၅၀ | |
| ကုလားပဲ ( လုံး/ဝါ/ကြီး) | ပိဿာ | ၁၄၁၈ | ၁၃၆၈ | တက် |
| ပဲစင်းငုံ (သင်္ဘောတင်) | မ တန် | ၇၄၃၀၀၀ | | |
| ဘိုကိတ် | ၆၀ ပိဿာ | ၅၅၅၀၀ | ၅၆၅၅၀ | ကျ |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၆၃၄၅၀ | ၆၃၄၅၀ | |
| ထောပတ်ပဲ | ၆၀ ပိဿာ | ၁၂၅၂၅၀ | ၁၃၃၀၅၀ | ကျ |
| **မန္တလေး(ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၂၄၀၀ | ၂၂၅၀၀ | ကျ |
| ဂျုံ (မုံရွာ) | ၆၀ ပိဿာ | ၅၅၀၀၀ | ၅၅၅၀၀ | ကျ |
| ဂျုံ (ရှမ်း) | ၆၀ ပိဿာ | ၅၁၀၀၀ | ၅၃၂၅၀ | ကျ |
| မတ်ပဲ (ပြည်တွင်း) | ၆၀ ပိဿာ | ၇၀၀၀၀ | ၆၇၀၀၀ | တက် |
| ပဲတီစိမ်း (ရွှေဝါ) | ၅၆ .၂၅ပိဿာ | ၁၂၂၃၃၃ | ၁၂၃၈၃၃ | ကျ |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၅၇၀၀၀ | ၅၅၅၀၀ | တက် |
| ပဲပုပ် (ရှမ်း) | ၆၀ ပိဿာ | ၆၀၅၀၀ | ၅၉၀၀၀ | တက် |
| ပဲစင်းငုံ(နီ) | ၆၀ ပိဿာ | ၈၀၀၀၀ | ၇၈၀၀၀ | တက် |
| ပဲလွမ်းဖြူ | ၆၀ ပိဿာ | ၆၉၀၀၀ | ၆၉၀၀၀ | တူ |
| ကုလားပဲ (လုံးဝါကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၈၂၀၀၀ | ၈၂၀၀၀ | တူ |
| ကုလားပဲ (လုံးဖြူကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၇၁၀၀၀ | ၇၂၅၀၀ | ကျ |
| စားတော်ပဲ (ကျွန်း) | ၅၉ .၂၅ ပိဿာ | ၈၇၃၃၃ | ၈၉၅၀၀ | ကျ |
| ပဲလွမ်းပြာ | ၃ တင်း (၅၄ ပိဿာ) | ၅၁၀၀၀ | ၅၁၀၀၀ | တူ |
| ပဲကြီး (လုံးကြီး) | ၅၅ .၂၅ ပိဿာ | ၉၇၆၆၇ | ၈၈၆၆၇ | တက် |
| ပဲယင်း | ၆၀ ပိဿာ | ၇၂၀၀၀ | ၇၂၀၀၀ | တူ |
| ထောပတ်ပဲ(လုံးကြီး) | ၅၆ .၂၅ ပိဿာ | ၁၁၆၀၀၀ | ၁၁၂၅၀၀ | တက် |
| မြေပဲဆန် (လုံးဆန်) | ၁၀၀ ပိဿာ | ၂၉၅၀၀၀ | ၂၉၃၃၃၃ | တက် |
| မြေပဲဆန် (ဆီဆန်) | ၁၀၀ ပိဿာ | ၂၇၃၃၃၃ | ၂၆၇၅၀၀ | တက် |
| ပန်းနှမ်း | ၄၅ ပိဿာ | ၆၃၇၅၀ | ၆၄၀၀၀ | ကျ |
| နေကြာ | ၂၇ ပိဿာ | ၄၅၅၀၀ | ၄၅၅၀၀ | တူ |
| နှမ်းနက် | ၄၅ ပိဿာ | ၁၈၂၅၀၀ | ၁၈၂၅၀၀ | တူ |

## ပခုက္ကူဈေးကွက်

| သီးနှံ | ရေတွက်ပုံ | ၁၉-၃-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၄၅၀၀ | |
| ဧည်ယာ | တစ်တင်းခွဲ | ၂၃၅၀၀ | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၀၆ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | | |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၃၆၅ | တက် |
| ကုလားပဲ (လုံးဝါကြီး) | ပိဿာ | ၁၄၆၃ | တက် |
| ကုလားပဲ (လုံးဖြူကြီး) | ပိဿာ | ၁၂၆၈ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆန်) | ပိဿာ | ၃၀၀၀ | |
| မြေပဲဆန် (ဆီဆန်) | ပိဿာ | ၂၈၅၀ | တက် |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၅၁၃ | |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၄၂၅ | |
| ကြက်သွန်နီ (သေး) | ပိဿာ | ၁၅၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၆၇၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၈၀၀ | တက် |

## မြင်းခြံဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၉-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်နှင့် အစေ့ထုတ်ပြောင်း** | | | |
| ပေါ်ဆန်း | တစ်တင်းခွဲ | ၄၂၅၀၀ | – |
| မနောသုခ | တစ်တင်းခွဲ | ၂၄၇၅၀ | – |
| ပြောင်း (စီပီ) | ပိဿာ | ၄၃၀ | – |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | ၁၂၂၅ | – |
| ပဲပုတ် | ပိဿာ | ၁၀၃၀ | – |
| ကုလားပဲလုံးဝါ (ကြီး) | ပိဿာ | ၁၄၀၀ | – |
| ကုလားပဲလုံးဖြူ (ကြီး) | ပိဿာ | ၁၂၅၀ | – |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၃၀၅၀ | – |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၈၀၀ | – |
| နှမ်းညို | ပိဿာ | ၃၄၀၀ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၁၅၀ | – |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၂၄၃ | ကျ |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၅၅၀ | – |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၈၅၀ | – |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၇၅၀ | – |
| နှမ်းဆီ | ပိဿာ | ၇၀၀၀ | တက် |

## မော်လမြိုင်ဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၉-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| ရော်ဘာ (RSS-3) | ၁ပေါင် | ၈၀၀ | တက် |
| **ဆန်** | | | |
| ပေါ်ဆန်း (ရွှေဘို ) | တစ်တင်းခွဲ | ၅၄၀၀၀ | |
| ပေါ်ဆန်း (ဒေသ) | တစ်တင်းခွဲ | ၃၅၀၀၀ | |
| ဧည့်မထ | တစ်တင်းခွဲ | ၁၉၅၀၀ | |
| ကောက်ကြီး (အလတ်စ) | တစ်တင်းခွဲ | ၂၉၅၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ပိဿာ | ၁၂၀၀ | |
| ပဲတီစိမ်း | ပိဿာ | ၁၃၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၁၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၇၅၀ | |
| ပုဇွန်၂ကောင်ပုံး | ၁၀ ပိဿာ | ၂၈၅၀၀ | တက် |
| အခြားတံဆိပ်ပုံးများ | ၁၀ ပိဿာ | ၁၈၃၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၀၅၀ | |
| ကြက်သွန်နီ (အလတ်) | ပိဿာ | ၄၇၅ | ကျ |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၂၀၀ | ကျ |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၂၁၀၀ | ကျ |
| အာလူး (အိုကေ) | ပိဿာ | ၆၅၀ | |
| အာလူး (အေဝမ်း) | ပိဿာ | ၆၅၀ | တက် |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ဒေသ) | ပိဿာ | ၈၀၀ | တက် |
| ပန်းဂေါ်ဖီ (မြေပြန့်) | ပွင့် | ၅၅၀ | တက် |
| ဂေါ်ဖီထုပ် (မြေပြန့်) | ၂၀ ပိဿာ | ၅၅၀၀ | တက် |
| မုန်လာဥနီ (အောင်ပန်း) | ပိဿာ | ၁၂၀၀ | |
| ချင်း | ပိဿာ | ၁၄၅၀ | |
| **သစ်သီးဝလံ** | | | |
| ဒူးရင်းသီး (ဒေသ) | လုံး | ၆၀၀၀ | |
| ဒူးရင်းသီး (ထိုင်း) | လုံး | ၁၀၀၀၀ | |

## မုံရွာမြို့ ကုန်စည်ဒိုင်

| သီးနှံ | ရေတွက်ပုံ | ၁၉-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၆၀၀၀ | တက် |
| ရေမင်း | တစ်တင်းခွဲ | ၃၇၅၀၀ | ကျ |
| အိုင်အာ – ၇၄၇ | တစ်တင်းခွဲ | ၂၄၅၀၀ | တက် |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ဒေသ) | ၂၀ ပိဿာ | ၁၇၀၀၀ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၈၀၀ | |
| နှမ်းဆီ | ပိဿာ | ၆၆၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၆၃၀ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆံ) | ပိဿာ | ၂၈၂၅ | |
| မြေပဲဆန် (ဆီဆံ) | ပိဿာ | ၂၅၇၅ | |
| နှမ်းဝါ | ၁၅ ပိဿာ | ၅၃၀၀၀ | တက် |
| နှမ်းနီ | ၁၅ ပိဿာ | ၅၃၀၀၀ | တက် |
| နှမ်းနက် | ၁၅ ပိဿာ | ၇၂၀၀၀ | |
| ပန်းနှမ်း | ၁၅ ပိဿာ | ၂၀၅၀၀ | တက် |
| မုန်ညင်းစေ့ | ၁၆ ပိဿာ | ၂၃၀၀၀ | |
| **နှံစားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ၁၈ ပိဿာ | ၇၂၀၀ | ကျ |
| ဂျုံဖြူသန့် | ၂၀ ပိဿာ | ၁၈၅၀၀ | |
| ဂျုံထွက်တိုး | ၂၀ ပိဿာ | ၁၆၈၀၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ၂၀ ပိဿာ | ၂၃၀၀၀ | |
| ပဲတီစိမ်း (ကြီး) | ၁၉ ပိဿာ | ၃၁၇၅၀ | |
| ပဲပုပ် | ၂၀ ပိဿာ | ၁၉၀၀၀ | တက် |
| ပဲစင်းငုံ (နီ) | ၂၀ ပိဿာ | ၂၇၀၀၀ | တက် |
| ကုလားပဲလုံးဝါကြီး | ၁၉ ပိဿာ | ၂၃၀၀၀ | တက် |
| ကုလားပဲလုံးဖြူကြီး | ၁၉ ပိဿာ | ၂၄၃၀၀ | ကျ |
| စားတော်ပဲ | ၂၀ ပိဿာ | ၂၈၀၀၀ | |
| ပဲလွမ်းပြာ | ၁၈ ပိဿာ | ၁၉၀၀၀ | တက် |
| ပဲကြီး | ၁၈ ပိဿာ | ၂၇၀၀၀ | ကျ |
| နံနံစေ့ | ၁၈ ပိဿာ | ၁၀၇၅၀ | |

| သကြားဈေးနှုန်း | ရန်ကုန် ၂၁-၃-၁၉ | ၁၃-၃-၁၉ | မန္တလေး ၂၁-၃-၁၉ | ၁၃-၃-၁၉ |
|---|---|---|---|---|
| သကြား(အထက်စ)ပိဿာ | ၁၂၀၀ | ၁၂၀၀ | ၁၀၃၀ | ၁၀၃၀ |
| သကြား(အလတ်စ)ပိဿာ | ၁၁၅၀ | ၁၁၅၀ | – | – |
| သကြား(အောက်စ)ပိဿာ | ၁၁၀၀ | ၁၁၀၀ | ၁၀၁၀ | ၁၀၁၀ |

## မန္တလေးဈေးကွက် ရောင်းဝယ်ဖောက်ကားမှု အခြေအနေ

မန္တလေးဈေးကွက် ပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် ပဲမျိုးစုံရောင်းဝယ်မှုအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲပုပ် (မြန်မာ/ရှမ်း)၊ ပဲကြီး၊ ထောပတ်ပဲ၊ မြေထောက်ပဲဈေးများမှာ ယခင်အပတ်ထက် အဝင်နည်းသွားခြင်း၊ အရည်အသွေးကောင်းခြင်း၊ ဈေးကွက်မျှော်လင့်ချက်ဖြင့် လှောင်သမားအနည်းငယ်ရှိခြင်းတို့ကြောင့် ဈေးမြင့်သွားပါသည်။ မြေထောက်ပဲမှာ ကသာ၊ ထီးချိုင့်၊ ကလေး၊ မုံရွာတို့မှသာဝင်ရောက်ပြီး စိုက်ဧကနည်း အထွက်နည်း၊ အဝင်နည်းခြင်း၊ ဂျပန်သို့တင်ပို့ရန် ရန်ကုန်ဝယ်လက်ရှိခြင်းကြောင့် ယခင်အပတ် ၅၄.၂၅ ပိဿာလျှင် ၈၈၆၀၀ိ/–မှ ယခုအပတ် ၉၇၆၀၀ိ/–သို့ ဈေးမြင့်လာပါသည်။ နှမ်းမျိုးစုံ (ဖြူ/ညို/နက်)မှာ အရောင်းအဝယ်အေး၍ ဈေးတည်ငြိမ်နေပါသည်။ မြေပဲ (လုံးဆန်/ဆီဆန်)မှာ မြေပဲ (လုံးဆန်နီ)မှာ တရုတ်နှစ်သစ်ကူးကာလက တရုတ်သို့ တင်ပို့မှုများခဲ့သဖြင့် လက်ကျန်နည်းခြင်း၊ အထွက်နည်းခြင်း၊ ချင်းရွှေဟော်မှ တစ်ဆင့် တရုတ်တင်ပို့ရန် ဝယ်လက်ရှိခြင်း၊ ဆီဆန်မှာလည်း မုံရွာ၊ မင်းကင်းတို့မှ ဝင်ရောက်သော်လည်း အထွက်နည်း၊ အဝင်နည်းသေးခြင်း၊ ကိုင်းကျွန်းဘက်ကလည်း မထွက်သေးခြင်း၊ ဆီစက်သမားများ အဝယ်များခြင်းတို့ကြောင့် ယခင်အပတ် လုံးဆန် ၁၀၀ ပိဿာလျှင် ၂၉၃၀၀၀ိ/–မှ ယခုအပတ် ၂၉၅၀၀ိ/– သို့ လည်းကောင်း၊ မြေပဲ (ဆီဆန်) ၁၀၀ ပိဿာလျှင် ယခင်အပတ် ၂၆၇၅၀ိ/–မှ ယခုအပတ် ၂၇၃၀၀ိ/–သို့ ဈေးမြင့်လာပါသည်။

မန္တလေးကိုင်းတန်းဈေးမှ စားဖိုဆောင်သီးနှံများ ဈေးနှုန်းကိုလေ့လာပါက ကြက်သွန်နီ (ကြီး/လတ်/ငယ်)မှာ မြင်းခြံဘက်မှ အဝင်မရှိတော့ခြင်း၊ မုံရွာဘက်မှလည်း အစိုဓာတ်ပါဝင်မှုရှိသဖြင့် မဝင်သေးခြင်း၊ မြစ်သားဘက်မှသာ ဝင်ရောက်ပြီး ပုံမှန်သီးအချွန်များနှင့်မျိုးမှားသီးအဖျားအဝိုင်း နှစ်မျိုးလုံးဝင်ရောက်မှုရှိရာ မြစ်သားပုံမှန်သီး အကြီးတစ်ပိဿာ ၈၀၀/– လတ် တစ်ပိဿာ ၇၅ဝိ/–၊ သေးတစ်ပိဿာ ၅၅ဝိ/–ဖြင့် မြို့တွင်းသုံးအပြင် မိုးမိတ်၊ မဘိန်း၊ မြစ်ကြီးနား၊ လုံးခင်း၊ ဖားကန့်၊ ရွှေတောသို့ တင်ပို့မှုရှိသဖြင့် ယခင်အပတ်ထက် ဈေးမြင့်နေကြောင်း တွေ့ရပါသည်။ ကြက်သွန်ဖြူ ဈေးနှုန်းအနေဖြင့် ကြက်သွန်ဖြူ (တရုတ်)မှာ အဝင်နည်းခြင်း၊ သုံးစွဲမှုများခြင်းကြောင့် ယခင်အပတ် ၂၁၅ဝိ/–မှ ယခုအပတ် ၂၃ဝဝိ/– သို့ ဈေးမြင့်သွားပါသည်။ ကြက်သွန်ဖြူ (မြေပြန့်)မှာ အဝင်နည်းသေးခြင်းကြောင့် ဈေးမြင့်နေပြီး၊ ကြက်သွန်ဖြူ (ရှမ်း)မှာ အသစ်မဝင်သေးသော်လည်း လက်ကျန်

အရည်အသွေးညံ့သဖြင့် အတန်းအစားအလိုက် ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်ရာ ယခင်အပတ်ထက် ဈေးနိမ့်နေပါသည်။ အာလူး(အိုကေ/အေဝမ်း/ဆွဲသီး) အနေဖြင့် ပခုက္ကူ ဗန်းမော်သီးများ မဝင်တော့ခြင်း၊ ဘန့်ဘွေး၊ ရေဦးဘက်မှ ဝင်ရောက်ခြင်း၊ အရည်အသွေး ကောင်းခြင်းတို့ကြောင့် အိုကေနှင့်ဆွဲသီးမှာ ယခင်အပတ် အိုကေတစ်ပိဿာ ၆၀ဝိ/–မှ ၆၅ဝိ/–သို့လည်းကောင်း၊ ဆွဲသီးတစ်ပိဿာ ၃၀ဝိ/–မှ ၄၀ဝိ/–သို့ ဈေးမြင့်နေပါသည်။

ငရုတ်ခြောက် (ရှည်/လတ်/ပွ)ဈေးနှုန်းအနေဖြင့် ငရုတ်ခြောက် (ရှည်)မှာ ရေဝတီတိုင်းမှ ဝင်ရောက်ခြင်း၊ တရုတ်ဝယ်လက်မှ ထွက်ရှိရာနယ်ဆင်း ဝယ်ယူမှုရှိခြင်းကြောင့် ပင်ရင်းဈေးမြင့်ကာ တစ်ပိဿာလျှင် ယခင်အပတ် ၄၂၅ဝိ/–မှ ၄၇၀ဝိ/–သို့ ဈေးမြင့်သွားပါသည်။ ငရုတ်ခြောက်(လတ်)အား ပခုက္ကူမှ ဝင်ရောက်ပြီး အဝင်နည်းသဖြင့် တစ်ပိဿာ ၄၂၅ဝိ/–မှ ၄၄၀ဝိ/–သို့လည်းကောင်း၊ ငရုတ်ခြောက် (ပွ)မှာ ရေဝတီတိုင်းမှ ပါဝင်ရောက်ပြီး၊ ဆင်ဖြူကျွန်း တစ်ပိဿာလျှင် ၈၀၀ဝိ/–၊ ရေဝတီတိုင်း တစ်ပိဿာ လျှင် ၉၅၀ဝိ/–ဖြင့် ရောင်းဝယ်နေကြပါသည်။

ဟင်းသီးဟင်းရွက်ဈေးနှုန်းများအနေဖြင့် ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခုအပတ်ကျင်းသီးများ အဝင်နည်းခြင်း၊ လားရှိုး၊ မူဆယ်သို့ တင်ပို့မှုရှိခြင်း၊ ဗမာသီးများလည်း အဝင်နည်းခြင်း၊ တိုင်ပေသီးများ အရည်အသွေး ကောင်းခြင်းကြောင့် ယခင်အပတ် တစ်ပိဿာလျှင် ၅၅ဝိ/– မှ ယခုအပတ် ၇၀ဝိ/–သို့ ဈေးမြင့်သွားပါသည်။ ပန်းဂေါ်ဖီများမှာလည်း ရာသီဥတုကြောင့် အပွင့်အလှနည်းခြင်း၊ ပန်းမုန်လာစိမ်းများလည်း အဝင်များခြင်းတို့ကြောင့် ဈေးနိမ့်သွားသည်ကို တွေ့ရပါသည်။ ဂေါ်ရခါးသီးမှာ အောင်ပန်း၊ ပြင်ဦးလွင်မှ အသီးရင့်၍ အပင်ကျချိန်ဖြစ်၍ အင်းသီးများသာ ဝင်ရောက်သဖြင့် အရည်အသွေးကောင်းပြီး ဈေးမြင့်နေပါသည်။

သစ်သီးဝလံဈေးနှုန်းအနေဖြင့် ယခုအပတ်တွင် တရုတ်သို့ တင်ပို့ရန် မူဆယ်ကားဂိတ်မှထွက်သော ၁၂ ဘီးကားစီးရေမှာ ယခင်အပတ် ၂၀၀ ခန့်ထိ ထွက်ရာမှ ယခုအပတ်တွင် ၅၀ မှ ၁၀၀ ထိသာထွက်နိုင်ပြီး ဆန်၊ သကြား၊ ပဲတီစိမ်း၊ ဖရဲ၊ သခွားတို့သာ တင်ပို့ ကြပါသည်။ ယခင်က စီးရေ ၂၀၀ တွင် ၁၀၀ ခန့်က ဖရဲ၊ သခွားတင်ဆောင်ကြသဖြင့် ယခုအခါ ထက်ဝက်ခန့်လျော့ကျသွားပြီး ဈေးကွက်အတွင်း အဝင်များခြင်း၊ ရာသီဥတုပူ၍ အလုနည်းသွားခြင်းကြောင့် ဖရဲသီးတစ်လုံး ယခင်အပတ် ၁၁၀ဝိ/–မှ ယခုအပတ် ၆၀ဝိ/–သို့ ကျဆင်းသွားပါသည်။ သခွားမွှေးမှာလည်း ရာသီဥတုကြောင့် အလုနည်း၊ အလုံးငယ်ခြင်း၊ ရွှေသခွား၊ ဖရဲသခွားများလည်း အဝင်များခြင်း၊ မြို့တွင်းလက်လီ သမားဝယ်ယူမှုသာရှိခြင်းတို့ကြောင့် ယခင်အပတ် ၇၀ဝိ/– မှ ၄၀ဝိ/–သို့ ဈေးနိမ့်သွားပါသည်။

ဆန်ဈေးနှုန်းများအနေဖြင့် ရွှေဘိုပေါ်ဆန်း အဝင်နည်းသွားခြင်း၊ မြို့တွင်းသုံးစွဲမှုများခြင်းတို့ကြောင့် ဈေးမြင့်နေပြီး ရန်ကုန်ပေါ်ဆန်း၊ ငစိန်၊ ဧည်ယာတို့မှာလည်း ရန်ကုန်မှ မန္တလေးကားခတစ်အိတ် ၁၂၀ဝိ/–မှ ၁၄၀ဝိ/– သို့ ဈေးမြင့်သွားခြင်း၊ အဝင်နည်းသွားခြင်းတို့ကြောင့် ဈေးမြင့်နေပါသည်။ မနောသုခမှာ အသစ်ဝင်ရောက်မှု ရှိသဖြင့် ယခင်အပတ်ထက် ဈေးနိမ့်သွားသည်ကို တွေ့ရပါသည်။

ခင်မေကြည် (MIS)



## CARDC တွင် ဖွင့်လှစ်သင်ကြားသော စပါးအထွက်တိုးရေး သင်တန်းသား သင်တန်းသူများ လှည်းကူးသို့ လေ့လာရေး ကွင်းဆင်း

စိုက်ပျိုးရေးဦးစီးဌာန စပါးသီးနှံဌာနခွဲက CARDC တွင် ဖွင့်လှစ်ထားသော စပါးအထွက်တိုးရေး သင်တန်းသား၊ သင်တန်းသူများသည် မတ်လ ၇ ရက်နေ့လယ်ပိုင်းက လှည်းကူးမြို့နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကွင်းဆင်းလေ့လာကြသည်။

အဆိုပါလေ့လာရေးအဖွဲ့အား လှည်းကူးမြို့နယ် ဘက်စုံ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ သနပ်ပင်ကျေးရွာရှိ နွေစပါးစံပြကွက်များ၊ စမ်းသပ်ကွက်များ၊ မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်များ၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးလုပ်ငန်းများ၊ ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များကို စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်နှင့်ဝန်ထမ်းများက ရှင်းလင်းပြသကြသည်။ ■

## သိပ္ပံနည်းကျစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) သင်တန်း လွိုင်ကော်တွင် ဖွင့်လှစ်



သိပ္ပံနည်းကျစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) သင်တန်းကို ကယားပြည်နယ် လွိုင်ကော်မြို့ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၅ ရက်နေ့လယ်ပိုင်းက ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးမျိုးခန့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်ကြည်ဝင်းနှင့်တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ မြေယာအသုံးချရေးတာဝန်ခံများ၊ မျိုးစေ့တာဝန်ခံများ၊ သီးနှံကာကွယ်ရေးတာဝန်ခံများ၊ စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြသည်။

သင်တန်းတွင် ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနနှင့် GAP စနစ်တို့ကို ရှင်းလင်းဆွေးနွေးပြီး အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သီးနှံအရည်အသွေးမြင့်မားရေး၊ လယ်ယာလုပ်သားများ၏ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို တာဝန်ရှိသူများက ဆွေးနွေးပို့ချပြီး GAP ထောက်ခံချက် လျှောက်ထားခြင်း ကိစ္စကို ရှင်းလင်းဆွေးနွေးသည်။ ■

## သီးနှံများ စိုက်ပျိုးရေးနည်းပညာဆိုင်ရာသင်တန်း ပဲခူး ၁၀ မိုင် ဘက်စုံသင်တန်းကျောင်းတွင် ဖွင့်လှစ်

သီးနှံများ စိုက်ပျိုးရေးနည်းပညာဆိုင်ရာသင်တန်း ၁/၂၀၁၉ ကို ဖေဖော်ဝါရီ ၄ ရက်မှ ၂၂ ရက်အထိ ပဲခူးတိုင်းဒေသကြီး ကော်ဖီ ရာသီသီးနှံဌာနခွဲ ၁၀ မိုင် ဘက်စုံ သင်တန်းကျောင်းတွင် ကျင်းပရာ စိုက်ပျိုးရေး ဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနများမှ စိုက်ပျိုးရေး ဝန်ထမ်း ၃၈ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် ကြံ၊ ဝါ၊ ပိုးချည်၊ ဂုန်လျှော်၊ ရော်ဘာ၊ ဆီအုန်း၊ မက္ကဒေးမီးယား၊ ကော်ဖီ၊ မှို၊ ပီလောပီနံစသည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာများ၊ သီးနှံကာကွယ်ရေး၊ ငွေစာရင်း လုပ်ငန်းနှင့် စီမံခန့်ခွဲမှု ဘာသာရပ်များကို ဆွေးနွေး ပို့ချသည်။ ■

သိန်းဇေ
စုစည်းတင်ပြသည်။

## သီးနှံကာကွယ်ရေးလုပ်ငန်းများ ထားဝယ်တွင် ဆောင်ရွက်

သီးနှံကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကြွယ်စန္ဒာနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက်နံနက်ပိုင်းက ထားဝယ်မြို့နယ်ရှိ ပိုးသတ်ဆေး အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးကြသည်။

ယင်းကဲ့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ပိုးသတ်ဆေးအရောင်းဆိုင်ပိုင်ရှင်များ၊ ပိုးသတ်ဆေးရောင်းချသူများအား ပိုးသတ်ဆေးဥပဒေများ၊ နည်းဥပဒေများ ရှင်းလင်းခြင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်များပြုလုပ်ရေး ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံတွင် တရားဝင် မှတ်ပုံတင်၍ ခွင့်ပြုထားသော ပိုးသတ်ဆေးများကိုသာ ရောင်းချခြင်း၊ ပိုးသတ်ဆေး ပမာဏကို ပိုးသတ်ဆေးပုလင်း/အထုပ်များတွင် မြန်မာစာဖြင့် ရေးသားပါရှိသော အညွှန်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများသည် လူနှင့်သက်ရှိသတ္တဝါများ၊ သဘာဝပတ်ဝန်းကျင်များကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် လိုအပ်မှသာ သုံးစွဲခြင်း၊ လျှော့ချသုံးစွဲခြင်း၊ ပိုးသတ်ဆေးဝယ်ယူသုံးစွဲသူများကို တစ်ကိုယ်ရေကာကွယ်ရေးစနစ်အဖြစ် လက်အိတ်၊ နှာခေါင်းစည်းများ တွဲဖက်ရောင်းချခြင်း၊ သီးနှံ ဖျက်ပိုးမွှားရောဂါအလိုက် ဆေးဝါးအမျိုးအစားကို ရွေးချယ်အသုံးပြုခြင်း၊ နှုန်းထားအမှန် ဖျော်စပ်အသုံးပြုခြင်း၊ ဆေးဖျန်းချိန်သတ်မှတ်ချက်စသည့်ဆောင်ရန် ရှောင်ရန်များကို ဆွေးနွေးပညာပေးကြသည်။ ■

## ဆောင်းပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်ခြင်း ကျောက်တော်တွင် လက်တွေ့ပြသ



ဆောင်းရာသီ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ခြင်း လက်တွေ့ပြပွဲကို မတ်လ ၄ ရက်နံနက်ပိုင်းက ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် သင်္ဂနက်ကျေးရွာအုပ်စုတွင် ဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်/ခရိုင်/မြို့နယ်များမှဝန်ထမ်းများ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ တက်ရောက်ကြသည်။

လက်တွေ့ပြပွဲတွင် ဒုတိယပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့်က ကျောက်တော်ဒေသသည် မိုးများသော ဒေသဖြစ်ပြီး မိုးစပါးတစ်ခုတည်းကိုသာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ သီးထပ်စိုက်ပျိုးခြင်းဖြင့် တောင်သူဝင်ငွေရရှိစေရန် မိုးစပါးအပြီး အစိုဓာတ်လုံလောက်ချိန်တွင် နိုင်ငံခြားဈေးကွက်ဝင် သက်တမ်းတို ၇၅-၈၀ ရက်သားရှိ ပဲတီရွှေဝါမျိုးများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကွင်းလက်တွေ့ပြသသည်။

ယခုနှစ်စိုက်ပျိုးထုတ်လုပ်သော ပဲတီစိမ်းများကို မျိုးအဖြစ်ထားရှိ၍ လာမည့်ဆောင်းရာသီတွင် တိုးချဲ့စိုက်ပျိုးသွားရန် မိုးစပါးအပြီး ပဲအမျိုးမျိုး စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအာဟာရတန်ဖိုး မြင့်တက်လာသဖြင့် လာမည့်မိုးစပါးလည်း အထွက်တိုးနိုင်ကြောင်း ရှင်းလင်းပြောကြားကာ ပဲတီစိမ်းစိုက်ပျိုး ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးပြီး တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်၊ မျိုးစေ့တာဝန်ခံ ဒေါ်လှသိင်္ဂီနှင့် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အောင်မြကြည်တို့က ရှင်းလင်းပြသကြသည်။ ■



## တောင်သူပညာပေးဆွေးနွေးပွဲ ဖာပွန်တွင် ကျင်းပ

တောင်သူပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်နံနက်ပိုင်းက ကရင်ပြည်နယ် ဖာပွန်မြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စိုက်ပျိုးရေး စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်ဆွေက မိမိအိမ်ခြံအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်သောငွေနှင်းမှို၊ ကောက်ရိုးမှိုစိုက်ပျိုးနည်းစနစ်များ၊ Organic ဖြစ်၍ ဘေးအန္တရာယ်ကင်းရှင်းပြီး မိသားစုဝင်ငွေတိုးစေသည့် စားဖိုဆောင်သီးနှံများကိုလည်း ရာသီအလိုက် သိပ္ပံနည်းကျ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP စနစ်ဖြင့် လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များကို ပညာပေးဆွေးနွေးသည်။

ဆက်လက်၍ မြေအသုံးချရေးတာဝန်ခံ/မျိုးစေ့တာဝန်ခံနှင့် သီးနှံကာကွယ်ရေးတာဝန်ခံတို့ကလည်း ဆွေးနွေးပညာပေးကာ စိုက်ပျိုးရေးပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေသည်။ ■

# သင့်အတွက်ကံကြမ္မာ

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

စိုးဝင်းထက်

**(၂၇-၃-၂၀၁၉) မှ (၉-၄-၂၀၁၉) ထိ**

### တနင်္ဂနွေ



အနီးအနားခရီးများသွားရမည်။ ညီအစ်ကိုမောင်နှမများထံမှ ငွေကြေးနှင့်အလုပ်အကူအညီရမည်။ မြက်၊ ကောက်ရိုးအိမ် အလုပြင်လုပ်ငန်းများ အဆင်ပြေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေသည်။ သူတော်စင်၊ စေတီပုထိုးရှိရာများသို့ ရောက်သွားမည်။

**ယတြာ။ ။ အုန်းနို့ခေါက်ဆွဲ ဒါနပြုလိုက်ပါ။**

### တနင်္လာ



နိုင်ငံခြားနှင့်ပတ်သက်သည့်ကိစ္စများ အဆင်ပြေမည်။ နေရာအနှံ့ လှည့်လည်သွားရမှုများနေမည်။ အလုပ်များကို တစ်ဆက်တည်း လုပ်နေရမည်။ မြို့ကြီးများ၌သာ အဆင်ပြေမည်။ ချစ်သူ၊ အိမ်ထောင်ဖက်စီးပွားရေးကံကောင်းမှုက မိမိကိုအကျိုးပြုမည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ ကြာဆံကြော် ဒါနပြုလိုက်ပါ။**

### အင်္ဂါ



စိတ်ထွေပြားမှုများနေမည်။ လူရှုပ်များ အရှုပ်ထုပ်များ ရောက်လာမည်။ ငွေအဝင်များနေသော်လည်း ကုန်သွားမည်။ ကန်ထရိုက်၊ ငွေစု လက်မှတ်၊ အစုရှယ်ယာကိစ္စများ အဆင်ပြေမည်။ ပုန်းရှောင်နေသူများနှင့်တွေ့မည်။ အချစ်ရေးအဆင်မပြေ၊ ကျန်းမာရေးညံ့နေသည်။

**ယတြာ။ ။ ဇီးယို လက်ဆောင်ပေးလိုက်ပါ။**

### ဗုဒ္ဓဟူး



ဆရာသမားကောင်းများထံမှ လမ်းညွှန်မှု၊ ဆက်သွယ်မှု၊ ဥစ္စာပစ္စည်းကောင်းများရမည်။ ပညာရေး၊ စာမေးပွဲ၊ အင်တာဗျူးများနှင့် ပတ်သက်ပြီး အကျိုးပေးနေသည်။ ဝေးလံဒေသမျိုးစုံသို့ သွားနေရမည်။ ကုန်ကူးသန်းမှုမှန်သမျှလည်း အဆင်ပြေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်မပြေသေးပါ။ လည်ချောင်းရောဂါဖြစ်တတ်သည်။

**ယတြာ။ ။ ရုံးပတီသီးကြော် ဒါနပြုလိုက်ပါ။**

### ကြာသပတေး



ကိစ္စဟောင်းများသာ ဖြေရှင်းနေရပြီး အလုပ်များနှောင့်နှေး ကြန့်ကြာမှုဖြစ်နေတတ်သည်။ ဆရာများထံမှ ကူညီညွှန်ပြမှုမျိုးစုံရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေမည်။ လူဟောင်းများနှင့် စီးပွားရေးလုပ်ဖြစ်မည်။ ငွေအဆင်မပြေသေးပါ။ ခေါင်းမူးတတ်သည်။

**ယတြာ။ ။ ကြက်ငှက်များကို အစာကျွေးလိုက်ပါ။**

### သောကြာ



ဥယျာဉ်ခြံမြေစိုက်ပျိုးရေး ရောင်းဝယ်ရေးကိစ္စများကြောင့် ငွေများ ရမည်။ အုပ်စုလိုက် ပျော်ရွှင်စရာခရီးများ သွားရမည်။ ငွေကြေး ရှုပ်ထွေးမှုများ ရှိနေမည်။ အချစ်ရေး အလွန်စန်းပွင့်နေမည်။ ပြောစကားမှန်သမျှ အဆင်ပြေမည်။ မိသားစုအတွင်း နွေးထွေးမှု ရှိမည်။

**ယတြာ။ ။ သစ်သီးများ လှူပေးပါ။**

### စနေ



စွန့်လွှတ်မှုများ ပြုရမည်။ အလှူကြီးပေးရမည်။ နိုင်ငံခြားနှင့်ပတ်သက်သည့်ကိစ္စများ အဆင်ပြေမည်။ ရပ်ဝေးဒေသများမှ ကောင်းကျိုးပြုမည့်သူများ ရောက်လာမည်။ ဆု၊ ချီးမြှင့်ငွေများစုမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးကြောင့် ခရီးသွားရမည်။

**ယတြာ။ ။ စာကလေးကို ဆန်ကျွေးလိုက်ပါ။**

---

အတွေးနှင့်ရသ

# လူနှင့်အကြိုက်

မောင်မြင့်အောင်

**ကျွန်တော်က ခရီးထွက်ခြင်းကို ရင်ခုန်သည်။ ခရီးထွက်ခြင်းက စိတ်ကို ပေါ့ပါးလွတ်လပ်စေပြီး စာရေးဆရာတစ်ယောက်အဖို့ လူတွေနှင့်ထိတွေ့ခွင့်ရသလို ရေးစရာအချက်အလက်တချို့လည်း ရတတ်သည်။ ယခင်ခရီးစဉ်တစ်ခုအတွက် နေရာကောင်းရရန် ကားဝင်းသို့သွားပြီး လက်မှတ်ကြိုဝယ်ရသည်။ ယခုအခါ ပြောင်းလဲလာသောနည်းပညာများကြောင့် မိမိအိမ်ကတစ်ဆင့် လက်မှတ်လှမ်းမှာနိုင်သည်။**

ကြိုတင်လက်မှတ်ကို မိမိကိုယ်တိုင် ထိုင်ခုံဇယားကိုကြည့်ပြီး ဝယ်လိုလျှင်လည်း အဆင်ပြေသည်။ မနီးမဝေးရှိ လက်မှတ်အရောင်းဆိုင်ခွဲလေးများသို့သွားကာ "ဒီနံပါတ်လိုချင်တယ်"ဟု ပြောလိုက်ရုံပင်။ သို့သော် ကားဂိတ်သို့ စောစောရောက်သွားဖို့လိုသည်။

မကြာခင်က 'တနင်္သာရီတိုင်း'သို့ စာပေကိစ္စတစ်ခုဖြင့် ကျွန်တော်သွားဖို့ ကြံသည်။ ထို့ကြောင့် အရောင်းဆိုင်ခွဲလေးသို့ သွားကာ မိမိသွားလိုသည့် ယာဉ်လိုင်း၏ထိုင်ခုံဇယားကို ဆိုင်ရှင်၏လက်ကိုင်ဖုန်းပေါ်ကကြည့်ပြီး ဒုတိယတန်းနံပါတ် ၉ ပြတင်းပေါက် ဘေးကပ်လျက်နေရာကို ယူလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ခရီးဝေးသဖြင့် အိပ်ငိုက်လို့ကောင်းသည့်အပြင် ဘေးမှမြင်ကွင်းလေးများကိုလည်း အလွယ်တကူ ဓာတ်ပုံရိုက်နိုင်သောကြောင့် ဖြစ်၏။

× × ×

သည်လိုနှင့်သွားမည့်နေ့ ကားပေါ်သို့ရောက်သွားသောအခါ လူတစ်ယောက်က ကျွန်တော့်နေရာမှာ ထိုင်နေသည်။ ထို့ကြောင့် ကျွန်တော်ဖယ်ခိုင်းသည်။ မရ။ 'သူ့နေရာ'ဟုသာ ဆိုသည်။ အမှန်မှာ သူ့နံပါတ်က '၁၀' ကျွန်တော့်ဘေးက ဖြစ်သည်။ သို့သော် သူက ကျွန်တော့်နေရာကို သူ့နေရာဟုပြောကာ ကျွန်တော့်ကို '၁၀'မှာ အတင်းထိုင်ခိုင်းနေသည်။

ထိုဖြစ်စဉ်တွင် ကျွန်တော်က ကျူးကျော်သူမဟုတ်သဖြင့် မှန်သည်။ သူက ကျူးကျော်သူဖြစ်သောကြောင့် မှားသည်။ အမှန်နှင့် အမှားအားပြိုင်ပွဲတွင် အမှန်က ကျဆုံးသွားစရာအကြောင်းမရှိပေ။ ထို့ကြောင့် ကာကွယ်ရမည်။ နောက်ဆုံးတွင် ကလေးဆန်သည်ဟုပဲဆိုဆို ထိုကိစ္စဖြေရှင်းရန် ယာဉ်လိုင်းမှ ဂိတ်မှူးကိုပင် အကူအညီတောင်းရသည်။ ထို့နောက် တာဝန်ရှိသူက ထိုင်ခုံဇယားယူလာပြီး အထောက်အထားနှင့် ရှင်းပြမှ အမှန်တရားက အောင်ပွဲခံသွားခဲ့၏။

× × ×

မြို့လေးမှာ ငါးရက်လောက်ကြာသည်။ စာကြည့်တိုက်အချို့သို့ရောက်သည်။ စာပေချစ်သူများနှင့်တွေ့သည်။ စာအုပ်အကြောင်း ပြောဖြစ်သည်။ မြို့နယ်အတွင်းက "နန်းစောရော" ဆိုသည့်ရွာလေးမှာ မြို့ခံစာရေးဆရာတစ်ယောက်နှင့် စာပေဟောပြောဖြစ်သည်။ အဆင်ပြေသည်။ ဟောပြောပွဲစင်မြင့်က ခံ့ညားသည်။ တက်ရောက်လာသည့် စာပေချစ်သူများကလည်း နှစ်ခြိုက်ကြသည်။

ပြန်မည့်ရက်တွင် မိတ်ဆွေတစ်ယောက်က ဖုန်းနှင့် လက်မှတ်မှာပြီး ဝယ်ပေးသည်။ ခုံနံပါတ်က '၁၃'ဖြစ်ပြီး ပြတင်းပေါက်ဘေးက မဟုတ်ပေ။ သို့သော် ပြဿနာမရှိ။ ဂိတ်ကကားစထွက်လာသည်အထိ ပြတင်းပေါက်ဘက်က ခရီးသည်ရောက်မလာပေ။ တချို့လက်မှတ်ဝယ်ထားပြီး လမ်းကစောင့်တက်သည်ဟု သိရသည်။

သည်လိုနှင့်ကျွန်တော်လည်း ပြတင်းပေါက်ဘက်မှာ ပြောင်းထိုင်ပြီး လိုက်လာခဲ့သည်။ တစ်နာရီသာသာလောက် မောင်းပြီးသောအခါ ကားရပ်သည်။ ခရီးသည်သုံးယောက် တက်လာသည်။ တစ်ယောက်က သူ့ခရီးဆောင်အိတ်ကို ကျွန်တော့်ဘေးချပြီး ပြောလိုက်၏။

"အဲဒီဘက်က ကျွန်တော့်နေရာ"

"ဟုတ်ပါတယ်"

ပြောပြောဆိုဆိုဖြင့် ကျွန်တော်ထလိုက်သည်။

ထို့နောက် သူ့ဆီက စကားတစ်ခွန်းထွက်ကျလာသည်။

"ထိုင်-ထိုင်၊ အဲဒီနေရာမှာပဲ ထိုင်လိုက်ပါ"

ထိုသူမှာ အသက် '၂၀'ကျော် လူငယ်လေးတစ်ယောက်ဖြစ်ပြီး အလာတုန်းက ကျူးကျော်သည့်လူမှာ '၅၀'ကျော် လူကြီးတစ်ယောက် ဖြစ်သည်။ ■

---

လက်လုပ်လက်စားသူတို့စကား

# ရည်မှန်းချက်

အိမ်ခေတ်မှူး (ရွှေ)

**"ရည်မှန်းချက်မရှိတဲ့လူက လှော်တက်မပါတဲ့လှေနဲ့တူတယ်"ဟု ပြောစကားရှိသည်။**

ရည်မှန်းချက်ဆိုတာ ကိုယ့်ရဲ့စွမ်းအားတွေကို အစွမ်းကုန်အသုံးချဖို့ အကြောင်းပြချက်တစ်ခုဖြစ်သလို ကိုယ့်ဘဝကို ထိန်းကျောင်းဖို့ သတိပေးခေါင်းလောင်းသံလည်း ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် သမိန်ထောကျေးရွာ စာပေဟောပြောပွဲသို့သွားရောက်စဉ် မြစ်ကမ်းနံဘေးတွင် တည်ထားကိုးကွယ်ကြသည့် ပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီးသို့ အပြန်ခရီးတွင် ဝင်ရောက်ဖူးမြော်သည်။ အုတ်တံတိုင်းအစပ်တွင် ငါးစာရောင်းချနေသည့် ဈေးသည်လေးထံမှ ပေါင်မုန့်ထုပ်ဝယ်ယူရင်း သိလိုတာလေးတွေ မေးမြန်းမိသည်။



"သမီးနာမည်က လှလှ။ အသက်က ၁၅ နှစ်။ ဖျာပုံမြို့ထဲမှာပဲ နေပါတယ်။ အဖေက ပင်လယ်ထဲလိုက်ပြီး ငါးဖမ်းသမားလုပ်တယ်။ အမေက ဒီဘုရားမှာ ပန်းနဲ့ရာသီပေါ်သစ်သီးရောင်းတယ်။ မောင်နှမ ငါးယောက်ရှိတယ်။ မိဘစီးပွားရေး မပြေလည်ရင် သားသမီးအကြီးဖြစ်သူက အနစ်နာခံရစမြဲပါပဲ။ ကျောင်းတက်ချင်ပေမယ့် ခြောက်တန်းအောင်တော့ ကျောင်းထွက်ခဲ့ရတယ်။ မောင်လေးနဲ့ ညီမလေးတွေကို ဆက်ထားဖြစ်တယ်။ နေ့စဉ် သမီးငါးစာသီးခြားရောင်းတဲ့အထဲက ငွေနည်းနည်းစီဖဲ့ပြီးစုပေးဖို့ အမေ့ကိုပြောမိတယ်။ သတ်မှတ်တဲ့ ငွေရရင် စက်ချုပ်သင်မယ်။ ကိုယ်ပိုင်အပ်ချုပ်လုပ်ငန်းပိုင်နိုင်အောင် ကြိုးစားမယ်။ သမီးအဖြစ်ချင်ဆုံး ကျောင်းဆရာမအလုပ်ကို ညီမလေးတွေဖြစ်လာအောင် ပံ့ပိုးပေးမယ်။ သက်စွန့်ဆံဖျားငါးဖမ်းရတဲ့ အဖေ့ကိုလည်း အလုပ်နားခိုင်းမယ်လို့ ဆုံးဖြတ်ထားတယ်။ ရေလမ်းခရီးကို ဖြတ်သန်းဖို့ လှေတစ်စင်းမှာ လှော်တက်က အခရာပဲ။ လှော်တက်မရှိရင် ဘယ်လှေမှ ကမ်းစပ်ကိုရောက်မှာမဟုတ်ဘူးလို့ အဖေက ပြောထားတယ်။ ဒါကြောင့် သမီးဆုံးဖြတ်ချက်ချထားတဲ့ ရည်မှန်းချက်ကို ဖြစ်အောင် ကြိုးစားမယ်"

သူ့စကားသံအဆုံး ပီတိပြုံးဖြင့် ခေါင်းညိတ်မိပါတော့သည်။ ■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နယ်သာလန်နိုင်ငံကိုယ်စားလှယ်အဖွဲ့အား လက်ခံ တွေ့ဆုံ

**နေပြည်တော် မတ် ၆**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၆ ရက် နေ့လယ် ၂ နာရီက နယ်သာလန်နိုင်ငံ BRAC International ၏ Executive Director ဖြစ်သူ Mr.Faruque Ahmed ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။ (ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ရာ၌ အစိုးရ၊ ပြည်သူ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ "ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်"ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ GIZ မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံတွင် ရေရှည်ခိုင်မာသော ရေသတ္တဝါမွေးမြူရေးဖွံ့ဖြိုးမှု အစီအစဉ်တွင် မွေးမြူရေးတောင်သူများအတွက် သွင်းအားစုဖူလုံစွာသုံးစွဲနိုင်ရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒ (DAP) လုပ်ထုံးလုပ်နည်းနှင့် နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒများနှင့် အညီ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေးဆိုင်ရာကိစ္စများကိုလည်းကောင်း ဆွေးနွေးကြသည်။

ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျန်းမာ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ကျေးလက်နေပြည်သူများ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်လာစေခြင်းစသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် "ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်"အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် BRAC Myanmar တို့ ပူးပေါင်း၍ စီမံကိန်းကာလသုံးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**



**ကျောဖုံး – မြေယာကဏ္ဍ မှ**

ဘာသာကွဲပြားမှု၊ ရေမြေတောတောင်သဘာဝကွာခြားမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများ လိုအပ်နေမှုများအား တန်းတူညီမျှရရှိရေး၊ နိုင်ငံတော်၏ လက်ရှိဖြစ်တည်မှုအရ လုံခြုံရေးပိုင်းဆိုင်ရာ ကန့်သတ်ချက်များနှင့် အခြေအနေအရပ်ရပ်တို့ကိုပါ ထည့်သွင်းတွက်ချက်ရမည်ဖြစ်ကြောင်း၊ မြေယာနှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းခဲ့သည့် မြေယာအသုံးချမှု၊ အသုံးပြုမှုဆိုင်ရာ ဥပဒေများကို ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိသည့် ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ကြုံတွေ့နေရသည့် မြေယာကဏ္ဍဆိုင်ရာလုပ်ငန်းစဉ်များနှင့် စိန်ခေါ်မှုများကို မိမိတို့ပညာရပ် အတွေ့အကြုံများအပေါ် အခြေခံပြီး အားသာချက်၊ အားနည်းချက်များထုတ်ဖော်၍ ရလဒ်ကောင်းများရရှိရေး ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက မြေယာကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် တိုးတက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပမှုနှင့် မျှော်မှန်းရလဒ်ထားရှိ ဆောင်ရွက်မှုများ၊ ဌာန၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

တက်ရောက်လာသူများက ဆွေးနွေးပွဲ၏ အခြေခံသဘောတရားများနှင့်လုပ်ငန်းစဉ်များ၊ မြေယာစီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာစိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များနှင့်ရလဒ်များ၊ မြေယာအသုံးချမှု၊ အသုံးပြုမှုဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့တွင် ပြင်ဆင်ရန်များ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြေယာစီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်သွားရန်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပသည်။

ယနေ့ကျင်းပသည့် မြေယာကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်တိုးတက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲသည် ဌာနတွင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဝန်ထမ်းများအကြား အယူအဆ၊ အတွေးအခေါ်၊ နားလည်မှုကွဲလွဲခြင်းများကို အပြုသဘောဖြင့် စုပေါင်းဆွေးနွေးဖော်ထုတ်၍ ညှိနှိုင်းအဖြေရှာဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ပိုမိုအားကောင်းလာစေရန် ဝန်ထမ်းများအနေဖြင့် စီမံခန့်ခွဲမှုများတွင် ဌာနနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများ၊ ဆက်စပ်လျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေများ၏ လက်ရှိထိရောက်မှုအခြေအနေများအားလုံးအတူတကွ သိရှိနားလည်မှုအားကောင်းလာစေရန်၊ ဆွေးနွေးသဘောတူညီချက်များအပေါ် အခြေခံ၍ ဦးစားပေးလုပ်ငန်းများကို ရေတို၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအဖြစ် စုပေါင်းဖော်ထုတ်သဘောတူရန်၊ ပင်မလုပ်ငန်းများနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့အစည်းများဆိုင်ရာ လုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သည့်နည်းလမ်းကို စုပေါင်းဖော်ထုတ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

## ဒီးမော့ဆိုမြို့နယ်တွင် GAP နည်းပညာပေးသင်တန်း ဖွင့်လှစ်

**ဒွေးမယ်နော် (၈၄,စိုက်ပျိုးရေး)**

**စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နည်းပညာပေးသင်တန်းကို ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါဘူးကူးကျေးရွာတွင် ဖေဖော်ဝါရီ နောက်ဆုံးပတ်က ဒီးမော့ဆိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးဆောင်ကျင်းပရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ၊ ကျေးလက်လူငယ်များ၊ ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၃၉ ဦး တက်ရောက်ကြသည်။**

သင်တန်းတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) နည်းပညာများ ဘက်စုံသီးနှံကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ ကော်ဖီပင်စိုက်ပျိုးနည်းစနစ်များ၊ အပင်နှင့်အပင်ထွက်သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းများ၊ ကောက်စိုက်စက်ဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်နည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို ရှင်းလင်းဆွေးနွေးပြီး ကောက်ရိုးမှိုစိုက်ပျိုးနည်းကို လက်တွေ့ပြသသည်။ ■



**ကျောဖုံး – ပြည်ထောင်စုဝန်ကြီး မှ**

လေးကြိမ်လှုပ်ခတ်ခဲ့မှုကြောင့် တမံအောက်ခြေအုတ်မြစ်ကျောက်သားတွင် လှုပ်ရှားမှုဖြစ်ပေါ်ခဲ့သဖြင့် တမံထိပ်မျက်နှာပြင်အပေါ်ယံအပိုင်း၌ အက်ကြောင်းဖြစ်ပေါ်ရခြင်းဖြစ်နိုင်ကြောင်း ပြည်တွင်းပြည်ပပညာရှင်များကသုံးသပ်ခဲ့ပြီး အဆိုပါပညာရှင်များ၏ အကြံပြုချက်များကိုရယူကာ ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၅၀ ရာခိုင်နှုန်းကျော်ပြီးစီးခဲ့ပြီဖြစ်၍ မိုးမကျမီလုပ်ငန်းအားလုံးပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရေလှောင်တမံ၏ ကြံ့ခိုင်မှုစောင့်ကြည့်ကာလအတွင်း ရေသိုလှောင်မှုနှင့် ရေပေးဝေမှုကို ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်သည်။ **MOALI ပြန်ကြားရေး**

## ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ပခုက္ကူတွင် ကွင်းဆင်း စစ်ဆေး

**အောင်နိုင် (ပခုက္ကူ)**

**မကွေး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် ပခုက္ကူခရိုင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ၊ ခရိုင်မြေအသုံးချတာဝန်ခံတို့ ဦးဆောင်၍ ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ပခုက္ကူမြို့နယ်အတွင်းရှိ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေး အရောင်းဆိုင် ၁၆ ဆိုင်ကို ဖေဖော်ဝါရီအတွင်းက ကွင်းဆင်း၍ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် ဥပဒေညွှန်ကြားချက်များ လိုက်နာခြင်းရှိ/မရှိ၊ မြေဩဇာအတုများ ရောင်းချမှု**




**ရှိ/မရှိ သက်တမ်းလွန် ပိုးသတ်ဆေးများ ရောင်းချမှုရှိ/မရှိ စစ်ဆေးကာ သက်တမ်းလွန်ပိုးသတ်ဆေးများကို သိမ်းဆည်းပြီး ပညာပေး ဆွေးနွေးကြသည်။** ■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တောင်နဝင်းပင်မရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုလုပ်ငန်းစဉ်များ မတ် ၃၁ ရက် အပြီးသတ်နိုင်ရေး ကွင်းဆင်း ဆောင်ရွက်



နေပြည်တော် မတ် ၈

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နေ့လယ်ပိုင်းတွင် ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းပင်မရေလှောင်တမံသို့ ရောက်ရှိကြရာ(ပုံ) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က တမံထိပ်ပြင်အပေါ်ပိုင်းရှိ အက်ကြောင်းဖြစ်ပေါ်ခဲ့မှုကို ဌာနမှအင်ဂျင်နီယာပညာရှင်များ၊ ဂျပန်နိုင်ငံ Sanyu အတိုင်ပင်ခံပညာရှင်များ၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီမှ အင်ဂျင်နီယာပညာရှင်များအသီးသီးတို့၏ ကွင်းဆင်းစစ်ဆေးခဲ့မှုများနှင့် သုံးသပ်ချက်များကိုလည်းကောင်း၊ အက်ကြောင်းအတွင်းသို့ ဓာတုဗေဒဆေးရည်ဖြစ်သည့် Fluorecent Dye ဖြည့်သွင်းပြီးနောက် ဘူမိရူပဗေဒဆိုင်ရာ နည်းပညာဖြင့် ပုံရိပ်ဖမ်းကာ အက်ကြောင်းဖြစ်ပေါ်မှုပုံစံနှင့် အတိမ်အနက်ကို တိုင်းတာစစ်ဆေးခြင်း၊ စမ်းသပ်လွန်တွင်းများတူးဖော်၍ မြေသိပ်သည်းဆစစ်ဆေးခြင်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တမံကိုယ်ထည်၏ နောက်ဘက်မှ မြေသားပိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း လုပ်ငန်းဆောင်ရွက်မှုအသေးစိတ်ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တမံထိပ်ပြင် အပေါ်ပိုင်းအက်ကြောင်းဖြစ်ပေါ်နေမှုနှင့် ပတ်သက်၍ ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မိုးရာသီမရောက်မီ အပြီးဆောင်ရွက်ရန်နှင့် မတ် ၃၁ ရက် နောက်ဆုံးထား၍ လုပ်ငန်းများ လက်စသတ်နိုင်ရေး စီမံဆောင်ရွက်ကြစေလိုကြောင်း၊ လက်ရှိ စိစစ်ချက်အရ စိုးရိမ်ဖွယ်အခြေအနေမတွေ့ရှိရသော်လည်း ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုစောင့်ကြည့်ကာလထားရှိဆောင်ရွက်ရေးအတွက် လာမည့် မိုးရာသီတွင် ရေသိုလှောင်မှုပမာဏကို ထက်ဝက်လျှော့ချသိုလှောင်ရန်နှင့် ယင်းအခြေအနေအရ ရေသောက်ဧရိယာလျှော့နည်းနိုင်မှု အခြေအနေကိုလည်း ဒေသခံတောင်သူများအား ကြိုတင်အသိပေးထားရန် လိုအပ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု လျော့ကျမသွားစေရန် နွေစပါးအစားရေအနည်းငယ်လိုသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စီမံထားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မဟာမြိုင်ဆရာတော်က ပေးပို့လှူဒါန်းသည့် တမံပြုပြင်မှုနှင့် တမံဝန်းကျင်မွမ်းမံမှုများတွင် လိုအပ်သလို အသုံးပြုနိုင်ရန် ဘိလပ်မြေအိတ် ၁၀၀၀ ကို မဟာမြိုင်ဆရာတော်ကိုယ်စား တပည့်ဆရာတော်ကပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တမံထိပ်ပြင်အပေါ်ပိုင်းရှိ အက်ကြောင်းမြေသားဖယ်ရှားခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အက်ကြောင်းအတွင်းသို့ ဘိလပ်မြေ၊ မြေဖယောင်း(Bentonite)၊ စီလီကွန်နန်းမျှင်များ (Micro Silicon Fiber)နှင့် နာနိုနည်းပညာသုံး ဓာတုဗေဒပစ္စည်းများ (Nano Grout Chemical) ရောစပ်၍ ထည့်သွင်းခြင်း ဆောင်ရွက်မှု၊ အဆိုပါလုပ်ငန်းစဉ်အတိုင်း အက်ကြောင်းတွေ့ရှိမှုပေါ်မူတည်၍ အပေါ်မြေသားဖယ်ရှားခြင်း၊ တမံ၏အောက်ခံအုတ်မြစ်အားဖြည့်ခြင်းအတွက် ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တမံကိုယ်ထည်၏ နောက်ဘက်မှမြေသားပိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းပြသသည်။

ပြည်ထောင်စုဝန်ကြီးက တမံကြံ့ခိုင်ရေးနှင့်ဒေသနေပြည်သူများ ဘေးကင်းလုံခြုံရေးကြိုးပမ်းဆောင်ရွက်နေကြသည့် နည်းတူ မလိုလားအပ်သည့် စိုးရိမ် ပူပန်မှုများမဖြစ်ပေါ်စေရေးအတွက်လည်း အခြေအနေမှန်များ ဆွေးနွေးအသိပေးခြင်းကို အချိန်နှင့်တပြေးညီ ဆောင်ရွက်ကြရန် မှာကြားသည်။

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်းပင်မရေလှောင်တမံသည် ၁၉၉၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် တမံအလျား ၁၆၆၆၇၄ ပေ၊ တမံအမြင့် ၁၄၁ ပေနှင့် ကန်ရေပြည့်ရေလှောင်ပမာဏ ၂၈၇၀၀၀ ဧကပေရှိ မြေသားတမံအမျိုးအစားဖြစ်ကာ စိစစ်ပြီး ဆည်ရေသောက်ဧရိယာ ၅၇၂၅၈ ဧကအပေါ်ရှိ မိုးစပါး၊ နွေစပါး၊ ကြံနှင့် အခြားသီးနှံများ စိုက်ပျိုးရေဖူလုံစွာရရှိရေးကို အကျိုးပြုလျက်ရှိသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် တမံထိပ်မျက်နှာပြင်အပေါ်ယံအပိုင်း၌ အက်ကြောင်းဖြစ်ပေါ်ရခြင်းအပေါ် ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့ အနီးပတ်ဝန်းကျင်ကို ဗဟိုပြု၍ မြေလျှင်

စာ – ၁၉ သို့



# မြေယာကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် တိုးတက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်တွင် ကျင်းပ

နေပြည်တော် မတ် ၈

နိုင်ငံတော်၏ မြေယာကဏ္ဍဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လက်ရှိဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ပြန်လည်လေ့လာဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်များအပေါ် အခြေခံပြီး ဌာနနှင့်သင့်လျော်မည့် ပိုမိုကောင်းမွန်သော နည်းစနစ်များ၊ လုပ်ငန်းစဉ်များကို ဦးစားပေးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအတွက် ထိရောက်မှုကို ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်ကျင်းပသည့် မြေယာကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် တိုးတက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ ဂရိတ်ဝေါဟိုတယ်တွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက နိုင်ငံ၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးစသည့် ကိစ္စရပ်များတွင် မြေယာစနစ်တည်ငြိမ်မှန်ကန်ရေးသည် အဓိကကျသည့်အတွက် သက်ဆိုင်သူတို့က မြေယာကဏ္ဍဆိုင်ရာ ဘက်ပေါင်းစုံမှ ဝိုင်းဝန်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မြေယာမူဝါဒနှင့် မြေယာဥပဒေတို့ကို ရေးဆွဲရာတွင် လူမျိုး

စာ – ၁၉ သို့

# စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာပေးသင်တန်း ကရင်ပြည်နယ်တွင် ဖွင့်လှစ်

ဘားအံ မတ် ၁၈

ကရင်ပြည်နယ်ရှိ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့် စနစ်တကျ ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ KOPIA (Korea Program on International Agriculture) ၏ အထောက်အပံ့ဖြင့် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ ရဲသူရခန်းမ၌ မတ် ၁၄ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးဝန်ထမ်း ၆၅ ဦးတို့ တက်ရောက်ကြပြီး မျိုးစေ့ထုတ်လုပ်ပုံနှင့် မိဘမျိုးစေ့ပွားများ ထုတ်လုပ်ခြင်းနှင့်၊ အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်းနည်းပညာများကို သင်ကြားပို့ချပေးပြီး မတ် ၁၆ ရက်က သင်တန်းဆင်းပွဲကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က အမှာစကားပြောကြားပြီး KOPIA အဖွဲ့မှ Program director Dr.KimDaeHo က လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။




မြတ်သဥ္ဇာလှိုင်